ရွှေပဒေသာစာပေ

# မိုးစက်ပွင့်

## ချစ်သူ အရာမမြောက်ခဲ့သော ချစ်သူ



အချစ်လုံးချင်းဝတ္ထုပြည့်

## ပုံနှိပ်မှတ်တမ်း

၂၀၁၈ ခုနှစ်၊ မတ်လ၊ ပထမအကြိမ်

**ကွန်ပျူတာစာစီ** - ခင်ပြုံးဝင်း (၀၉၂၅၀၁၄၄၇၉၇)

**ထုတ်ဝေသူ** - ဦးအေးလွင် (၀၀၄၀၅)
ရွှေပဒေသာစာပေတိုက်
အမှတ်(၃၃)၊ ကျီတော်လမ်း
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်။

**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ** - ဦးအေးလွင် (၀၀၂၄၀)
'ရွှေပဒေသာအော့ဖ်ဆက်'
အမှတ်(၃၃)၊ ကျီတော်လမ်း
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်။

**ဖြန့်ချေး** - ၁၉၀၀ ကျပ်

**အုပ်ရေ** - ၅၀၀ အုပ်

**ထုတ်ဝေသည့်စာအုပ်၊ ကတ်တလောက်အညွှန်း (CIP)**

ချစ်သူအရာ မပြောက်ခဲ့သော ချစ်သူ
မိုးစက်ပွင့်
ရွှေပဒေသာစာပေ၊ ၂၀၁၈၊ ရန်ကုန်။
၂၇၂-စာ၊ ၁၂ × ၁၈ စင်တီ။
(၁) ချစ်သူအရာ မပြောက်ခဲ့သော ချစ်သူ


# ချစ်သူအရာမပြောက်ခဲ့သော
# ချစ်သူ

## မိုးစက်ပွင့်

" "ငါနဲ့ပတ်သက်ပြီး ယှဉ်ပြိုင်ခွင့် မရှိအောင် အမြဲတမ်း ရှုံးခဲ့တဲ့ မင်းက ငါနဲ့ပြိုင်မလို့လား။ မပြိုင်ပါနဲ့ကွာ။ ဒဏ်ရာရနေပါ့မယ်။ ရှုံးလက်စနဲ့ ဆက်အရှုံးခံပြီး လက္ခဏာမင်းသား လုပ်လိုက်ပါဦး…ညီရာ" "

မင်းလိုလူ



" "မင်းက ခါချဉ်အုံကို တုတ်နဲ့ထိုးပြီး ပြေးတဲ့ကောင်။ ငါက ခါချဉ်အုံထုပ် ပြုတ်ကျတဲ့နေရာမှာ ရပ်မိတဲ့ ကောင်။ နာကျင်မှုတွေတောင် မပျောက်သေးဘူး။ နောက်ထပ် လက္ခဏာလုပ်ပါဦးတဲ့လား။ ငါက ကျွန်သာသာဘဝနဲ့ နေခဲ့ရတဲ့ကောင်ပါကွာ။ ငါ မညံ့ဘူး… မင်းလိုလူ" "

မင်းလွတ်လပ်

> ""နင်က ကြောက်ပဲ…မင်းလွတ်လပ်။ သတ္တိမရှိတဲ့ လူ။ ကိုယ်နိုင်မယ့်ပွဲမှာတောင် မပြိုင်ရဲမှတော့ သေချာ ပါတယ်။ တုံးအောက်က ဖားဘဝနဲ့ပဲ နင့်ဘဝ အဆုံးသတ်မှာ။""
>
> စန္ဒာကူး





# အခန်း (၁)

""နာမည်က ဘယ်သူ""

""စန္ဒာကူးတဲ့""

""အဟက်""

မင်းလိုလူ ဟက်ကနဲ ရယ်ပစ်လိုက်မိတော့သည်။ ကိုယ်နဲ့ ဆိုင်ကယ်ပြိုင်မောင်းဖို့ စိန်ခေါ်တာက မိန်းကလေးတဲ့။

နာမည်က စန္ဒာကူးတဲ့လေ။

မင်းလိုလူကို မိန်းကလေးမပြောနဲ့၊ ယောကျ်ားချင်းတောင် ဖို့ အတော်ကြိုးစားကြရတာ မဟုတ်လား။

ဆိုင်ကယ်စီးမှာ ချန်ပီယံ။

ချမ်းသာတဲ့သူဌေးသားဆိုတော့ သုံးနိုင်ဖြုန်းနိုင်။ ဖအေက တရားသူကြီး။ အမေက ရွှေဆိုင်ဖွင့်ထားသည်။ အဘိုးအဘွားတွေက ပြင်ဦးလွင်မှာ ဒိတ်ဒိတ်ကျဲချမ်းသာသူတွေ။

ဒါကြောင့်…

မင်းလိုလူဆိုတာ လိုတရမင်းသားလေးတစ်ပါးပါပဲ။ အခြေအရံအပေါင်းအသင်းတွေကလည်း ပေါမှပေါပါပဲ။ အခု ပြင်ဦးလွင်ရောက်တုန်း အပီကဲနေတာလေ။

"စန္ဒာကူးတဲ့…ငါနဲ့ ဆိုင်ကယ်ပြိုင်မောင်းပြီး ဘဝမကူးရင် ကံကောင်းပဲ"

"ဟာ…မင်း ကူးကူးကို လျှော့မတွက်နဲ့နော် မင်းလို…ကူးကူးကလည်း ကဲတဲ့သဲတဲ့နေရာမှာ နာမည်ကြီးပဲ။ လှတာရောစွာတာရော…မိုက်ရဲတာရောပဲ။ နာမည်ကသာ နန်းဆန်တာ၊ လူက ယောကျ်ားလေး ခပ်ဆိုးဆိုးတစ်ယောက်လို နှုတ်ကြမ်းကိုယ်ကြမ်းပဲ။ သူ့နာမည် စန္ဒာကူးဆိုတာကိုတောင် မိန်းမဆန်လို့ မကြိုက်ဘူးတဲ့။ မိုက်မိုက်လို့ ပြောင်းပစ်လိုက်ချင်တာ။ သူ့အဖေက မကြိုက်လို့သာ ငြိမ်နေတာတဲ့"

"အဲဒီလောက်တောင်လား"





"တွေ့ရင် မင်း သိမှာပါ"

"ဟုတ်ပါပြီ…တွေ့ကြသေးတာပေါ့"

"ဟော…ပြောရင်းဆိုရင်း လာပြီ"

"ဟင်"

"ဝေါ…ဝေါ"

ဘုရား…ဘုရား မိန်းကလေးတဲ့။ ဆိုင်ကယ်စီးချက်ကကြမ်းပါ့။ သူတို့ဆိုင်ကယ် ရပ်ထားတဲ့အနားရောက်တော့ ကူးကူးသည်း ဆိုင်ကယ်ကို အရှိန်သတ်ပြီး ရပ်လေသည်။

"ဟင်"

မင်းလိုလူ မျက်ခုံးနှစ်ဖက် မြင့်တက်သွားလေတော့၏။ ဆိုင်ကယ်ဦးထုပ်ကို ချွတ်လိုက်တော့ ထင်းခနဲ လင်းခနဲဖြစ်သွားတဲ့ လှပသောမျက်နှာလေးကို မင်းလိုလူ ငေးကြည့်မိသွားသည်။ ယုံတောင်မယုံစရာကောင်းလောက်အောင် လှသည်လေ။ ခေါနေသော ပြောပြတဲ့စရိုက်နဲ့ ချာတိတ်ရဲ့အလှအပ ဘယ်လိုမှမလိုက်ဖက်လိုက်တာ။

မင်းလိုလူ…

မျက်တောင်ခတ်ဖို့မေ့လောက်အောင် ကူးကူးကို ငေးနေစဉ်မှာပဲ…

"မင်းလိုလူဆိုတာ သူလား စောနေသာ"

"ဟုတ်တယ် ကူးကူး"

"အဆင်သင့်ဖြစ်ပြီလား"

"အိုကေ"

စောနေသာ လက်မထောင်လိုက်တော့ မင်းလိုလူ စောနေသာလက်ကို ဆုပ်ကိုင်ပြီး အောက်သို့နှိမ့်ချပစ်လိုက်သည်။

"ငါ မပြိုင်ချင်တော့ဘူး စောနေသာ"

"ဘာဖြစ်လို့လဲကွ"

"ဒီလောက်လှတဲ့ မိန်းကလေးတစ်ယောက်နဲ့ ပြိုင်ရမှာ ငါ လိပ်ပြာမလုံဘူး။ မတရားဘူးထင်လို့ပါ"

"ဘာ"

ကူးကူး မျက်မှောင်ကြုတ်၍ ဆင်ကြည့်ကြည့်ပစ်လိုက်သည်။ မင်းလိုလူက ပြုံးပြပေမယ့် ကူးကူးက နှုတ်ခမ်းမဲ့ခြင်းနှင့် တုံ့ပြန်ကာ...

"ဘာလဲ...မင်းက သတ္တိကြောင်တာလား"

"မဟုတ်ဘူး"

"ဒါဆို စမယ်၊ စိန်ခေါ်ပြီးရင် ဘွာမခတ်ကြေး"

"ဆောရီး...ကိုယ် ကတိဖျက်တတ်တဲ့ကောင်တော့





မဟုတ်ဘူး။ ဒါပေမဲ့ ဒီတစ်ခါတော့ ကတိဖျက်ပါရစေ"

"ကျွတ်"

"ကိုယ် မင်းနဲ့ မပြိုင်ချင်ဘူး။ သတ္တိကြောင်ပြီး အရှုံးပေးဘယ်လို့ သတ်မှတ်လိုက်ပါ"

"မရဘူး"

"ဟင်"

"တို့က ကတိမတည်တဲ့သူဆို အရမ်းမုန်းတာ။ မင်း ပြိုင်မလား၊ မပြိုင်ဘူးလား"

ဆိုင်ကယ်စီးပြိုင်ရင်း ကူးကူး တစ်ခုခုဖြစ်သွားမှာမျိုးကို မင်းလိုလူ မလိုလားပေ။ ကိုယ်နဲ့ပြိုင်လို့ဖြစ်တာမျိုးကို မလိုလားဘာမို့ ခေါင်းကို ခါယမ်းလိုက်ပြီး...

"မပြိုင်ဘူး"

"တောက်"

"တို့...သွားကြမယ် စောနေသာ"

"နေဦး"

ကူးကူး လှည့်ထွက်တော့မယ်လုပ်စဉ် မင်းလိုလူ ရှေ့ကနေ ကာရပ်လိုက်ပြီး...

"ဒီအတိုင်းလှည့်ပြန်လို့တော့ မရဘူး"

"ဘာလုပ်ပေးရမလဲ"

"ကူးကူးဆိုတာ မင်း ငဲ့ရညာရလောက်အောင် မနူန့် ကြောင်း သိအောင်ပြရမှာပေါ့"

"ဘယ်လိုပြမှာလဲ"

"ဒီလို"

"ခွပ်"

"အ"

"ခွပ်"

"ဟာ"

"………."

"ကူးကူး··မလုပ်နဲ့"

စောနေသာက ကူးကူးလက်ကို ဆွဲထားပြီး တားလေသည်။ ကူးကူးသတ္တိက ခေတာမှတ်လို့။ လာခဲ့တာကိုက တစ်ယောက်တည်းလေ။ မိန်းမ ယောကျ်ား မခွဲခြားဘဲ နိုင်လိုမင်းရလုပ်တတ်တဲ့လူမျိုးတွေနဲ့သာဆိုရင် ဒီနေရာမှာ ကူးကူး ဘာဖြစ်သွားမလဲ။

ဒါကို ကူးကူး မစဉ်းစားပေ။ လုပ်ချင်တာကို ဇွတ်လုပ်ရမှ ကျေနပ်သူမို့···

"ကျေနပ်ပြီ···သွားတော့"





"မင်း"

ကိုယ့်အသားနာသွားတော့ မင်းလိုလူ ဒေါသထွက်ပြီလေ။ နဂိုကတည်းက ဆတ်ဆတ်ထိမခံကောင်မို့ ကိုယ့်အသားနာတော့ ယောကျ်ား မိန်းမ မခွဲခြားနိုင်တော့ပါဘူး။

"ငါ့ကို ငါ့မိဘတွေတောင် အသားနာအောင် မရိုက်ဖူးဘူး။ အခု မင်းက"

"အဲဒီတော့ ဘာဖြစ်လဲ"

"ငါ့အသားနာသလို မင်းလည်း နာစေရမယ်"

"ဖျန်း"

"ဟာ···မင်းလို"

စောနေသာ တားချိန်မရလိုက်ပေ။ မင်းလိုလူက ကူးကူးပါးကို ရိုက်ပြီးတာနှင့် ဆိုင်ကယ်ပေါ်တက်ပြီး စက်နှိုးလိုက်တော့ စောနေသာလည်း ဆိုင်ကယ်ပေါ်တက်ပြီး မောင်းထွက်ခဲ့ကြတော့သည်။

အပြန်အလှန်မို့···

ကူးကူးကို တောင်းပန်ဖို့မှ မလိုတာ။

"တောက်"

ကူးကူးလည်း ပါးကို ပွတ်မိရင်းမှ ဒေါသတွေ အလိပ်လိုက်

တက်လို့ပေါ့။ ဒါကြောင့် ဆိုင်ကယ်ပေါ်သို့တက်ပြီး တရကြမ်း မောင်းလိုက်ခဲ့တော့သည်။ ကိုယ့်ပါးနာတော့ ဆိုင်ကယ်ချင်း လိုက်တိုက်မလို့ပေါ့။

သူသေသေ ကိုယ်သေသေပါပဲ။

"ဟာ…မင်းလိုလူ အရှိန်လျှော့…ဟောကောင်၊ ကူးကူး လိုက်လာတယ်။ သူ တစ်ခုခုလုပ်မယ့်ပုံပဲ"

မင်းလိုလူ ဆိုင်ကယ်ကို အရှိန်လျှော့ချလိုက်သည်။ ဘက်မှန်ထဲမှာ မြင်နေရတာ ကူးကူးဆိုင်ကယ်က အငြိုးကြီးကြီးနဲ့ တိုက်ခိုက်ဖို့ ပြေးလာတဲ့အတိုင်းပါပဲ။ ကိုယ့်ဆိုင်ကယ်ဆီ ဦးတည်လာတာမို့ ရှောင်တိမ်းဖို့ ကြိုးစားရတော့သည်သာ။

ဝင်တိုက်ရင် နှစ်ဦးနှစ်ဖက်စလုံး သက်သာဖွယ်ရာမှ မရှိတာ။ ဒါကြောင့် ဆိုင်ကယ်ကို ကမန်းကတန်း လမ်းဘေး ကပ်ပြီး ရှောင်လိုက်တော့ ရှေ့က ခပ်ဖြေးဖြေး မောင်းလာတဲ့ ဆိုင်ကယ်ကို ပွတ်ဆွဲမိပြီး…

"ခွမ်း"

"ဟာ"

"ဝုန်း"

"မင်းလိုလူ"





စောနေသာ မျက်စိတွေပြာသွားပြီး အော်လိုက်မိသည်။ ကူးကူးက ဆိုင်ကယ်ကိုရပ်ပြီး ပြန်လှည့်ကြည့်ကာ…

"အဟွန်း"

မဲ့ပြုံးပြုံးပြီးနောက် ဆက်မောင်းထွက်ခဲ့တော့သည်။

"မင်းလိုလူ"

"…………"

"ဟာကွာ…တောက်"

ဆိုင်ကယ်ပေါ်ကဆင်းပြီး စောနေသာတစ်ယောက် မင်းလိုလူဆီသို့ ပြေးခဲ့ရလေတော့သည်။

## အခန်း (၂)

ဖေဖေခေါ်တယ်ဆိုကတည်းက ကူးကူးကို ဆူတော့မယ် ဆိုတာ ကူးကူး သိပါသည်။ ဟိုကောင်…မင်းလိုလူရဲ့ အတိုး အဘွားတွေက သူတို့မြေးကို သဲသဲလှုပ်နေကြတာတဲ့။ အ မင်းလိုလူက ဆေးရုံမှာတဲ့လေ။

ဒီတော့…ဖေဖေနဲ့ လာတွေ့သည်တဲ့။ အိမ်က ထမင်းချက် ဒေါ်လေးနွယ်ပြောပြလို့ ကူးကူး အကုန်သိပြီးပြီလေ။ လုပ်ရဲရင် ခံရဲရမှာပေါ့။ ဒါကြောင့် ကူးကူး ဖေဖေနဲ့တွေ့ပြီး ဆိုဖာပေါ်မှာ မလှုပ်မယှက် ငုတ်တုတ်ထိုင်နေလို့ပါ။





"ကူးကူး"

"…………"

"နင့်အပြစ် နင် သိတယ်မဟုတ်လား"

"ဖေဖေကလည်း သူတို့စိန်ခေါ်လို့ ကူးကူး သွားတယ်။ ိုရောက်တော့ သူတို့က ကတိမတည်ဘူး။ အဲဒါကြောင့် ကူးကူး ဲ့ပြန်တာ အပြစ်လား"

"ကူးကူး"

ဦးမောင်မောင်ချိုရဲ့အသံက မာဆတ်ဆတ်မို့ ကူးကူး က်နှာလွှဲသွားပြီး ပါးစပ်က အသံတိတ် ပွစိပွစိ ပြောမိလေ သည်။ ထစ်ခနဲဆို ကူးကူးကို ဆူဖို့ပဲသိတယ်လို့ ပြောတာလေ။

"ဒါဆို နင့်မှာ အပြစ်မရှိဘူးပေါ့…ဟုတ်လား"

"ဟုတ်တယ်လေ"

"တော်စမ်း…ကူးကူး၊ မိန်းကလေး မွေးထားပြီး ွတ်လပ်ခွင့်ပေးမိတာ အလိုလိုက်မိတာကိုက ငါ မှားတာ။ တော့ အဆိပ်ပင် ရေလောင်းမိသလိုပဲ။ သမီးတစ်ကောင် နွား စ်ထောင်တဲ့။ နင်က နွားတစ်သောင်း ထိန်းရတာထက် အထိန်း ခက်တဲ့ မိန်းကလေးပဲ…ကူးကူး"

ကူးကူး နှုတ်ခမ်းကို တင်းတင်းစေ့ပြီး ငြိမ်နေလိုက်သည်

လေ။ ဒီဘက်နားကဝင် ဟိုဘက်နားကထွက်ပေါ့။

"လူဆိုတာ သူများသွန်သင်ဆုံးမလည်း နားမဝင်ရင် အလကားပဲ။ ကိုယ့်ကိုယ်ကိုယ် ပြုပြင်ထိန်းသိမ်းမှရတာ။ နင်က ဘယ်တော့ပြုပြင်မှာလဲ။ ငါကတော့ မိတဆိုးလေးဆိုပြီး အလို လိုက်ခဲ့တာ။ အလိုလိုက်လို့ အမိုက်စော်ကား ပြောစမ်းပါဦး။ ငါ နင့်ကို ပြည့်ပြည့်စုံစုံထားနေတာ၊ ဘာလိုအပ်ချက်ရှိလို့ ငါ့ကို အရှဲ့ တိုက်နေတာလဲ"

"ချမ်းသာကြွယ်ဝမှုဆိုတာ ပြည့်စုံခြင်းလား ဖေဖေ၊ ကူးကူးအတွက် တကယ်လိုအပ်ချက်ကို ဖေဖေ ဖြည့်ဆည်းပေးနိုင် ခဲ့လို့လား"

"တိတ်စမ်း…ကူးကူး"

"ကူးကူး တကယ်လိုချင်တာ ဂုဏ်ပကာသနနဲ့ ချမ်းသာ ကြွယ်ဝမှု မဟုတ်ဘူးလေ"

"တော်ပြီ…ကူးကူး၊ ဆက်မပြောနဲ့တော့။ မဖြစ်နိုင်တာကို မတောင်းဆိုနဲ့"

"မဖြစ်နိုင်တာ…ဟုတ်လား ဖေဖေ၊ ဘာလို့မဖြစ်နိုင်ရမှာ လဲ။ ဖေဖေတို့က မာနချင်းပြိုင်ဖို့ကလွဲပြီး ကူးကူးခံစားချက်ကို ထည့်တွက်မပေးကြဘူး။ ကူးကူးကို မငဲ့ကြဘူး။ ကူးကူးလိုချင်





တာ ဒီဘဝမျိုးမဟုတ်ဘူးလေ ဖေဖေ။ ကူးကူး လိုချင်တာ နွေးထွေးတဲ့ မိသားစုဘဝ"

"ဆက်မပြောနဲ့"

ဦးမောင်မောင်ချို အော်ပစ်လိုက်လေတော့သည်။ ဒီကိစ္စနဲ့ ပတ်သက်လာရင် ဦးမောင်မောင်ချို ရင်ဘတ်ထဲကဒဏ်ရာတွေက အကင်းမသေသေးပါဘူး။ တွေးမိတိုင်း ရင်ထဲမှာ တဆစ်ဆစ် နာကျင်တာမို့…

"ကိုယ့်ကို မခင်တွယ်လို့ထားခဲ့သူကို နင်က ဘာလို့ တမ်းတနေရတာလဲ ကူးကူး…သားသမီးမိသားစုထက် အလုပ်ကို အလေးထားပြီး ဦးစားပေးတဲ့ မိန်းမ၊ ထက်မြက်တဲ့ မိန်းမဆိုတဲ့ ဂုဏ်ကို မိသားစုနဲ့လဲရဲတဲ့ မိန်းမ၊ ဒီလိုမိန်းမမျိုးကို တမ်းတနေစရာ မလိုဘူး။ လက်ရှိဘဝမှာ ပျော်အောင်နေ၊ ငါ ဒါပဲပြောမယ်"

"ဖေဖေ"

ဦးမောင်မောင်ချို လက်ကာပြလိုက်ပြီး…

"အခု…နင့်ပြဿနာကို ဘယ်လိုရှင်းမလဲဆိုတာပဲပြော။ အခု ဟိုကောင်လေးက ဆေးရုံမှာ။ သူ့အဘိုးအဘွားတွေက တရားစွဲမယ်တဲ့။ နင် ဘယ်လိုလုပ်မှာလဲဆိုတာပဲပြော"

ကူးကူး မဲ့ပြုံးပြုံးလိုက်ပြီး ဆံပင်တွေကို အဓိပ္ပာယ်မဲ့

လှုပ်သွားအောင် ခါပစ်လိုက်သည်။ ပြီးမှ…

"မိဘဆိုတာ သားသမီးတွေအတွက် အန္တရာယ်မှန်သမျှ ခုတ်ထွင်ရှင်းလင်းပေးမယ့်ဓားမဟုတ်လား ဖေဖေ၊ ဖေဖေက အမေပဲ။ ဖြစ်တဲ့ပြဿနာကို ဖေဖေပဲ ရှင်း"

"ဘာ"

"ကူးကူးပြောတာ ရှင်းပါတယ်"

ဦးမောင်မောင်ချို ကူးကူးကို ခပ်စူးစူး စိုက်ကြည့်လိုက်မိသည်။ ထိုစဉ် ဦးမောင်မောင်ချိုရဲ့ဖုန်းက Ringtone မြည်လာလေတော့ ဖုန်းကိုင်လိုက်စဉ်…

"ဟယ်လို…အမိန့်ရှိပါခင်ဗျာ"

"ကိုမောင်မောင်ချို"

"ဟင်"

"ကျွန်မ နွယ်ဇင်ဝင်းပါ"

ဦးမောင်မောင်ချို နှုတ်ခမ်းက ပွင့်ဟသွားပြီး မျက်နှာက တင်းသည်ထက် တင်းသွားလေသည်။ နွယ်ဇင်ဝင်းတဲ့။ ကိုယ်နဲ့ အရင်းနှီးဆုံးကနေ အစိမ်းသက်ဆုံး သူစိမ်းဖြစ်သွားတဲ့ မိန်းမ တစ်ယောက်ပဲပေါ့။

"မင်း ငါ့ဖုန်းနံပါတ်ကို ဘယ်လိုရတာလဲ နွယ်ဇင်ဝင်း"





"ရှင် မသိလို့ပါ ကိုမောင်မောင်ချို၊ ကျွန်မ မလေးနွယ်နဲ့ အမြဲတမ်း အဆက်အသွယ်ရှိခဲ့တယ်။ ကူးကူး ရှင့်ဆီမှာရှိနေတဲ့ အတွက် ကျွန်မ မရမက ဆက်သွယ်ခဲ့ရတာ"

"သြော်…သြော်…လူကြားကောင်းအောင် အသံကျယ်ကျယ်နဲ့ ဘုရားရှိခိုးပြတတ်တယ်နော်။ မင်း ဘယ်လောက်ပဲ ကြေးစည်ကို အသံကျယ်အောင်ထုပြပြ မိခင် မပီသကြောင်းက မိန်းမောင်းထိုးပြစရာ မလိုဘူး…နွယ်ဇင်ဝင်း"

"ကျွန်မ ရှင့်ဆီကို ဖုန်းဆက်တာ ရှင်နဲ့ စကားရည်လုဖို့ မဟုတ်ဘူး ကိုမောင်မောင်ချို။ အခု ကူးကူး ပြဿနာတက်နေပြီ မဟုတ်လား။ အဲဒါကြောင့် ဆက်တာ"

"ဟုတ်တယ်…မင်း ဘာပြောချင်လို့လဲ"

"ကျွန်မ ကူးကူးကို ကျွန်မဆီခေါ်မယ် ကိုမောင်မောင်ချို"

"ဘာကွ"

ဦးမောင်မောင်ချို အသားပင် တဆတ်ဆတ်တုန်အောင် ဒေါသထွက်ရပါသည်။ သမီးကို နို့မပြတ်သေးတဲ့အရွယ်က ထားခဲ့နိုင်ပြီး အခုမှ ပြန်လိုချင်နေသတဲ့လား။

"ဟုတ်တယ်…ကူးကူးကိုဖျက်တာ ရှင်ပဲ။ ရှင် ထိန်းသိမ်းညံ့လို့ အခုလိုဖြစ်တာ"

"သြော်…မင်းက ခေါ်ပြီးပြုပြင်ချင်တယ်ပေါ့ ဒီလိုလား"

"ဟုတ်တယ်…ကျွန်မ ကူးကူးကို ခေါ်မယ်။ ပြီးရင် ယဉ်ကျေးသိမ်မွေ့တဲ့ မိန်းကလေးဖြစ်အောင် ပြုပြင်မယ်"

"ဟား…ဟား…ဟား…ဟား…အပြောချိုလှချေလား ဒေါ်နွယ်ဇင်ဝင်းရယ်။ ကိုယ့်ကိုယ်ကိုယ် ကလိထိုးပြီး ရယ်ချင်အောင် မလုပ်စမ်းပါနဲ့"

"ကျွန်မ အတည်ပြောနေတာ ကိုမောင်မောင်ချို။ ကူးကူးကို ကျွန်မဆီ လွှတ်ပေးပါ။ ကူးကူးကို ကျွန်မ ပြုပြင်ပြီးမှ ရှင့်ဆီကို ပြန်ပို့ပေးမယ်"

ဦးမောင်မောင်ချို တွေကနဲ ဖြစ်သွားလေသည်။ သူက ဒီလောက်တောင်းဆိုနေတော့လည်း စောင့်ကြည့်ရသေးတာပေါ့။ သူလည်း မိခင်တစ်ယောက်မို့ ပိုင်ခွင့်ဆိုင်ခွင့်ရှိနေတာပဲ။ စိတ်အပြောင်းအလဲမြန်တာ မဟုတ်ပါဘူး။ သူ ဘယ်လိုပြုပြင်မလဲဆိုတာကို စောင့်ကြည့်ချင်တာလေ။ ဟုတ်ရင်ဟုတ်၊ မဟုတ်လို့ကတော့ နင်းကန်ပြီး ပြောပစ်မှာ။

ကူးကူး တကယ်လိမ္မာခဲ့တယ်ဆိုရင်တော့ အတိုင်းထက်အလွန် ဝမ်းသာရမည့်သူက ကိုယ်ပါလေ။

"ကောင်းပြီလေ…ငါ ကူးကူးကို မင်းဆီလွှတ်ပေးမယ်။ အပြောနဲ့အလုပ် ညီပါစေ…နွယ်ဇင်ဝင်း"

"စိတ်ချ…ကျွန်မဆီရောက်လာရင် ကူးကူးရဲ့စိတ်တွေ ဘည်ငြိမ်လာစေရမယ်။ ကျွန်မ ရဲရဲကြီး အာမခံတယ် ကိုမောင်မောင်ချို"

"အိုကေ…ဒါဆို ငါ ဖုန်းချလိုက်တော့မယ်။ မင်းပြောစရာကျန်သေးလား"

"ဒါပါပဲ"

ပြောပြီး အရင်ဖုန်းချပစ်သူက ဒေါ်နွယ်ဇင်ဝင်းပါလေ။ ဦးမောင်မောင်ချို ကူးကူးဘက်ကို လှည့်ရပ်လိုက်တော့ ကူးကူးက သူ့ကိုကြည့်နေကာ…

"မေမေလား"

ကူးကူးက စထိုင်ကတည်းက နေရာကနေမထ။ ဦးမောင်မောင်ချိုကလည်း ကူးကူး ရောက်ကတည်းက ထရပ်နေရာကနေ အခုထိ မထိုင်သေးပေ။

"ဟုတ်တယ်"

"ဘာတဲ့လဲ"

"သမီး သူ့ဆီကို သွားရမယ်"

စကားရဲ့အဆုံးသတ်မှာ ဦးမောင်မောင်ချိုရဲ့အသံက

တုန်သွားလေသည်။ ဒီသမီးနဲ့ တစ်ပတ်ပြည့်အောင် ခွဲနေဖူးတာမှ မဟုတ်တာ။ အခုခွဲရမှာ အချိန်က အကန့်အသတ်မရှိဘူးဆိုတော့ ဟူး… ဘယ်တတ်နိုင်ပါ့မလဲလေ။





## အခန်း (၃)

မင်းလိုလူက ကူးကူးကို တရားမစွဲဘူးတဲ့။ တောင်းပန်ရင်ပဲ ကျေနပ်ပါတယ်တဲ့လေ။

ဆိုင်ကယ်တိုက်မှုအတွက် မတောင်းပန်ချင်ပေမယ့် အခြား အကြောင်းတစ်ခုအတွက်တော့ ကျေးဇူးတင်ကြောင်း ပြောဖို့ ကူးကူး ဆေးရုံသို့ ရောက်လာခဲ့သည်။

မင်းလိုလူက ဝင်တိုက်မိတဲ့ ဆိုင်ကယ်သမားကတော့ လျော်ကြေးပေးရသည်တဲ့။ အမှုမဖွင့်ဘူးတဲ့လေ။

"ဟာ…ကူးကူးပါလား"

စောနေသာက အပြုံးနှင့် ဆီးကြိုပေမယ့် ကူးကူးကတော့ ခပ်တည်တည်ပါပဲ။

"နင်…မင်းလိုကို တောင်းပန်ဖို့လာတာလား…ကူးကူး"

ကူးကူးက ခေါင်းခါလိုက်ပြီး…

"တောင်းပန်ဖို့လာတာမဟုတ်ဘူး…ကျေးဇူးတင်ကြောင်း ပြောမလို့လာတာ"

"ဘယ်လို"

စောနေသာ နားမလည်စွာနှင့် ခေါင်းကုတ်လိုက်မိကာ…

"နင်ပြောတာ ငါ နားမရှင်းဘူးဟ။ တောင်းပန်ဖို့မဟုတ်ဘူး၊ ကျေးဇူးတင်စကားပြောမလို့ဆိုတော့ တောင်းပန်တာနဲ့ ကျေးဇူးတင်တာ အဓိပ္ပာယ်ဘာကွာခြားလဲ…ကူးကူး"

"ကွာခြားတာပေါ့…ငါ နင်တို့ကို နှစ်ခါပြန်ပြီး ရှင်းမပြနိုင်ဘူး။ မင်းလိုလူဆီကို သွားရအောင်"

"အေး…သွားမယ်…လာ"

စောနေသာ ကူးကူးကိုခေါ်ပြီး မင်းလိုလူဆီသို့ လာခဲ့တော့သည်။ မင်းလိုလူဆီကို ရောက်တော့…

"မင်းလို"





"ဟင်"

"ကူးကူး လာတယ်"

"ဟာ…ကူးကူး လာတယ်"

မနက်ဖြန်ပဲ ဆေးရုံက ဆင်းရတော့မှာမို့ မင်းလိုလူ ထထိုင်လိုက်တာ ပေါ့ပါးသွက်လက်စွာ…

"တို့ကို လာတောင်းပန်တာလား"

"မဟုတ်ဘူး"

"ဟင်"

"ကျေးဇူးတင်စကား လာပြောတာပါ။ တောင်းပန်တယ်ဆိုတာ အပြစ်ရှိသူတွေလုပ်တဲ့အလုပ်။ တို့က ကိုယ့်ကိုယ်ကိုယ် အပြစ်ရှိတယ်လို့ မသတ်မှတ်လို့ မတောင်းပန်နိုင်ဘူး။ အခု မင်းလိုလူနဲ့ ပြဿနာဖြစ်လို့ တို့ကို ဖေဖေက မေမေ့ဆီ ပို့တော့မယ်။ တို့…အမျှော်လင့်ဆုံးအချိန်၊ တို့ အခိုလှုံချင်ဆုံး ရင်ခွင်ဆီ သွားရတော့မှာမို့ မင်းလိုလူကို ကျေးဇူးတင်ပါတယ်"

"ဪ"

"ကျေးဇူးတင်ပါတယ် မင်းလိုလူ"

မင်းလိုလူ မချိပြုံး ပြုံးလိုက်မိပြီး…

"ရပါတယ်၊ ဒီအဖြစ်အပျက်ကို မင်း ဖန်တီးခဲ့တာပဲ။

ကိုယ့်ကို ကျေးဇူးတင်စရာ မလိုပါဘူး"

"ဒါဆိုလည်း ကျေးဇူးမတင်ရုံပဲပေါ့"

"ကိုယ့်ကို ဘယ်လိုနေသေးလဲတောင် မမေးတော့ဘူးလား ကူးကူး"

"မေးစရာမှ မလိုတာ။ မသေလို့ ငုတ်တုတ်ထိုင်နေနိုင်တာပဲလေ။ မသေဘူးဆိုမှတော့ မေးစရာမလိုဘူးပေါ့"

"ဟား...သေမှမေးမယ့်ပုံပဲ"

"ဟုတ်တယ်...သေရင်တော့ မမေးဖြစ်တောင် ငါ့ကြောင့်ဆိုတဲ့စိတ်နဲ့ ခံစားမိမှာ အမှန်ပါပဲ"

မင်းလိုလူရော စောနေသာပါ ခေါင်းခါလိုက်မိကြသည်။ စကားပြောရတာ တော်တော်လက်ပေါက်ကတ်တဲ့ ကောင်မလေးပဲ။

"ကူးကူး"

"........."

"ကိုယ့်ကို ကျေးဇူးတင်တယ်ဆိုရင် အဲဒီကျေးဇူးကို ဘယ်လိုပြန်ဆပ်မှာလဲ"

"ပါးစပ်နဲ့ ပြောရုံလောက်ဆို လုံလောက်ပါတယ်။ နောက်ထပ် မလိုအပ်ပါဘူး။ တို့...သွားတော့မယ်"





"ကူးကူး"

ကူးကူးက လှည့်မကြည့်တော့ပေ။ လှည့်မကြည့်ဆို ကြည့်စရာမှ မလိုတော့တာလေ။

## အခန်း (၄)

သေတ္တာထဲသို့ အဝတ်တွေထည့်နေရင်းမှ ကူးကူး မေမေ ဆိုတာကို ပုံဖော်ပြီး မြင်ယောင်ကြည့်မိတော့ အဝတ်ထည့်နေတဲ့ လက်တွေက ရပ်တန့်သွားသည်လေ။

မေမေတဲ့…ဓာတ်ပုံလေးသာ မြင်ဖူးပြီး လူကိုယ်တိုင်ကို မမြင်ဖူးခဲ့တာ အခုထိပါပဲ။

ကူးကူးကို နို့တောင်မပြတ်သေးတဲ့အရွယ်မှာ မေမေက ရက်ရက်စက်စက်ထားပစ်ခဲ့တာတဲ့။

အဲ… ထားပစ်ခဲ့တာမဟုတ်ဘူး။ ဖေဖေနဲ့ ထည့်လိုက်တာ တဲ့လေ။ အိမ်က ထမင်းချက် ဒေါ်လေးနှယ်နဲ့ မေမေ ဖုန်း





အဆက်အသွယ်ရှိခဲ့ကြပေမယ့် ကူးကူး မေမေ့အကြောင်းကို တစ်ခါမှ မမေးဖြစ်ခဲ့တာသည် မေမေ့ကို စိတ်နာလို့ပါ။

ဖေဖေ ပြောပြသမျှ…

မေမေ ရက်စက်ကြောင်းတွေပါပဲ။ ဒါကြောင့် ကူးကူး မေမေ့ကို စိတ်နာခဲ့တာပေါ့။ မေမေ့မျက်နှာကို တည့်တည့်ကြည့် ပြီး ဘာကြောင့် အဲဒီလောက် ရက်စက်ခဲ့တာလဲလို့ မေးချင်တာ။

ပြီးတော့…

စိတ်နာတဲ့ကြားမှပဲ မေမေနဲ့ တွေ့ချင်သည်။ မေမေ့ရင်ခွင် ထဲမှာ ခေါင်းလေးတိုးဝှေ့နေချင်မိသည်။ တစ်ခါတစ်ခါ ဒီလိုစိတ် ဖြစ်တိုင်း မေမေနဲ့တွေ့ဖို့ ခွင့်တောင်းကြည့်မိတယ်။ ဖေဖေက ခွင့်မပြုခဲ့ပါဘူး။ စိတ်နာလိုက်၊ ဝမ်းနည်းလိုက်နှင့်ပဲ အရွယ်ရောက် လာတော့ ကူးကူးက လူဆိုးမလေးပေါ့။

ဒေါ်လေးနှယ်က…

မေမေနဲ့ ဖုန်းပြောဖို့ခေါ်တိုင်း ကူးကူး မျက်နှာထားတင်း တင်းနဲ့ ငြင်းတတ်မြဲပါ။ လူကို မတွေ့ရဘဲ အသံကြားရရုံနဲ့ ဒဏ်ရာကိုဆွတဲ့ အပ်ဖြစ်လို့ ဘာလုပ်ရမှာလဲ။ ဒေါ်လေးနှယ်က မေမေ viber ကနေ ပို့ပေးတဲ့ မေမေ့ပုံတွေပြတယ်။ မကြည့်ချင် ယောင်လျက်သားပဲလေ။

ကူးကူးဆီ ဒေါ်လေးနွယ်က…

viber ကနေ မေမေ့ပုံတွေ ပို့မှာစိုးလို့ ကူးကူး viber မသုံးခဲ့ပါဘူး။ ပြီးတော့ ကူးကူးရဲ့ဖုန်းနံပါတ် ဒေါ်လေးနွယ် မသိရပေ။ သိရင် မေမေ့ကို နံပါတ်ပေးလိုက်မှာစိုးလို့ပါ။ လူချင်းမတွေ့ရဘဲ နတ်များလို အငွေ့စားသုံးနေရမှာကို ဘာလုပ်ရမှာလဲ။

ဒေါ်လေးနွယ် ကူးကူးကို ဖုန်းဆက်ပြီး ပြောရမယ့်အခြေအနေဆိုရင် ဖေဖေ့ကို ဆက်ပြီးပြောရသည်လေ။ ဖေဖေကမှ တစ်ဆင့် ကူးကူးကို ပြောရသည်ပေါ့။

"သမီး ကူးကူး"

"……….."

"ကူးကူး"

ခေါ်သံကြောင့် ကူးကူး သတိရပြီး မော့ကြည့်လိုက်တော့ ဒေါ်လေးနွယ်ပါ။

"ဘာတွေတွေးပြီး ငိုင်နေတာလဲ ကူးကူးရဲ့။ အဝတ်တွေ ထည့်လို့ပြီးပြီလား။ ဒေါ်လေးနွယ် ကူထည့်ရမလား"

"ရတယ် ဒေါ်လေးနွယ်…ပြီးတော့မှာပါ"

"ကူးကူး"

"ပြောပါ ဒေါ်လေးနွယ်"





"ဟိုရောက်ရင် မေမေ့ကို ဒီမှာ ဖေဖေ့ကို ထော်လော်ကန့်နဲ့လုပ်သလို မလုပ်ရဘူးနော်…ကလေး။ တကယ်တော့ ကလေးရဲ့မေမေလည်း သနားဖို့ကောင်းပါတယ်ကွယ်။ သူလည်း သူ့အကြောင်းနဲ့သူမို့ပါ။ ဘာပဲဖြစ်ဖြစ် မိဘက မိဘပဲမဟုတ်ဘူး"

ကူးကူး အဝတ်ထည့်တာ လက်စသတ်ပြီး သေတ္တာကို ခဲ့ပိတ်လိုက်ရင်း…

"သင်ကောင်းလျှင် ကျွန်ုပ် မဆိုးပါပေ့ ဒေါ်လေးနွယ်"

"ဟော…ကြည့်"

"ဟုတ်တယ်လေ…ဖေဖေရော မေမေရော ကူးကူး ခံစားချက်ကို နားလည်ကြလို့လား။ ကူးကူးကို ငဲ့ခဲ့ကြလို့လား"

"ဒါကတော့ ကလေးရယ်…သူတို့နှစ်ယောက်က ခံယူချက်တွေ၊ အယူအဆတွေမတူလို့ ကွဲခဲ့ကွာခဲ့ကြတာပါ။ သူတို့ခွဲခြားနေရာမှာ ဘယ်လိုပဲမတူပါစေ ကလေးအပေါ်ချစ်တဲ့အချစ်ကတော့ အတူတူပါပဲကွယ်"

ကူးကူး မဲ့ပြုံးပြုံးလိုက်မိသည်။ မဲ့ပြုံးတွေ ခဏခဏ ပြုံးလွန်းလို့ ကြာရင် မျက်နှာပေါ်က အစိတ်အပိုင်းတွေ ရွဲ့စောင်းနေမလား မပြောတတ်တော့ပါဘူး။

"ချစ်တာတူသလို အတ္တကြီးကြတာချင်းလည်း အတူတူပဲ မဟုတ်လား ဒေါ်လေးနွယ်"

"ဟုတ်တယ်…ချစ်တာတူမတူတော့ ဖေဖေ မသိဘူး။ အတ္တကြီးတာချင်းတော့ တူတယ်။ ဒါပေမဲ့ ဖေဖေ အတ္တကြီးခဲ့တာက သမီးအတွက်ပဲ သမီး"

"သမီးအတွက် ဟုတ်လား…ဖေဖေ"

"မောင်ချို"

ဦးမောင်မောင်ချိုက တံခါးဖွင့်ထားတဲ့ အခန်းဝကနေ လှမ်းပြောပြီး အခန်းထဲကို မဝင်ပေ။ သမီးမိန်းကလေးအခန်းကို အဖေက ဝင်စရာမဟုတ်ဘူးလေ။ အခုက အခန်းရှေ့ကနေ ဖြတ်သွားရင်း တံခါးပွင့်နေလို့ လှမ်းပြောဖြစ်ခြင်းပါ။

သမီးပြောတာကို ကြားလိုက်ရတာကိုး။ ကူးကူးကလည်း ပြန်မေးလိုက်တာ မဆိုင်းမတွပါ။

"ဟုတ်တယ်…ဖေဖေက သမီးအတွက် အတ္တကြီးခဲ့တာ သမီးအမေက ဆရာဝန်ဆိုတဲ့ဂုဏ်ပုဒ်ကို အရောင်မပျက်ဘဲ အမြဲတမ်း သစ်လွင်နေဖို့အတွက် တာဝန်တာဝန်တွေနဲ့ လူနာတွေ အတွက်ပဲ အချိန်ပိုပေးခဲ့တာ။ သမီးကျတော့ နို့အချိန်မှန် မစို့ရ ဘူး။ မိခင်ရင်ခွင်ထဲမှာ နွေးနွေးထွေးထွေး အိပ်ရမယ့်အစား





…လေးထိန်းလက်ထဲမှာ နွေးထွေးရတယ်။ ပုခက်ထဲမှာ ပုခက်ရဲ့ …ငွေ့အသက်နဲ့ နွေးထွေးခဲ့ရတယ်"

ကူးကူး ခေါင်းငုံ့ပြီး နားထောင်နေရာမှ ခေါင်းကို …တ်ကနဲ ပြန်မော့ကာ…

"တော်ပါတော့ ဖေဖေ…ဆက်မပြောပါနဲ့တော့"

"ဖေဖေက သမီး သိထားသင့်တယ်ထင်လို့ ပြောပြ …ာပါ"

"အဲဒီတော့ ချစ်တာကို ချိန်ခွင်နဲ့ထည့်ဆက်ပြီး ဖေဖေ့ဘက် …ဲ တုံ့ပြန်မေတ္တာတွေ အလေးသာပေးရမှာလား ဖေဖေ"

ဦးမောင်မောင်ချို ခေါင်းခါလိုက်ပြီး…

"ရင်ထဲက သူ့အလိုလို ပေါက်ဖွားလာတဲ့ မေတ္တာတရားကို …ယ်ဘက်အလေးသာပါလို့ ဖေဖေ ပြောနေတာမဟုတ်ဘူး …မီး။ သမီး မသိသေးတဲ့ အတိတ်ကပုံရိပ်တွေကို သမီး သိသင့် …သင်လို့ ခပ်ရေးရေး ဆွဲပြရုံပါ"

"ဖေဖေ ဘာရည်ရွယ်ချက်နဲ့ ပြောပြတာလဲ"

ဦးမောင်မောင်ချို တွေကနဲဖြစ်သွားပြီး ချက်ချင်း ပြန်မဖြေ …တော့ပေ။ သမီးက ကတ်ဖိုးကတ်ဖဲ့ မေးတတ်ပြောတတ်မှန်း …ပေမယ့် ဒီလိုမေးမယ်လို့တော့ ထင်မထားမိတာ အမှန်ပါပဲ။

ဟုတ်တယ်။ ဒီစကားတွေကို ကိုယ် ဘာကြောင့် ပြောနေမိပါလိမ့်။

သမီး သူ့အမေကို အကောင်းမြင်ပြီး ပိုချစ်သွားမှာစိုးလို့ ပြောမိတာထင်ပါရဲ့။ ဒါလည်း အတ္တပါပဲ။ ဒီအတ္တက မှားတယ်ဆိုရင် သမီးကို ချစ်တဲ့စိတ်နဲ့ ထပ်မှားပါရစေတော့။ သူ့အမေကို သမီးက ပိုချစ်ပြီး ကိုယ့်ဆီပြန်မလာတော့ဘူးဆိုရင် ဘယ်လိုလုပ်မလဲ။

"ဖေဖေ မဖြေနိုင်တော့ဘူးမဟုတ်လား။ မဖြေပါနဲ့… မွှုမ္ဘတာတာပေါ့ ဖေဖေ"

"သမီး"

"စိတ်ချ ဖေဖေ၊ ဖေဖေ့ဆီကို ကူးကူး ပြန်လာမှာပါ။ ကိုယ့်ရဲ့စိတ်ချမ်းသာမှုတစ်ခုအတွက်ပဲ ကြည့်ပြီး ကူးကူး ဖေဖေ့ရင်ခကို စွန့်ခွာထွက်မသွားပါဘူး။ ဖေဖေနဲ့မေမေ ကိုယ်စီကိုယ်ငှ အတ္တကြီးကြပေမယ့် ကူးကူးက အတ္တမကြီးဘူး…ဖေဖေ"

"ကိုယ့်မိဘတွေကို အဲဒီလိုမပြောရဘူးလေ ကလေးရဲ့"

ဒေါ်လေးနွယ်က ဦးမောင်မောင်ချိုကို အားနာသွားလေသည်။ စိတ်ထဲမှာလည်း တော်တော်ခက်တဲ့ သားအဖလို့ တွေးမိသွားသည်လေ။





"ကဲပါ ထားလိုက်ပါတော့။ အစစအရာရာ ဂရုစိုက်ပါသမီး။ လမ်းခရီးမှာ အဆင်ပြေချောမွေ့ပါစေ"

"ဟုတ်ကဲ့"

ဦးမောင်မောင်ချို လှည့်ထွက်လာခဲ့တော့သည်။ ပေးတဲ့ဆုနဲ့ပြည့်ပါစေလို့ မပြောနိုင်လောက်အောင် ကိုယ့်သမီး မယဉ်ကျေးဘူးသည် တကယ်ပဲ ကိုယ့်ရဲ့ထိန်းသိမ်းမှုတွေ ညံ့လို့လား။ အလိုလိုက်လို့ အမိုက်စော်ကားတာလို့ပြောရင်…

အမိုက်စော်ကားတဲ့သူမှာ အပြစ်မရှိဘူး။ အလိုလိုက်တဲ့လူကပဲ အပြစ်ရှိတယ်လို့ ပြောဦးမလားမသိပေ။

"ညည်းလေးတို့သားအဖနဲ့တော့ ခက်ပါတယ်အေ။ ကြားထဲမှာ ဒေါ်လေးနွယ်က အနေခက်တယ် ကူးကူးရဲ့"

"ဒေါ်လေးနွယ်ကလည်း နေတတ်ရင် ကျေနပ်စရာပါ။ နေတတ်အောင်သာ နေလိုက်"

"အပြောက လွယ်လိုက်တာ"

"ပါးစပ်နဲ့ပြောတာပဲ လွယ်တာပေါ့ ဒေါ်လေးနွယ်ရဲ့။ ဘာမှာ အရိုးမှမရှိတာ"

"ခက်တယ်…တစ်ခါတလေ ကျုပ်တော့ ညည်းတို့သားအဖကြားမှာ ဘယ်ပြေးပုန်းနေချင်မှန်းကို မသိတော့ဘူး"

ဒေါ်လေးနွယ်ပြောတော့ ကူးကူးက ခစ်ကနဲ ရယ်လေသည်။ ဒေါ်လေးနွယ်ရဲ့လက်ပေါ်မှာ ကြီးပြင်းခဲ့ရသူမို့ အမေလိုဖြစ်နေတာပေါ့။ ဒါကြောင့် ဒေါ်လေးနွယ်အပေါ် ကူးကူး ဆက်ဆံရေးက သူ့ကိုယ်သူ ကလေးဆိုးလေးတစ်ယောက်ပမာနယ်ပါ။





# အခန်း (၅)

အဝေးပြေးရောက်လို့ ကားပေါ်ကဆင်းတာနှင့် ကူးကူးရဲ့ မျက်လုံးက ဟိုကြည့်ဒီကြည့်နှင့်ပါ။ မေမေက ကူးကူးကို ...န်းဆက်သည်လေ။ လာကြိုမယ်တဲ့။ မေမေ လာကြိုမှာတော့ ...ဟုတ်ပါဘူး။ လာကြိုခိုင်းလိုက်မယ်လို့ ပြောတာလေ။

လာကြိုမယ့်သူက ဘယ်သူလဲ။

ဘယ်သူမှန်းမသိ။ မြင်လည်းမမြင်ဖူးပေ။ မေမေပြောတာ ...တော့ လာကြိုမယ့်လူက ကူးကူးဓာတ်ပုံကို မြင်ဖူးတယ်တဲ့။ ...မေ့ဆီမှာက ကူးကူးရဲ့ဓာတ်ပုံတွေ ရှိသည်လေ။ ဒေါ်လေးနွယ် ...ပေးထားတာပေါ့။

"ညီမ ဘယ်ကိုသွားမှာလဲ။ Taxi ငှားမလို့လား"

အနားရောက်လာပြီးမေးတာ Taxi သမားထင်ပါရဲ့။

"ဘယ်သွားမှာလဲ…Taxi ငှားမလား ညီမ"

"မငှားဘူး"

ကူးကူး တိုတိုပြတ်ပြတ်ပဲ ပြောပစ်လိုက်သည်။ ကူးကူး ပြောလိုက်တော့ Taxi သမားက မျက်စောင်းကြီးထိုးပြီး ထွက်သွားလေရဲ့။ လူတွေများ ခက်ပါ့။ သူ့ Taxi မငှားတာနဲ့ ယောကျ်ားကြီးဖြစ်ပြီး မျက်စောင်းထိုးထွက်သွားရတယ်လို့။

ကူးကူး…

မေမေ့ကို ဖုန်းဆက်ကြည့်ဖို့ ဂျာကင်အိတ်ထဲကနေ ဖုန်းကို ထုတ်လိုက်စဉ်…

"အမေ့"

ကူးကူး ခြေထောက်တစ်ချောင်းကို ခလုတ်တိုက်ပြီး ရှေ့သို့ စိုက်ကျသွားလေသည်။ ခလုတ်တိုက်တယ်ဆိုတာက တစ်ဦးတစ်ယောက် ခြေထိုးခံလိုက်လို့ အဲဒီလူရဲ့ခြေထောက်ကို ခလုတ်တိုက်မိတာပါ။ ဒါကြောင့် ဒေါသဖြစ်ပြီး ခြေထိုးခံတဲ့လူကို လှည့်ကြည့်လိုက်တော့…

"ဟင်"





မင်းလိုလူပါလား။ သူလည်း ရန်ကုန်ရောက်နေတာလား။ မြန်လိုက်တာ။ မနေ့ကမှ ဆေးရုံကဆင်းတယ်။ ဒီနေ့ ရန်ကုန်ကို ရောက်နေတယ်ဆိုတော့ ဒီလူ အတောင်ပေါက်ပြီးများ ပျံလာသလားပဲ။ ပြီးတော့ သဲသဲလှုပ်ချစ်ပါတယ်ဆိုတဲ့ သူ့အဘိုးအဘွားတွေက…

ဆေးရုံကဆင်းကာစ လူတစ်ယောက်ကို ဒီလိုပဲ စိတ်ချလက်ချ လွှတ်လိုက်သလား။

"ဘာကြည့်နေတာလဲ…လာ…လိုက်ခဲ့"

"ဘာ"

"နားမကြားဘူးလား…လိုက်ခဲ့လို့ ပြောနေတာလေ"

"ဘာလို့လိုက်ရမှာလဲ…နင်ခေါ်တိုင်း ငါက လိုက်စရာလား"

ဒေါသကြောင့် ကူးကူး နင်တွေ ငါတွေနဲ့ပဲ ပြောပစ်လိုက်တော့သည်။

"နေစမ်းပါဦး…နင်က ငါ့ရှေ့ကနေ ဘာလို့ ခြေထိုးခံတာလဲ"

"ကြည့်မရလို့"

"ဟာ…ကြည့်မရ မကြည့်နဲ့လေ။ နင့်ကို ဘယ်သူက

ကြည့်နိုင်းနေလို့လဲ။ ပတ်ဝန်းကျင်က ဖြစ်ပျက်သမျှကို မြင်တယ် ကြားတယ်ဆိုတာ နင် အာရုံစိုက်လို့။ မမြင်ချင် မကြားချင် အာရုံ မစိုက်နဲ့၊ ဒါပဲရှိတယ်"

"တမင်လုပ်တာဆိုရင်ရော"

"ဘာ"

"ပြောနေရတာ အချိန်ကုန်တယ်…လေကုန်တယ်ဟာ။ သွားမယ်…လာ…လိုက်ခဲ့"

ပြောပြောဆိုဆိုနှင့် မင်းလိုလူက ကူးကူးလက်ကောက်ဝတ်ကို ဆုပ်ကိုင်ပြီး ဆွဲခေါ်လေတော့ ကူးကူးက လက်ကိုရုန်းရင်း…

"မလိုက်ဘူး…နင် ဘာလုပ်တာလဲ မင်းလိုလူ။ ငါ့လက်ကို လွှတ်နော်"

"…………"

"ငါ ပြောနေတယ်နော်…မင်းလိုလူ"

မင်းလိုလူက ကူးကူးစကားကို မကြားသည့်အလား ဘာမှ ပြန်မပြောဘဲ ဆွဲခေါ်သွားတာ ကားတစ်စီးအနား ရောက်သည် အထိပါ။ ကားအနားကိုရောက်တော့ ကားတံခါးကိုဖွင့်ပြီး ကူးကူး ကိုယ်လေးကို ကားပေါ်သို့ တွန်းတင်လေသည်။

အခုမှ…





ကားတင်ပြေးတာ ပြန်ပေးဆွဲတာတို့အတိုင်းပါပဲ။

"မင်းလိုလူ…နင် ဘာလုပ်တာလဲ။ ကားကို မောင်းမထွက်နဲ့နော်။ အခု ငါ့ကို ပြန်ချပေး"

"…………"

"မင်းလိုလူ"

"ငါ…မင်းလိုလူ မဟုတ်ဘူး"

"ဘာ"

"ငါ့နာမည်က မင်းလွှတ်လပ်…ထပ်မမေးနဲ့။ ပါးစပ်ပိတ်ထား။ နင် မပိတ်လို့ ငါ ပိတ်ပေးရရင် မလွယ်ဘူး"

"နင်"

ကူးကူး တစ်ခုခုပြောမလို့ ပါးစပ်ပြင်လိုက်စဉ်မှာပဲ ကားက မောင်းထွက်သွားလေတော့သည်။ သူက မင်းလိုလူ မဟုတ်ဘူး၊ မင်းလွှတ်လပ်တဲ့။ ဟုတ်မှာပါ။ အခုမှ သတိထားမိတယ်။ မင်းလိုလူက အသားဖြူပြီး သူက အသားလတ်ရုံပဲလေ။

ရုပ်ချင်းကတော့ ခွဲမရအောင် တူနေတာပါ။ နာမည်က သည်း ဆင်၊ ညီအစ်ကိုများလား။ ဟုတ်တယ်၊ အမြွှာညီအစ်ကိုပဲ ဖြစ်ရမယ်။ မင်းလိုလူက ဆံပင်တိုပြီး သူ့ဆံပင်က မင်းလိုလူ ဆံပင်ထက် နည်းနည်းပိုရှည်နေသည်လေ။ ဆံပင်ရှည်တာကို

ညှပ်လိုက်ရင် တိုပေမယ့် ဆံပင်တိုတာကို ရှည်အောင်ဆွဲဆန့်လို့မှ မရတာ။

ဒါဆို...

သူ့ကို မင်းလိုလူ လွှတ်လိုက်တာလား။ သူက ကူးကူးကို သိနေတာလား။ ဘာအတွက် ကူးကူးကို ခေါ်လာတာလဲ။ လဲပေါင်းလားပေါင်းများစွာနှင့် ကူးကူးစိတ်ထဲမှာ ရှုပ်ယှက်ခတ်နေတော့သည်။ မီးစင်ကြည့်ကရတော့မှာပေါ့။

ကားပေါ်က ဆင်းပြေးဖို့ကလည်း မဖြစ်နိုင်။ အပြင်ကနေ လော့ခ်ချထားသည်လေ။

"ဒီမှာ...ဒီမှာ"

"..........."

"ဒီမှာ"

"..........."

"မင်းလွှတ်လပ်"

"ဘာလဲဟာ"

"နင် ငါ့ကို ဘယ်ခေါ်နေတာလဲ"

"လျှာမရှည်နဲ့...အေးအေးဆေးဆေး လိုက်ခဲ့"

"နင်က ဘယ်ကိုခေါ်မှာလဲ"





"ရောက်ရင်သိမယ်...မမေးနဲ့"

"တောက်"

"ဝုန်း"

ကူးကူး စိတ်တိုတိုနှင့် ကူရှင်ကို လက်သီးနှင့် ထုပစ်လိုက်တော့သည်။

## အခန်း (၆)

ရန်ကုန်ရဲ့အငွေ့အသက်ကပဲ ပူလောင်တာလား။ စိတ်ပူလို့ပဲ ပူတာလား မသိပေ။

အဲကွန်းလွှတ်ပေးထားတာတောင် ကူးကူး ပူလောင်အိုက်စ နေတာပါပဲ။

အဲကွန်းကလည်း လွှတ်တယ်သာ ပြောတယ်၊ မအေးပါ ဘူး။

"ဒီမှာ"

"........."

"ပူလွန်းလို့ အဲကွန်းဖွင့်ပေးပါ"

"ဖွင့်ထားတယ်လေ"





"ဖွင့်သာထားတယ်၊ ဒီမှာ ပူလို့သေတော့မယ်"

"မအေးတာ အဲကွန်းပျက်နေလို့"

"ဟင်...ပျက်နေတာကို ဘာလို့ဖွင့်ထားသေးလဲ။ ပျက်ရင် ပျက်တယ်ပြောပေါ့"

ကူးကူး ခုမှပဲ တံခါးကို ဖွင့်ဖြစ်တော့သည်။ အဲဒီကစလို့ စကားထပ်မပြောဖြစ်တော့ပါဘူး။

အဲဒီကစ တစ်နာရီလောက်ကြာအောင် မောင်းပြီးမှ ခြံဝန်း ခြံကြီးတစ်ခုရှေ့သို့အရောက်တွင် -

"တီ...တီ"

".........."

"တီ......တီ"

ကားဟွန်းတီးလိုက်တော့ လူတစ်ယောက်က ခြံတံခါး ဘာဖွင့်ပေးသည်လေ။ ခြံတံခါးဖွင့်ပြီးတာနှင့် ကားက ခြံဝန်း ကျယ်ကြီးထဲသို့ ကွေ့ဝင်သွားလေတော့သည်။ ကားရပ်တာနှင့် အိမ်ထဲကနေ ပြေးထွက်လာသူက...

"သမီး...လာပြီ"

"..........."

"သမီး"

မေမေလို့ခေါ်သံက နှုတ်ဖျားမှ ထွက်မလာပေ။ မေမေက လှလိုက်တာ။ ဓာတ်ပုံထဲမှာထက်တောင် ပိုလှနေသေးတယ်။

မေမေ့အပြုံးက ချိုနေပေမယ့် ကူးကူး ပြန်ပြုံးမပြ ဖြစ်ပါဘူး။

"သမီး ဆင်းလေ"

မေမေက ကားတံခါးကိုဖွင့်ပြီး လက်ကမ်းပေးပေမယ့် ကူးကူး မေမေ့လက်ကို မဆုပ်ကိုင်ပါဘူး။ လက်ကိုရှောင်ပြီး ကိုယ့်ဘာသာ ဆင်းလိုက်ပေမယ့် မေမေက အပြုံးမပျက်ပေ။

"လာ…သမီး အိမ်ထဲဝင်ရအောင်"

"ကူးကူးက ဧည့်သည်လား မေမေ။ မေမေ ကူးကူးကို ဧည့်သည်လို့ သတ်မှတ်ထားတာလား"

"မဟုတ်တာ သမီးရယ်…မေမေ အဲဒီလို မသတ်မှတ်ပါ ဘူးကွယ်။ မေမေ့ပိုင်ဆိုင်မှုက သမီးရဲ့ပိုင်ဆိုင်မှု၊ မေမေ့အိမ်က သမီးရဲ့အိမ်ပဲပေါ့။

"ဒါဆို ကူးကူးကို ဧည့်သည်လို မဆက်ဆံပါနဲ့။ ကူးကူး အိမ်ဆိုရင် ကူးကူး နေချင်သလိုနေမယ်။ စားချင်သလိုစားမယ်။ ကူးကူးရဲ့လွတ်လပ်ခွင့်ကို မပိတ်ပင်ပါနဲ့။ ကြိုပြောထားတာ"

ဒေါ်နွယ်ဇင်ဝင်းက အကြောင်းသားနှင့် သမီးကို ငေးကြည့်





နေစဉ် မင်းလွတ်လပ်က ကူးကူးကို မျက်မှောင်ကြုတ်ကြည့်ပြီး

"နာမည်က စန္ဒာကူး၊ နာမည်သိမ်မွေ့သလောက် လူက ကြမ်းကြမ်းကိုယ်ကြမ်းပဲ။ လုံးဝကို ထင်မထားဘူး"

"အဲဒီတော့ ဘာဖြစ်လဲ"

"ယဉ်ကျေးသိမ်မွေ့လွန်းတဲ့ အန်တီရဲ့သမီး မဖြစ်ထိုက်ဘူး ပြောချင်တာ။ အန်တီ့သမီးဖြစ်နေလို့သာပေါ့။ မဟုတ်ရင် ယ်ဥက ပေါက်တာလဲလို့ မေးချင်တာ"

"ငါကလည်း ဖြေမှာပေါ့။ လိပ်ဥက ပေါက်တာလို့"

"ဘာ"

ကူးကူးက ပြောချင်တာ ပြောပြီးတာနှင့် အိမ်ထဲသို့ ဝင်သွား တော့သည်။ ဒေါ်နွယ်ဇင်ဝင်းလည်း နောက်ကနေ လိုက်ခဲ့ရ တော့သည်သာ။

ဧည့်ခန်းထဲရောက်တော့ ကူးကူးက ဆိုဖာမှာ ဝင်ထိုင်နေ သည်မို့ ဒေါ်နွယ်ဇင်ဝင်းလည်း သမီးဘေးမှာ ဝင်ထိုင်လိုက် သည်။

"သမီးက ချစ်စရာကောင်းလိုက်တာ။ ဓာတ်ပုံထဲမှာထက် ပြင်မှာပိုပြီး ချစ်စရာကောင်းတယ်…သိလား"

"ဟိုတစ်ယောက်က ဘယ်သူလဲ မေမေ"

"မင်းလွတ်လပ်ကို မေးတာလား သမီး"

"ဟုတ်တယ်…သူ ကူးကူးကို ခေါ်လာပုံက ဘာမပြော ညာမပြောနဲ့ လက်ဆွဲခေါ်လာတာ။ မသိရင် ကားတင်ပြေးတဲ့ အတိုင်းပဲ"

ကူးကူးက မကျေနပ်သံလေးနှင့်ပြောလေတော့ ဒေါ်နွယ်ဇင် ဝင်းက ရယ်လေသည်။

"စတွေ့ကတည်းကကို အဆင်မပြေတာ။ သူက သမီး သွားနေတဲ့လမ်းမှာ ခြေထိုးခံတာလေ။ တော်တော်မုန်းဖို့ကောင်းတဲ့ လူပဲ"

"ဟုတ်လား…သမီး"

"ဟုတ်တယ်"

"မင်းလွတ်လပ်က သမီးကို စတာပါကွယ်။ သူက အဲ ပဲ။ အတည်ပေါက်နဲ့ နောက်တတ်တာပါ။ နောက်တော့ သူ့ အကြောင်းကို သမီး သိလာလိမ့်မယ်။ သူက လူတော်လူကော လေးတစ်ယောက်ပါ။ ဒါကြောင့် မေမေက စိတ်ချလက်ချ သမီးကိုကြိုဖို့ လွှတ်တာပေါ့ကွယ်"

ကူးကူး နှုတ်ခမ်းလေးမဲ့လိုက်မိပြီး…

"ဒါလား…လူတော်လူကောင်း"





"လူတော်တော့မဟုတ်တာ သေချာပါတယ်။ လူကောင်း ဆိုတာကတော့ ခိုးဆိုးလုနှိုက်မလုပ်တာ အသေချာပဲ"

မင်းလွတ်လပ်က ဧည့်ခန်းဆီသို့ လျှောက်လာရင်းပြောလိုက် ာပါ။

"ထားပါတော့…နင့်ကို ငါ မေးစရာရှိတယ်"

"ဘာလဲ"

"နင်က မင်းလိုလူနဲ့ အမြွာညီအစ်ကိုလား"

"ဟင်…သမီးက မင်းလိုလူနဲ့ သိတယ်လား"

ကူးကူး ခေါင်းကိုမော့လိုက်ပြီး…

"ကူးကူးဆိုင်ကယ်နဲ့ လိုက်တိုက်လို့ ဆေးရုံရောက်တာ င်းလိုလူပဲ မေမေ"

"ဘုရား…ဘုရား"

ဒေါ်နွယ်ဇင်ဝင်း မင်းလွတ်လပ်မျက်နှာကို ကြည့်လိုက်တော့ ည်တည်ငြိမ်ငြိမ်ပါပဲ။

"သူက စိန်ခေါ်ရင် ဘွာမခတ်တတ်တဲ့ ကူးကူးကို င်ကယ်ပြိုင်မောင်းဖို့ စိန်ခေါ်တယ်လေ။ ပြီးတော့ သူက အရင် တ်ဖျက်ပြီး ဘွာခတ်လို့ ကူးကူး ဆိုင်ကယ်နဲ့ လိုက်တိုက်ပစ် က်တာ"

"အန္တရာယ်များလိုက်တာ သမီးရယ်။ အဲဒီလိုလုပ်တာ သမီးအတွက်ရော အန္တရာယ်ရှိတယ်လေကွယ်"

"သမီးဘဝက လိုချင်တာမရတဲ့ သေမထူး နေမထူးဘဝပဲ လေ မေမေ"

"ဟင်"

ဒေါ်နွယ်ဇင်ဝင်း မျက်နှာပျက်သွားလေတော့သည်။ သမီး စိတ်ထဲမှာ အဲဒီလိုတွေ တွေးပြီး အလိုမကျမှုတွေနဲ့ စိတ်ရှိင်းဝင်ခဲ့ တာလား။

"ဟား…နင်ကလေ စကားရည်လုပြိုင်ပွဲတွေမှာ ဝင်ပြိုင်ရုံ ကောင်းတယ် သိလား"

"ငါ မေမေနဲ့ စကားပြောနေတာ နင် ဝင်မပါပါနဲ့"

"သမီး…မင်းလွှတ်လပ်ကို အဲဒီလိုမဆက်ဆံပါနဲ့ကွယ်။ မင်းလွှတ်လပ်က မေမေ ယုံကြည်အားကိုးရတဲ့ ကလေး တစ်ယောက်။ မေမေ့ရဲ့သားလို ဖြစ်နေတာပါ"

"ဩော်…ဩော်"

မနာလိုစရာကောင်းလိုက်တာ။ မေမေက သူများသားသမီး ကိုတော့ သားလိုသဘောထားသတဲ့လား။

"စကားက လိုရင်းမရောက်နိုင်ဘူး။ စောစောက သမီး





မေးတာကို ပြောပြမယ်။ ဟုတ်တယ်။ မင်းလိုလူနဲ့ မင်းလွှတ်လပ် က ညီအစ်ကိုတွေပဲ သမီး။ သမီးထင်သလို အမွှာညီအစ်ကိုတော့ မဟုတ်ကြဘူး။ အဖေတူ အမေကွဲပါ။ အမေ မတူတော့ ဘဝတွေ က မတူကြဘူးပေါ့ကွယ်"

"ဩော်…ဒီလိုလား။ ဒါဆို ဒီလောက်ရုပ်ချင်းတူတာ အဖေတူကြလို့ပဲဖြစ်မယ်ထင်တယ်"

"ဟုတ်တယ်…အဖေတူလို့ပါ"

မင်းလွှတ်လပ်ရဲ့အသံက မာဆတ်ဆတ်ပါ။

"ဩော်…သား"

"…………"

"နောက်ရက်တွေမှာ မင်းညီမကို အပြင်တွေ ပို့ပေးဦးနော်။ သမီးက ရန်ကုန်နဲ့စိမ်းနေတော့ ဘယ်မှသွားတတ်လာတတ်တာ မဟုတ်ဘူး…သားရဲ့"

"ဟုတ်ကဲ့…စိတ်ချပါ အန်တီ၊ အန်တီ စိတ်မပူပါနဲ့"

"ကျေးဇူးပါ သားရယ်"

"ရပါတယ် အန်တီ…အန်တီကသာ ကျွန်တော်တို့ရဲ့ ကျေးဇူးရှင်ပါ။ ကဲ…ကျွန်တော် ပြန်လိုက်ဦးမယ် အန်တီ"

"မုန့်ဖိုးယူသွားဦးလေ…သား"

"မလုပ်ပါနဲ့ အန်တီ…ကျွန်တော် မုန့်ဖိုးရဖို့အတွက် ကူညီခဲ့တာမှ မဟုတ်တာ။ အန်တီ စေတနာကို အသိအမှတ်ပြုပါတယ်"

ဒေါ်ဇင်နွယ်ဝင်း မင်းလွတ်လပ်ကို ယုံကြည်အားကိုးရကျိုးနပ်ပါသည်လေ။ စိတ်ထားကောင်းတဲ့ ဒီကလေးဘဝကျမှ…





## အခန်း (၇)

"မင်းလွတ်လပ်"

ဖခင်ဖြစ်သူ ဦးကျော်ကျော်လွင်က ခေါ်လိုက်သဖြင့် အပေါ်ထပ်ကနေဆင်းလာတဲ့ မင်းလွတ်လပ်။ ညှို့ခန်းကိုအဖြတ် ကာ ခြေလှမ်းတွေ ရပ်တန့်သွားလေတော့သည်။

"ဒါက ဘယ်သွားဦးမလို့လဲ။ ခြေထောက်ဗွေပေါက်နေ ဘယ်ထင်ပါ့"

"ကျွန်တော် အိမ်ပြန်မလို့ပါ ဖေဖေ"

"အဲဒါပဲကွ…မင်းက မွဲချင်တဲ့ခွေး ပြာပုံတိုးတဲ့ကောင် အစ်ပဲ။ ငါက မင်းကို ရေကန်ထဲမှာ ထည့်ထားပေးတယ်။ မင်းက ချေးထဲကလောက်မို့ ချေးထဲပြန်ချင်တာ"

"ကြိုက်သလိုပြောပါ ဖေဖေ…မွဲချင်တဲ့ခွေးပဲပြောပြေ ချေးထဲက လောက်ပဲပြောပြော ကျွန်တော်ကမှ တစ်ကိုယ်ကောင်း မဆန်တတ်တာ"

"သြော်…သြော်…ဘုရားဖြစ်မယ့် အုတ်နီခဲပါလား၊ အေး…ငါက မိဘပီသစွာနဲ့ ငါ့သွေးသားဖြစ်တဲ့ ငါ့သားကို ရွှေပေါ်မြတင်ထားတယ်။ မင်းက ရွှေကို နေလိုပူတယ်ထင်ပြီး မြကို ရှုတတ်တဲ့ခြားလို့ ထင်နေတာတော့ ငါလည်း မတတ်နိုင် ဘူး။ သွားချင်ရာသာ သွားပေတော့"

"ရွှေပေါ်မြတင်ထားတာတော့ မှန်ပါတယ် ဖေဖေ။ တစ်ခါ တလေ အစားတစ်လုတ် တုတ်တစ်ချက်ဖြစ်တတ်တဲ့အခါလေး ရှိတာကလွဲရင် အရာအားလုံး ကျွန်တော့်အတွက် ဒီမှာ အဆင်ပြေ ပါတယ်။ ဒါပေမဲ့ ကျွန်တော့်မှာ အမေရှိသေးတယ်။ အမေ ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ အမေက အမေပါပဲ။ ပြီးတော့ ငတ်တစ်ခါ ပြတ်တစ်လှည့်နဲ့ စားသောက်နေရတဲ့ ကျွန်တော့်ရဲ့ညီလေးနဲ့ညီမလေး ရှိသေးတယ်။ ဖေဖေက ဖေဖေ့ သွေးမစပ်လို့ မသနားပေမယ့် ကျွန်တော်က သွေးသားတော်စပ် နေတယ်လေ။ သူတို့တွေက ကျွန်တော့်ရဲ့မိသားစုဝင်တွေပါ။ ဒါ ကြောင့် မိသားစုတာဝန်ကို ကျွန်တော် ထမ်းဆောင်ရမယ်"





ဦးကျော်ကျော်လွင် သားဖြစ်သူရဲ့ကျောပြင်ကိုကြည့်ပြီး ခေါင်းခါလိုက်မိတော့သည်။ ဖအေတစ်ယောက်အနေနဲ့ ကိုယ့်သား ကို အဆင့်အတန်းမြင့်မြင့်ထားပါလျက် လိုအပ်တာတွေ ဖြည့်ဆည်းပေးပါလျက် ကိုယ့်ဘာသာပျော်အောင်မနေဘဲ သူများ ဒုက္ခကို မျှဝေယူချင်တာတော့ ဘယ်တတ်နိုင်မလဲ။

ကိုယ်မှားခဲ့တာပါလေ။

စိတ်ကို အလိုလိုက်ပြီး အပျော်ကနေ အပျက်ဖြစ်သွားခဲ့တာ ပါ။ မင်းလွတ်လပ်ရဲ့အမေ ပန်းနုစံနဲ့ ငြိစွန်းခဲ့တာကိုက မှားတာ။ ကိုယ့်မှာ မယားကြီးငုတ်တုတ်ရှိပါလျက်နဲ့ လူပျိုလို့ညာပြီး ပန်းနုစံ နဲ့ တွဲခဲ့တာကနေ စမှားခဲ့တာလေ။

အဲဒီအချိန်မှာ…

ဝင့်နိုင်ဦးက မင်းလိုလူကို ကိုယ်ဝန်လွယ်ထားရတဲ့အချိန် ပေါ့။ သိပ်ချစ်လို့ လက်ထပ်ခဲ့တဲ့ မိန်းမအပေါ်မှာ ဦးကျော်ကျော် လွင် သစ္စာမရှိခဲ့ပေ။ ပန်းနုစံနဲ့ အချစ်နယ်ကျွံခဲ့ကြတယ်ပေါ့။ နောက်တော့ ပန်းနုစံလည်း ကိုယ်ဝန်ရလို့ မဖြစ်မနေ လက်ထပ် လိုက်ရတဲ့အဖြစ်ပါ။

တာဝန်မမဲ့ချင်လို့ လက်ထပ်ခဲ့ပေမယ့် လူသိရှင်ကြားမဟုတ် ခဲ့ပါဘူး။ မင်းလွတ်လပ်ကို မွေးတော့မှ ဝင့်နိုင်ဦးက ဒီကိစ္စတွေ

ကို သိသွားခဲ့သည်လေ။ ဒါကြောင့် နှစ်ဖက်မိဘတွေက ဒီကိစ္စကို ဖြေရှင်းပေးလိုက်တာ။ ပန်းနုစံကို လစဥ် ငွေကြေးထောက်ပံ့ခဲ့သည်ပေါ့။

မင်းလွှတ်လပ် (၂)နှစ်သားလောက်မှာတော့ ဦးကျော်ကျော်လွင်မိဘတွေက ပြဿနာကို အပြတ်ရှင်းကြတော့သည်။ ကလေးကို ခေါ်ထားပြီး ပန်းနုကို နစ်နာကြေးပေးကာ ကွာခိုင်းခဲ့ကြသည်ပေါ့။

မင်းလွှတ်လပ် အရွယ်ရောက်လာတော့ တားနေသည့်ကြားမှ ဝင့်နိုင်ဦးက အကုန်ဖွင့်ပြောခဲ့သည်။ အကြောင်းစုံသိပြီဆိုကတည်းက မင်းလွှတ်လပ်တစ်ယောက် သူ့အမေရင်းကို ရှာခဲ့သည်လေ။ တွေ့ပြီဆိုကတည်းက…

အိမ်သိပ်မကပ်တော့ဘဲ အချိန်ရှိသရွေ့ အမေ့အိမ်ဖြစ်နေခဲ့တာပါ။

"မင်းလွှတ်လပ်"

"ဟုတ်ကဲ့…ပြောပါ ဖေဖေ"

"မင်း အဲဒီမိသားစုကို တော်တော် ခင်တွယ်နေတယ်ပေါ့ ဟုတ်လား။ ငါ့ထက် ပိုပြီးခင်တွယ်နေတာလား"

"မခင်တွယ်လို့မှမရဘဲ ဖေဖေ…သူတို့မှာ အားကိုးစရာ





မရှိဘူး။ အမေ့ရင်ခွင်ရိပ်မှာ အေးအေးဆေးဆေး မနေရဘူး။ နွေးထွေးမှုတွေ မရဘူးလေ"

"အဲဒါ မင်းနဲ့ ဘာဆိုင်လဲ။ သူတို့မှာ မိဘရှိတယ်။ သူတို့အဖေဆိုတဲ့လူကတောင် ဥပေက္ခာပြုနိုင်သေးတာပဲ"

"အမေ့သွေးစပ်နေတော့ ကျွန်တော်က ဥပေက္ခာမပြုနိုင်လို့ပါ ဖေဖေ"

"အဟွန်း…သိပ်သိတတ်တဲ့သားပေါ့လေ။ မင်းအမေကိုယ်တိုင်က အဲဒီကလေးတွေအပေါ် ဂရုစိုက်ခဲ့လို့လား။ သူ့ဘာသာသူ ဖြစ်ချင်တိုင်းဖြစ်၊ လင်ကုန်ကူးပြီး ကလေးတစ်ယောက်ပြီးတစ်ယောက် မွေးနေတာ… မင်းအမေကမိန်းမပျက်မ"

"ဖေဖေ"

ဖေဖေက မေမေ့ကို မိန်းမပျက်မလို့ ပြောလိုက်တော့မင်းလွှတ်လပ် ဆတ်ဆတ်ခါသွားလေတော့သည်။ လင်ကုန်ကူးနေတာတဲ့လား။

"ဖေဖေ…မေမေ့ကို အဲဒီလိုမပြောပါနဲ့။ မိခင်ဆိုတာအန်တော့ပါရဲ့။ ဖေဖေပြောသလို ဖာမဖြစ်နေရင်တောင်သားသမီးတွေ ဖာထမင်း ဖာဟင်းတော့ ဝဝလင်လင် စားရတယ်

ဖေဖေ။ မေမေ ဘာပဲဖြစ်နေဖြစ်နေ ကျွန်တော့်အမေက ကျွန်တော့် အမေပါပဲ။ မေမေ အခုလိုဘဝရောက်အောင် ပထမဆုံး ဖျက်ဆီးခဲ့တာက ဘယ်သူလဲ။ ဖေဖေပဲလေ…ဖေဖေ"

"တော်စမ်း…မင်းလွတ်လပ်"

ဦးကျော်ကျော်လွင် အနာပေါ်တုတ်ကျဖြစ်သွားလေတော့သည်။ သားဖြစ်သူရဲ့စွပ်စွဲချက်ကို မဟုတ်ဘူးလို့မှ သူ မငြင်းနိုင်ဘဲလေ။ ပန်းနုရဲ့မိဘတွေက ပန်းနုကို မိဘဂုဏ်သိက္ခာကျအောင် လုပ်ခဲ့တဲ့သမီးဆိုပြီး စွန့်ပစ်ခဲ့ကြတာ ယခုထက်ထိပါပဲ။

ကျန်းမာရေးမကောင်းလို့ အသည်းအသန်ဖြစ်တာတောင် ပန်းနုသွားရင် ရောဂါတိုးမှာစိုးလို့ဆိုပြီး ပန်းနုကို အကြောင်းမကြားဘူးတဲ့။ ပြတ်သားနိုင်လိုက်တဲ့ မိဘတွေ။

"ကျွန်တော့်စွပ်စွဲချက်ကို ဖေဖေ ငြင်းလေ။ ဖေဖေ ငြင်းနိုင်လို့လား"

"မင်းက ငါ့ကို အပြစ်ပြောနေတာလား မင်းလွတ်လပ်။ ငါ့ကြောင့် မင်းအမေ ဘဝပျက်တယ်ဆိုရအောင် ငါ တာဝန်မဲ့ခဲ့လို့လား…ပြောစမ်းပါ။ အခု မင်းကို ငါ ဘယ်လိုဘဝမျိုးမှာ ထားလဲ"

ဖေဖေရှိနေတဲ့အချိန် မင်းသား၊ ဖေဖေ အိမ်မှာမရှိတဲ့အခါ





ဆို ကျွန်သာသာဘဝပါလို့ ပြောချင်ပေမယ့် ဖေဖေ စိတ်ဆင်းရဲမှာစိုးလို့ မပြောဘဲ ရေငုံနှုတ်ပိတ်နေခဲ့တာ ယခုထက်ထိပဲလေ။

"ထပ်မပြောချင်တော့ဘူး…စေတနာကိုတော့ မစော်ကားနဲ့။ မင်းသွားချင်ရာသွား၊ လုပ်ချင်တာလုပ်၊ ငါ မတားဘူး"

"ကျေးဇူးပါ ဖေဖေ"

"အေး…တစ်ခုတော့ ပြောမယ်"

"……….."

"ငါ မင်းကိုပေးတဲ့ပိုက်ဆံတွေက ငါ့သားဖြစ်တဲ့ မင်းသုံးဖို့။ အခြားသူတွေကို ဝယ်ခြမ်းကျွေးတာ ပေးတာမျိုးတော့ စေတနာမရှိဘူး။ ဒါ အပြတ်ပြောတာ"

"စိတ်ချပါ ဖေဖေ၊ ဖေဖေပေးတဲ့ ပိုက်ဆံနဲ့ မေမေ့ကိုတောင် ကျွန်တော် မုန့်တစ်ရာဖိုး ဝယ်မကျွေးပါဘူး။ ကျွန်တော် ယောကျ်ားပါ။ ကျွန်တော့်မိသားစုကို ကိုယ့်အားကိုယ်ကိုးပြီး ရှာကျွေးမှာပါ"

"မင်းက ဘာအလုပ်လုပ်မှာလဲ"

"အလုပ်ဆိုတာ ရှောင်ရင်ရှားတယ်။ မရှောင်ရင် မရှားပါဘူး ဖေဖေ။ အလုပ်လုပ်ချင်စိတ်ရှိဖို့က အဓိကပါ"

"ငါ့သိက္ခာကျမယ့်အလုပ်တော့ မလုပ်မိပါစေနဲ့ပေါ့။

လုပ်မယ်ကြံတိုင်း မင်းအဖေက ဘယ်လိုလူဆိုတာ ပြန်စဉ်းစား"

"ဟုတ်ကဲ့...ဖေဖေက တရားသူကြီးတစ်ယောက်ပါ။ မတရားသူကြီး မဖြစ်ရအောင် (သို့မဟုတ်) သားက ရာဇဝတ်မှု မကျူးလွန်ရအောင် ကျွန်တော် မခိုးဘူး၊ မတိုက်ဘူး။ သူများအပေါ် မတရားမလုပ်ဘူးလို့ ကတိပေးပါတယ်။ တရားသော နည်းလမ်းနဲ့ ခွက်ဆွဲပြီးသာ တောင်းချင်တောင်းမယ်"

"ဘာကွ"

မင်းလွတ်လပ် ပြောချင်တာတွေ ပြောပြီးပြီမို့ ထွက်လာခဲ့တော့သည်။

"တောက်...ကွာ"

တရားသူကြီးဦးကျော်ကျော်လွင်နဲ့ သားဖြစ်သူမင်းလွတ်လပ်ရဲ့ဆက်ဆံရေးက အဲဒီလိုပါ။





## အခန်း (၈)

"အန်တီ...အန်တီ"

"............"

"အန်တီ"

"ဒေါက်"

"အား"

မင်းလွတ်လပ်...ဒေါ်နွယ်ဇင်ဝင်းကို တကြော်ကြော်အော်ခေါ်ရင်း အိမ်ထဲသို့ဝင်လာရာ နဖူးကို တစ်ခုခုလာမှန်လေသဖြင့် လက်ဝါးနှင့် နဖူးကိုအုပ်ပြီး မျက်နှာက ရှုံ့မဲ့သွားလေသည်။ ဘယ်သူက ဘာနဲ့ပစ်လိုက်ပါလိမ့်။

အတွေးသာရှိပြီး…

အဖြေရှာဖို့ ချက်ချင်း မကြည့်ဖြစ်ပေ။ တကယ်က ကူးကူး ပန်းသီးကို ကိုက်စားနေရင်းမှ ပန်းသီးခြမ်းနဲ့ ပစ်လိုက်တာပါ။ ကူးကူးတုန်းက သူ ခြေထိုးခံလို့ အခုလက်စားချေတာပဲပေါ့။ ကူးကူး သူ့ကို အမြင်ကတ်နေတာလေ။

မင်းလွတ်လပ်…

နဖူးပေါ်က လက်ကိုဖယ်လိုက်ပြီး ကြည့်လိုက်တော့ ကူးကူးက သူ့ကို ကြည့်နေသည်လေ။ ဆိုဖာပေါ်မှာ ခပ်မိန့်မိန့် ထိုင်ပြီး နှုတ်ခမ်းက လှောင်ပြုံးပြုံးနေလို့ပါလား။

မင်းလွတ်လပ် ဒေါသထွက်သွားပြီး…

"မင်း ဘယ်လိုလုပ်လိုက်တာလဲ"

"အမြင်ကတ်ပုဒ်မနဲ့လေ။ စားလက်စ ပန်းသီးနဲ့ ပစ်လိုက်တာ မတွေ့ဘူးလား"

"တွေ့တယ်…ဘာလို့လုပ်တာလဲလို့ မေးတာ"

"ပြောပြီးပြီးလေ…အမြင်ကတ်လို့ပါဆို"

"ဘာ"

"အဲဒါထက် ရှင်းအောင်ပြောရရင် ကလဲ့စားချေတာ၊ ဟိုနေ့က ငါ့ကို ခြေထိုးခံလို့"





"မင်းတော့နော်…မင်း"

"ဘာဖြစ်လဲ"

"ကိုင်ပေါက်ပစ်ချင်တာ"

"အမယ်…လာလေ…လုပ်ရဲလုပ်ကြည့်ပါလား။ ကူးကူး အကြောင်းသိသွားမှာပေါ့"

ကူးကူးက ဆိုဖာပေါ်ကနေ ခုန်ထပြီး ခါးထောက်၍ ရပ်လိုက်လေလျှင်…

"ဟား…နာမည်က စန္ဒာကူးမို့လို့ပေပဲ"

"အဲဒီတော့ ဘာဖြစ်လဲ"

"တမလွန်ကူးလို့သာ နာမည်ပေးလိုက်ရင် မလွယ်ဘူး"

"ဘာ"

"ညာ"

"အဲဒီတမလွန် နင့်ကို ပို့မှာ သိလား"

"နင် အရင်ရှေ့ကသွား"

"မင်းလွတ်လပ်"

"ဘာတုန်း"

"ငါ စိတ်တိုလာပြီနော်"

"ရှည်ချင်ရင် ဆွဲဆန့်လိုက်ပေါ့"

"သေနာကောင်…တွေ့မယ်"

"ဟာ"

ကူးကူးက ဖုန်သုတ်တံကို ကောက်ကိုင်ပြီး လိုက်လေတော့ မင်းလွတ်လပ် ညည့်ခန်းထဲမှာ ပတ်ပြေးနေရတော့သည်။

"ဟဲ့…ဟဲ့…သမီး…အဲဒါ ဘာဖြစ်နေတာလဲ"

"………."

"သမီး"

"အန်တီ လုပ်ပါဦး၊ သူ ကျွန်တော့်ကို လိုက်ရိုက်နေတာ"

"သမီး မလုပ်ရဘူးလေ"

ဒေါ်နွယ်ဇင်ဝင်း သမီးအနားကပ်ပြီး လက်ကို ဖမ်းဆုပ် လိုက်ကာ…

"သမီး မေမေ ပြောနေတယ်နော်"

ကူးကူး ခြေလှမ်းတွေ ရပ်သွားပြီး ဖုန်သုတ်တံကို လွှတ်ချ ကာ…

"သူက ကူးကူးကို ဒေါသထွက်အောင်လုပ်တာ မေမေရဲ့"

"အမယ်…မင်းက ငါ့နဖူးကို ပန်းသီးနဲ့ ပစ်တာလေ"

"ကူးကူး"

ဒေါ်နွယ်ဇင်ဝင်း ခပ်တည်တည်နဲ့ခေါ်လိုက်မှ ကူးကူး





…တ်ခမ်းစူကာ မင်းလွတ်လပ်ကို မျက်စောင်းထိုးလေသည်။

"မင်းလွတ်လပ်ကို မေမေခေါ်ထားတာ ကိုယ့်ကို ကူညီ …ယ့်လူကို အနိုင်မကျင့်ပါနဲ့"

"ပြောပြလိုက်ပါ အန်တီ"

"သမီး အပြင်မှာလျှောက်လည်ဖို့အတွက် မင်းလွတ်လပ်က …က်ပို့မှာ။ သူ ဦးဆောင်ခေါ်ရာနောက်ကို သမီး လိုက်ရမှာ။ …မီးက ရန်ကုန်ကို ကျွမ်းတာမဟုတ်ဘူး"

"သမီး သူ့ကို အလကားမခေါ်ဘူး…မေမေ"

"ဟင်"

"လစာပေးမယ်…လစာပေးထားတော့ အားနာစရာမလို …းပေါ့"

"ဘာ"

စေတနာကို ထပ်စော်ကားပြန်ပြီ။ အန်တီမျက်နှာကြောင့်မို့ …မှ ဆက်မပြောပေမယ့် မင်းလွတ်လပ် မျက်နှာကြီး သုန်သုန် …မှုန် ဖြစ်သွားလေသည်။

"တစ်ဖက်လူရဲ့စေတနာကို မစော်ကားပါနဲ့ သမီး။ …တနာဆိုတာ လူတိုင်းနဲ့ မထိုက်တန်သလို လူတိုင်းအပေါ် …တနာထားလို့ မရဘူးဆိုတာတော့ သမီး သိမှာပါ"

"........"

"လူ့ဘဝဆိုတာ ရခဲလှပါတယ်။ ရခဲလှတဲ့ လူ့ဘဝကို ရတုန်းမှာ စေတနာထားသင့်တဲ့ လူအပေါ်မှာ စေတနာထား မယ်။ စိတ်ထားဖြူစင်မှု၊ ကူညီရိုင်းပင်းမှု၊ ရိုးသားဖြောင့်မတ်မှု မေတ္တာတရားထားနိုင်မှုက တစ်သက်စာအလှကို ဖော်ဆောင်တဲ့ ဂုဏ်ပုဒ်တစ်ခုပဲ သမီး။ ရွှဲတယ်...စောင်းတယ်ဆိုတာ ကိုယ့် ကိုယ်ကိုယ် ပြန်ပြီးဒုက္ခရောက်အောင်လုပ်တာနဲ့ အတူတူပဲ။ ရခဲ လှတဲ့ လူ့ဘဝကို အကျိုးရှိရှိ ဖြတ်သန်းပါ သမီးရယ်"

လေသံအေးအေးနဲ့ ရှေ့ပြည်အေးတရားတော့ ဟောနေပါပြီ သူများကို မေတ္တာထားဖို့ပြောပြီး မေမေက သမီးအပေါ် မေတ္တာ ထားခဲ့လို့လားလို့ မေးချင်လိုက်တာ။

"မေမေ ဆရာဝန်မလုပ်နဲ့၊ သီလရှင်ဝတ်လိုက်ပါလား မေမေ"

"မင်းကလေ...ဦးနှောက်မရှိတဲ့အတိုင်းပဲ။ အနံ့တီ လူတွေရဲ့အသက်တွေကို ကယ်နေတာ။ လူနာတွေအပေါ် ဒီလောက် စေတနာမေတ္တာထားနေတာ။ သေရင် ကောင်း ဘုံဘဝရောက်မှာ သေချာပြီးသားပဲ။ သီလရှင်ဝတ်ရင် လူတွေ အသက်ကို အခုလောက် ကယ်တင်ခွင့် ဘယ်ရတော့မှာလဲ... မင်းကတော့ လူ့အသက်ကို မကယ်နိုင်ရင်နေ၊ မသတ်မိ အောင်ထိန်း"

ကူးကူးရဲ့မျက်စောင်းက ဒိုင်းကနဲပါပဲ။ မင်းလွတ်လပ် မင်စမှန်းသိပေမယ့် စတာကိုပဲ ကူးကူးက မကြိုက်တာပါလေ။

# အခန်း (၉)

မင်းလွတ်လပ်နဲ့ကူးကူး ပထမဆုံး ရွှေတိဂုံကို ဖူးကြသည်။ ပြီး…ပြည်သူ့ရင်ပြင်ထဲသို့ ရောက်လာခဲ့ကြတော့ ကူးကူးက ကစားချင်ပြီး မင်းလွတ်လပ်က မကစားပေ။

ဟိုဟာစီးမယ်ဆိုလည်း မင်းလွတ်လပ်က ပခုံးတွန့်ပြီး ဟင့်အင်း၊ ဒီဟာ စီးမယ်ဆိုလည်း မင်းလွတ်လပ်က ဟင့်အင်း ကြာတော့ ကူးကူး ဒေါသထွက်လာပြီး··

"မင်းလွတ်လပ်"

"ဘာလဲ"





"နင် ယောက်ျား မဟုတ်ဘူးလား"

"ယောက်ျားလေ···မယုံရင် နမ်းကြည့်ပါလား"

"ဘာ"

"မိန်းကလေးလို့ထင်ရင် မိန်းမချင်း နမ်းရဲတာပဲဟာ"

"နင်နော်"

"အဲဒါကိုမှ သံသယရှိနေသေးရင်"

"မင်းလွတ်လပ်···နင်နော်···ဆက်ပြောရင် ငါ့အဆိုး ဆိုနဲ့"

"ငါက ဘာပြောလို့လဲ။ ရေလွှာမိကျောင်း စီးပြမယ် ပြောမလို့ကို"

"ကောင်းတယ်···ရေလွှာမိကျောင်း သွားစီးမယ်လာ"

ပြောပြောဆိုဆိုနှင့် ကူးကူးက မင်းလွတ်လပ်ရဲ့လက်မောင်း က အင်္ကျီစကို တင်းတင်းဆုပ်ပြီး ဆွဲခေါ်လေလျှင်···

"ဖြည်းဖြည်းလုပ်ပါဟ···အခုမှ သမီးရည်းစား ရန်ဖြစ်နေ တဲ့အတိုင်းပဲ။ နိုင်တော်မူပါ"

မင်းလွတ်လပ်စကားကြောင့် ကူးကူးက ပြန်တွန်းပစ်လိုက် တော့···

"ဘယ်နေရာမှ မသက်သာပါလား"

"ပွဲက သိပ်ကြည့်ကောင်းနေပါလား မင်းလိုလူ၊ ဒီလိုအချိုးတွေနဲ့ မိန်းကလေးတွေရဲ့ရင်ဘတ်ထဲကို ထိုးဝင်ပြီး ဖျက်ဆီးခဲ့တာ ဘယ်နှယောက်ရှိပြီလဲ"

"ဟင်"

ကူးကူး တွန်းလိုက်လို့ ယိုင်သွားတဲ့ မင်းလွတ်လပ်ကို နောက်ကနေ အင်္ကျီဂုတ်လှမ်းဆွဲပြီး ပြောလိုက်တဲ့အသံကြောင့် မင်းလွတ်လပ် လှည့်ကြည့်လိုက်သည်။ ပြီးတော့ ထိုလူ့လက်ကို ပုတ်ချကာ မျက်မှောင်ကြုတ်ကြည့်လိုက်မိပြီး...

"ဘာပြောတာလဲ...နားမလည်ဘူး"

"အရူးကွက်နင်းမပြနဲ့ မင်းလိုလူ...မင်းပါးစပ်က မိန်းကလေးတွေကို ချစ်တယ်ပြောတာ သိပ်လွယ်တာပဲ။ လမ်းခွဲဖို့ ပြောတာလည်း ထမင်းစားရေသောက်။ မင်းကြောင့် အခု ငါ့ ညီမလေး ဘယ်လောက်ခံစားနေရလဲ မင်း သိလား"

"မင်း ဘယ်သူလဲ...မင်းကို ငါ မသိဘူး။ ဘာတွေ လာပြောနေတာလဲ။ ငါ မင်းလိုလူလည်း မဟုတ်ဘူး"

"ဟား...ဟား...ဟား...ဟား"

တစ်ဖက်လူက ဟက်ဟက်ပက်ပက် ရယ်လေတော့ မင်းလွတ်လပ် ဒေါသဖြစ်ချင်ချင်ရယ်ပါ။ ဒါပေမဲ့ မသိတဲ့လူတွေ





ဒီလို ခဏခဏ လူမှားကြတာခံရတော့ အပြစ်မပြောချင်ပါဘူး။

မင်းလိုလူနဲ့ ရုပ်ချင်းတူတာ ဘုရားက ဒဏ်ခတ်တဲ့ ဒုက္ခ သားတော့ မသိပါဘူး။

သူများစားခုတ်ရာ လက်ထိုးခံသလိုဖြစ်တာလည်း ခဏ ခဏပါပဲ။

မင်းလိုလူ ရုပ်သမျှ မင်းလွတ်လပ်က စားစာခံလုပ်လိုက် ဖြရှင်းလိုက်နဲ့ ကိုယ်က ဘာကောင်ဖြစ်နေမှန်းကို မသိတော့ပေ။

ခေါင်းရှောင်မိတဲ့အခါဆို...

မေခိုင်က ကျေးဇူးတရားကြွေးတွေ ရွှတ်ပြပြီး ချုပ်ကိုင် တော့တာပါပဲ။

"လိမ်ရင်လည်း ပိပိရိရိ လိမ်စမ်းပါ မင်းလိုလူရာ။ မင်းရုပ်ကို ခွေးချီသွားတောင် မှတ်မိတယ်ကွ။ မိန်းကလေးတွေ ထည့်လဲ ခွဲပြီး အသည်းကွဲနေတဲ့ကောင်။ ငါက မင်းကို ထိုက်တန် သလောက် ပြန်ခံစားစေချင်တာ"

မဟုတ်ဘူးလို့ ထပ်ငြင်းမလို့လုပ်ပြီးမှ...

"မချစ်သော်လည်း အောင့်ကာနမ်းဆိုသလိုပဲ။ မင်းအဖေ ကျက်နှာကြောင့် မင်းအပေါ် ငါ သားအရင်းလို သဘောထားပြီး ပြုစောင့်ရှောက်လာခဲ့တာ အခုထိပဲ။ ဘဝအာမခံချက်ရအောင်

ကျောင်းထားပေးခဲ့တယ်။ သူများနည်းတူ ဝတ်စားစေခဲ့တယ်။ တစ်ခုပဲ ငါ့သား မင်းလိုလှနဲ့တော့ မတူနဲ့၊ မပြိုင်နဲ့။ ကျေးဇူးတရားကို သိတတ်တယ်ဆိုရင် မင်းအစ်ကို စိတ်ဆင်းရဲစေမယ့်အလုပ်မျိုး ဘာမှမလုပ်မိပါစေနဲ့။ သူ့မှာ ဘာပြဿနာပဲဖြစ်ဖြစ် မင်းရှင်းပေးပါ။ ဒါ ကျေးဇူးဆပ်ခြင်းပဲ”

မေခိုင်ရဲ့စကားသံတွေကို ပြန်ကြားယောင်မိတော့ ပြောမယ့်စကားလုံးတွေ ထွက်မလာတော့ပေ။

အဲဒီစကားကြောင့်ပဲ မင်းလိုလှခိုင်းသမျှလုပ်၊ မေခိုင် ခိုင်းသမျှလုပ်နှင့် ကိုယ်ဟာ သူဌေးသားအမည်ခံ ကျွန်တစ်ယောက်ပါ။

“မင်းလွတ်လပ်...ငါ့ကားကို ရေဆေးထားလိုက်ဦး”

ဆိုတာတွေ။

“လွတ်လပ်...ဒီနေ့ ဧည့်သည်တွေလာမှာ။ မီးဖိုချောင်ထဲမှာ မတင်ဆင့်တစ်ယောက်တည်း နိုင်မှာမဟုတ်ဘူး။ ကူလိုက်ဦးနော်”

လို့ပြောရင် မီးဖိုချောင်ကိစ္စလည်း ဝင်ပါရသေး။

“ဒီနေ့ သံသာက ငါနဲ့တွေ့ဖို့ ချိန်းတယ်ကွာ။ ငါ သူ့ကို စိတ်ကုန်လာပြီ၊ မတွေ့ချင်တော့ဘူး။ လွတ်လပ် မင်းသွားတွေ့





လိုက်ကွာ။ တွေ့ပြီး အပြတ်ဖြတ်လာခဲ့”

ဆိုလို့လည်း မင်းလိုလှ ဟန်ဆောင်ပြီး သူ့အရှုပ်ထုပ်ကို ရှင်းရ။

ကောင်မလေးက ဒေါသဖြစ်ပြီး ပါးရိုက်တော့ ခံရတာ ကိုယ်။

အချင်းချင်းတွေ ချိန်းပြီး ရန်ဖြစ်ကြ၊ အချုပ်ကျခံရတာလည်း ကိုယ်။

ဒါကြောင့်...

မကြာသေးခင်အချိန်က အိမ်ပြန်တာနည်းပြီး အမေ့အိမ်မှာပဲ အနေများခဲ့သည်။ လူချင်းခွဲလို့ရသွားအောင် နေပူမရှောင် မိုးရွာမရှောင် အလုပ်တွေ လုပ်ပစ်လိုက်သည်။

ဒီတော့ အသားနည်းနည်း ညိုသွားတာပေါ့။

ပြီးတော့...

ဆံပင်ကို မင်းလိုလှနှင့် ပုံစံတူမထားတော့ဘဲ နည်းနည်း ရှည်ထားလိုက်သည်လေ။

ဒါတောင် အခု လူမှားပြန်ပေါ့။

“မင်းလိုလှ”

တစ်ဖက်လူက သူ့ကို ခပ်စူးစူးကြည့်ပြီး...

"လူယုတ်မာ…ကလိမ်ကကျစ်"

"ခွပ်"

"အ"

"ဟင်"

"ခွပ်"

"ပြန်ထိုးလေ…ပြန်ထိုး"

မင်းလွှတ်လပ်ကို သူများက လက်သီးနှင့်ထိုးတော့ ကူးကူး မခံနိုင်တော့ပေ။

ဒေါသထွက်သွားပြီး ပါးစပ်ကလည်း အော်၊ လူကိုယ်တိုင်လည်း တစ်ဖက်လူကို ဝင်ထိုးလေတော့သည်။

"ဟိတ်…ကဲ"

"ခွပ်"

"အ"

"ကဲ"

"ခွပ်"

"အား"

"ကူးကူး…တော်တော့…နင် မပါနဲ့"

မင်းလွှတ်လပ် ကူးကူးလက်ကို ဖမ်းဆုပ်လိုက်ပြီး ကူးကူး





ရှေ့ကနေ ရပ်လိုက်ကာ…

"ခင်ဗျား ကျေနပ်ပြီလား ကိုယ့်လူ"

"တောက်"

မင်းလွှတ်လပ် ခါးကြားက ပိုက်ဆံအိတ်ကို ဆွဲထုတ်ပြီး ပိုက်ဆံအိတ်ထဲက မှတ်ပုံတင်ကို ထုတ်ယူလိုက်ကာ…

"ဒီမှာကြည့်…ဒါ ကျွန်တော့်မှတ်ပုံတင်။ နာမည်က မင်းလွှတ်လပ်။ ခင်ဗျား မင်းလိုလူလို့ ထင်လောက်အောင် ကျွန်တော်က မင်းလိုလူနဲ့ ရုပ်ချင်းတူတဲ့ကောင်ပေါ့ဗျာ"

"ဟင်"

"လေကုန်လို့ ရှင်းပြမနေနဲ့ မင်းလွှတ်လပ်။ သူရှိင်းရင် ကိုယ်ရိုင်း၊ သူချကိုယ်ချပဲ။ အဲဒီလောက် သည်းခံစရာမလိုဘူး"

"မသိလို့မှားတဲ့အမှားမို့လို့ ငါ ခွင့်လွှတ်တာပါ"

ပြောပြီး မင်းလွှတ်လပ် ထွက်လာခဲ့တော့သည်။ နောက်ထပ် မင်းလိုလူနဲ့ပတ်သက်ပြီး ဘယ်လိုပြဿနာတွေ ထပ်ကြုံရဦးမလဲ။ ဘာတွေဖြေရှင်းရဦးမလဲ။

"ဒီမှာ ဟေ့ကောင်"

"………"

"ဟေ့"

မင်းလွတ်လပ် လှည့်မကြည့်တော့ပေ။ တောင်းပန်တဲ့စကား ကြားရရုံအပြင် ဘာတိုးရှိဦးမှာလဲ။

"နင်ကလေ…တကယ့်ငနုံအပဲ သိလား မင်းလွတ်လပ်"

လွန့်ကနဲသာ ပြုံးလိုက်မိပြီး…

"အတိုင်းအတာတစ်ခုပေါ့ဟာ"





# အခန်း (၁၀)

"မင်းလွတ်လပ်"

ကူးကူးခေါ်တော့ မင်းလွတ်လပ် လှည့်ကြည့်လေလျှင်…

"အခု ဘယ်ကိုသွားမှာလဲ"

"အမေ့အိမ်ကို ခဏဝင်မလို့ပါ"

"ဟင်…အမေ့အိမ် ခဏဝင်မလို့ဆိုတော့ နင်က နင့်အမေနဲ့ တူနေတာ မဟုတ်ဘူးလား။ သြော်…သိပြီ၊ နင်လည်း ငါ့လို တစ်ကွဲ အမေတစ်ကွဲပဲလား"

"ဟုတ်တယ်"

ကူးကူး မင်းလွတ်လပ်ကို ငေးကြည့်မိသွားသည်လေ။ ငါ့လိုလူ ရှိပါသေးလားလို့ပေါ့။

"နင်နဲ့ငါ အဖေတစ်ကွဲ အမေတစ်ကွဲဖြစ်ပုံချင်းတော့ တူပါတယ်။ ဒါပေမဲ့ မတူတာတွေ အများကြီးရှိတယ် ကူးကူး။ နင့်ဘဝကို နင် စိတ်ပျက်ပြီး အလိုမကျဘူးမဟုတ်လား"

"နင် ဗေဒင်သာ ဟောစားပေတော့"

နှုတ်ခမ်းက လွန့်ကနဲ ပြုံးလိုက်ပေမယ့် မင်းလွတ်လပ်ရဲ့ ရင်ထဲမှာတော့ ဆစ်ကနဲ နာကျင်သွားရသည်သာ။

"စိတ်မပျက်နဲ့ ကူးကူး။ အလိုမကျမှုတွေဖြစ်လာတိုင်း ငါ့ ထက်ဆိုးတဲ့လူတွေ အများကြီးပါလားလို့ တွေးလိုက်။ နင် စိတ် သက်သာရာရမှာပါ။ တစ်ယောက်နဲ့တစ်ယောက် ဘဝဖြတ်သန်းမှု တွေက မတူကြဘူးလေဟာ"

"နင့်ဘဝက ဘာဖြစ်နေလို့ ဒီစကားမျိုး ပြောတာလဲ မင်းလွတ်လပ်"

"နောက်တော့ နင် သိလာမှာပါ"

စကားအဆုံးမှာ ကားလေးက နှစ်ထပ်တိုက်သေးသေးလေး ရှေ့မှာ ရပ်သွားလေသည်။ မင်းလွတ်လပ်က ကားပေါ်မှဆင်းပြီး ကူးကူးဘက်က ကားတံခါးကို လာဖွင့်ပေးကာ…





"ခဏဆင်းပါဦး…အိမ်ထဲလိုက်ခဲ့လေ"

"ဟင့်အင်း…မလိုက်ချင်ဘူး"

"လိုက်ခဲ့ပါ…အဲဒါမှ မတူညီကြတဲ့ဘဝဆိုတာတွေကို နင် နားလည်လာမှာ။ နားမလည်မချင်းတော့ နင့်ကိုယ်နင် ကံဆိုးသူလို့ သတ်မှတ်နေဦးမှာ။ နင့်ဘဝနင် မကျေမနပ်ဖြစ်နေဦးမှာ။ လောက ကြီးက နေတတ်ရင် ကျေနပ်စရာကောင်းကြောင်း လေ့လာပါ ကူးကူး။ နင်နဲ့ စိမ်းသက်တဲ့ပတ်ဝန်းကျင်နဲ့ နင် မထိတွေ့သရွေ့ ပတ်ဝန်းကျင်ကလည်း နင့်ကို စိမ်းနေမှာပဲ။ အဲဒီအစိမ်းတွေကြောင့် နင် အရွဲ့တိုက်တတ်လာတာ။ ကိုယ့်ဘဝကိုယ် မကျေမနပ် ဖြစ်တာ။ လာပါ…ခဏလေးပါဆို"

ကူးကူး သက်ပြင်းချပြီး ကားပေါ်ကနေ ဆင်းလိုက်သည်။ ဘာပဲဖြစ်ဖြစ် ခဏတော့ လိုက်ကြည့်ရသေးတာပေါ့။ မင်းလွတ် လပ် ဦးဆောင်ခေါ်ရာနောက်သို့ ကူးကူး လိုက်ခဲ့တော့သည်။ အိမ်ထဲဝင်ခါနီးမှာ…

"ဖူးဖူး…ဖူးဖူးရေ…တူးတူး"

"……….."

"ဖူးဖူး…တူးတူး"

"ဟာ…ကိုကြီး"

မောင်နှမနှစ်ယောက်မှာ ဖူးဖူးက ငါးကြော်နေပြီး တူးတူး
က ဘေးမှာထိုင်ကြည့်နေတာပါ။ မင်းလွတ်လပ်ကိုမြင်တော့
တူးတူးက ထလာပြီး မင်းလွတ်လပ် ဒူးကို ဖက်ထားသည်လေ။
မင်းလွတ်လပ်က တူးတူးကို ငုံ့ကြည့်၊ တူးတူးက မင်းလွတ်လပ်
ကို မော့ကြည့်စဉ်…

"ဟာ…နာခေါင်းမှာ အော့အော့တွေ ထွက်နေပါလား
ချစ်ညီရ…အာ…နာခေါင်းနဲ့ပါးမှာ နှပ်ချေးတွေ ပေကျံနေတာ
ပဲ။ ဖူးဖူးက ကလေးကို ဂရုမစိုက်ဘူး"

"ဖူးဖူးလည်း ထမင်းချက်နေတော့ အလုပ်ရှုပ်နေတာ
ကိုကြီးရဲ့။ အဲဒါကြောင့် ဂရုမစိုက်နိုင်တာ"

မင်းလွတ်လပ်က တူးတူးနာခေါင်းမှာ ထွက်နေတဲ့ နှပ်ချေး
ကို သူ့လက်နှင့် နယ်နယ်ပယ်ပယ် သုတ်ပေးတာကို မြင်လေလျှင်

ဖူးဖူးက နာခေါင်းရှုံ့ပြီး မျက်နှာလေးပါ ရှုံ့မဲ့သွားလေ
သည်။ ပြီးတော့ ပျို့အန်ချင်သည့်ပုံဖြစ်လေတော့…

"ဆောရီး…တောင်းပန်ပါတယ်"

ပြောပြီး မင်းလွတ်လပ် သူ့လက်ကို အင်္ကျီစုတ်တစ်ထည်
ယူပြီး သုတ်လေသည်။

"ဖူးဖူး"





"ရှင်…ကိုကြီး"

"ညက မေမေ အိမ်ပြန်လာလား"

"ညက မပြန်ဘူး…ကိုကြီး"

"အဲဒါ ငါ့ကို ဖုန်းဆက်ခေါ်ရောပေါ့။ ဟိုဘက်အိမ်က
အန်တီညိုကို ငါ ပြောထားတယ်။ နင် ဖုန်းဆက်ချင်ရင် ခဏပေး
လိုက်ပါ၊ ဘေလ်ဝယ်ပြီး ကျွန်တော် ထည့်ပေးမယ်လို့ ပြောထား
တာကို။ ကိစ္စရှိရင် ငါ့ကို ဖုန်းဆက်ခေါ်မှပေါ့ ဖူးဖူးရဲ့။ နင့်ကို
ဖုန်းဝယ်ပေးထားမလို့ စဉ်းစားပြန်တော့ အသုံးမတတ်မှာစိုးလို့"

"ကိုကြီး…ဖူးဖူးတို့ဆီလာရင် ကိုကြီးကို အဆူခံထိမှာစိုးလို့
ဖုန်းမဆက်တာပါ ကိုကြီး"

မင်းလွတ်လပ်က ဖူးဖူးကို လှည့်ကြည့်ပြီး ထိုင်ခုံတစ်လုံး
ကို ယူချပေးကာ…

"လာ…ထိုင်…ဖူးဖူး"

ဖူးဖူးက ထိုင်လိုက်ရင်း…

"မင်းလွတ်လပ်"

"………"

"သူတို့က နင့်ညီမနဲ့ နင့်ညီလား"

"ဟုတ်တယ်…ဖူးဖူး၊ မင်းလိုလူနဲ့ငါက အဖေတူ

အမေကွဲ ညီအစ်ကို။ သူတို့လေးတွေကတော့ ငါနဲ့ အမေတူ အဖေကွဲပေါ့။ အဖေက ချမ်းသာသလောက် အမေက ဆင်းရဲတယ်၊ အဖေက တရားသူကြီး၊ အမေက အချို့ယောကျ်ားတွေကို မြူဆွယ်ပြီး အဲဒီယောကျ်ားတွေရဲ့ ပေးစာကမ်းစာနဲ့ ဘဝကို ရပ်တည်ရတယ်။ အဲဒါ ငါ့ဘဝပဲ ကူးကူး"

"ဟင်"

"နင်က နင့်ဘဝကို အလိုမကျဖြစ်နေတာ။ နင့်ထက်ဆိုးတဲ့ ဘဝတွေ အများကြီးပါဟာ"

စိတ်ကြမ်း ကိုယ်ကြမ်းနဲ့ ဖြတ်သန်းလာတဲ့ ကူးကူး တစ်ယောက် ဒီတစ်ခါ ဒိုးကနဲ ဒေါက်ကနဲ ပြောဖို့စကားလုံး မရှိတော့ပေ။ သူပြောသလိုပဲပေါ့။ သူ့ဘဝက ကိုယ့်ဘဝထက် ဆိုးနေတာလေ။ ကူးကူးဘဝက...

အဖေနဲ့အမေ ကွဲနေလို့ အတူတူ နွေးနွေးထွေးထွေး မနေ တာကလွဲပြီး အရာရာမှာ ပြီးပြည့်စုံခဲ့သည်မဟုတ်လား။

"ငါကတော့ ဖြစ်တဲ့ဘဝမှာ နေတတ်အောင်နေနေတာ။ ငါ့ အခက်အခဲ၊ ငါ့အတွေ့အကြုံတွေက ငါ့ကို တည်ငြိမ်ရင့်ကျက် အောင် သင်ပေးခဲ့တာပေါ့။ နင် သိချင်ရင် ငါ့ဘဝအကြောင်း နင့်မေမေ အကုန်သိတယ်။ စိတ်ဝင်စားရင် မေးကြည့်ပေါ့ဟာ"

ကူးကူး ခေါင်းညိတ်ပြီး သက်ပြင်းချလိုက်မိသည်။ ကလေး တွေကို ကြည့်လိုက်တော့ ကူးကူးကို ငေးကြည့်နေတာ ချက်တောင်ခတ်ဖို့ပင် မေ့နေကြသည်လား မသိပေ။ ကူးကူးနဲ့ အကြည့်ချင်းဆုံတော့ ဖူးဖူးက ရယ်ပြကာ...

"မမက အရမ်းလှတာပဲ"

"ဖူးဖူးလည်း ချစ်စရာကောင်းပါတယ်"

မိန်းမဆိုတာ ဘယ်လောက်ပဲ ခက်ထန်ကြမ်းတမ်းပါစေ တစ်ခါတစ်ခါတော့ နူးညံ့တဲ့စိတ်ထားလေး ဝင်တတ်ကြသည် မဟုတ်လား။ မိန်းမတိုင်းမှာ မိခင်စိတ်ဆိုတာ ရှိနေလေတော့ ကိုယ်ချင်းစာစိတ်လေး ဖြစ်တည်ကာ နူးညံ့တတ်ကြသည်ဆိုလျှင် မှားပါဘူး။

"ဖူးဖူးက (၁၂)နှစ်လေ။ တူးတူးက (၅)နှစ်။ သူတို့ နှစ်ယောက်ကလည်း အဖေ မတူကြဘူး...ကူးကူး။ ဖူးဖူးအဖေ က တစ်ယောက်၊ တူးတူးအဖေက တစ်ယောက်ပေါ့"

"ဟင်...ဟုတ်လား"

"ဟုတ်တယ်...ငါ့အမေက ခပ်ရိုင်းရိုင်းပြောရရင် လင်များ တယ်ပေါ့ဟာ။ အဲဒီလိုအမေကို ငါ ဘာကြောင့်ချစ်သလဲဆို အမေက အမေပဲ။ အစားထိုးမရတဲ့အရာမို့လို့ပေါ့။ အမေ့လုပ်ရပ်

တွေကို မကြိုက်ပေမယ့် ငါ ဘာမှမပြောတာ အမေက လင်ကံဆိုး တဲ့အမေမို့လို့ပဲ ကူးကူး''

''ငါက မိန်းကလေးပေမယ့် သူများအကြောင်း စိတ်မဝင် စားဘူး။ မစပ်စုတတ်ဘူး။ ဒါပေမဲ့ အခု နင်တို့မိသားစုအကြောင်း ကိုတော့ စိတ်ဝင်စားတယ်''

''စိတ်ဝင်စားပေးတဲ့အတွက် ကျေးဇူးပါ ကူးကူး''

''ပြောပြမှာလား''

''ဖြည်းဖြည်းပေါ့ဟာ…နောက်တော့ သိလာရမှာပေါ့''

''ကိုကြီး''

တူးတူးက အစ်ကိုဖြစ်သူကိုခေါ်ပြီး အစ်ကို့ရင်ခွင်ထဲသို့ တိုးဝင်လေသည်။ ပြီးတော့ မင်းလွှတ်လပ်ခါးကို ဖက်ထားသည် လေ။ အမေ့ရင်ခွင်မှာ နွေးနွေးထွေးထွေး ခိုလှုံခွင့်မရတဲ့ ဒီကလေး တွေအတွက် မင်းလွှတ်လပ်ရဲ့ရင်ခွင်ကသာ နွေးထွေးသောကမ္ဘာ ထင်ပါရဲ့။

တူးတူးက…

မင်းလွှတ်လပ်မျက်နှာကို မော့ကြည့်ပြီး…

''ကိုကြီး''

''ဟင်…ပြောလေ ချစ်ညီ''





''ဟိုဘက်အိမ်က ဦးနိုင်နိုင်လေ…မမရှူးကို ဖက်နမ်းတယ် သိလား''

''ဟင်''

တူးတူးရဲ့စကားကြောင့် မင်းလွှတ်လပ်ကိုယ်ကြီး တောင့်မတ်သွားလေသည်။ မျက်နှာလည်း ပျက်သွားသည်ပေါ့။ ရှူးကိုကြည့်လိုက်တော့ ဘာမှမဖြစ်သလို ပုံမှန်ပါပဲ။ ကလေး ဆိုတော့ ဘာနားလည်မှာတဲ့လဲ။

ကလေး…

ဟုတ်လား၊ မဟုတ်ဘူးလား။ (၁၂)နှစ်က ထွားနေသည် လေ။ ပြီးတော့ ဒီနှစ်ပိုင်းမှာ ထဘီရင်လျားနဲ့ ရေချိုးနေရပြီမဟုတ် လား။ ဒါကြောင့် စိတ်ပူမိတာ အစ်ကိုတစ်ယောက်အနေနဲ့ မလွန် ဘူးထင်ပါရဲ့။

''မင်းလွှတ်လပ်''

''ဟင်''

''နင့်အမေက ကလေးတွေကို ပစ်ထားပြီး ဘယ်တွေ သွားနေတာလဲ''

မင်းလွှတ်လပ် သက်ပြင်းရှည်ကြီး ချလိုက်မိပြီး…

''အစာရှာထွက်တယ်ဆိုပါတော့ဟာ…ငါ လင်ကံဆိုးတဲ့

အမေ့ကို သိပ်သနားတာပဲ''

''နင်က ဒီအတိုင်းပဲ ကြည့်နေတာလား''

''မကြည့်ချင်ပါဘူး။ ငါကလည်း ငါ့ဘဝနဲ့ငါ ဝါးလုံးခေါင်းထဲ ဆင်ဝင်သလိုဖြစ်တာက များနေတာ''

''ဟူး…မလွယ်လိုက်တာ''

မင်းလွတ်လပ် မချိုပြုံးပြုံးလိုက်မိပြီး…

''ဘယ်လိုလဲ…နင့်ဘဝက ဆိုးတယ်လို့ နင် ထင်နေသေးလား''

''…………''

''တို့ဘဝထက်ဆိုးတဲ့ဘဝတွေ အများကြီးရှိသေးတယ် ကူးကူး။ စိတ်ညစ်သွားပြီလား''

''ရပါတယ်''

''ကဲ…တူးတူး''

''ဗျာ''

''ကိုကြီးတို့ ပြန်လိုက်ဦးမယ်နော်။ ညကျ ကိုကြီး ပြန်လာခဲ့မယ်…သိလား။ ကိုကြီး ချစ်ညီတို့နဲ့ လာအိပ်မယ်''

''ကိုကြီး တကယ်ပြောတာလား''

''တကယ်ပေါ့ကွ''





''ဟေး''

တူးတူး အတော်ပျော်သွားပုံပါ။ လက်ခုပ်လေးတီးလေတော့ မင်းလွတ်လပ်က နုပ်ချေးမစင်တဲ့ ပါးပြင်လေးကိုပဲ နမ်းလိုက်လေသည်။ ပြီးတော့…

''ရှူးရှူး''

''ရှင်…ကိုကြီး''

''တူးတူးကို မျက်နှာသစ်လိုက်ပါဦး။ ရေချိုးရင် တစ်ခါတည်း ချိုးပေးလိုက်။ ပြီးရင် သနပ်ခါးလိမ်းပေးလိုက်ဦးနော်''

''ဟုတ်ကဲ့ပါ ကိုကြီး''

သြော်…အစ်ကိုကြီးတော့ အဖအရာတဲ့။ အကြီးပီပီ တာဝန်ယူသင့်တာတွေယူမှ ဖြစ်တော့မှာပါ။

# အခန်း (၁၁)

ကူးကူး စပ်စုတာ ဝါသနာမပါပေ။ အခု မင်းလွတ်လပ် အကြောင်းကို စိတ်ဝင်စားပြီး စပ်စုချင်နေသည်လေ။ ပြီးတော့ မင်းလွတ်လပ်အကြောင်းကို တွေးနေမိသည်သာ။

"သမီး"

"..........."

"သမီးလေး"

ဒေါ်နွယ်ဇင်ဝင်း သမီးဘေးမှာ ဝင်ထိုင်ပြီး ပခုံးကိုဖက်ကာ ခေါင်းလေးကို ပွတ်သပ်ပေးလိုက်သည်။





"မအိပ်သေးဘဲ ဘာတွေတွေးနေတာလဲ။ မင်းလွတ်လပ်နဲ့ အတူတူ သွားရလာရတာ အဆင်ပြေရဲ့လား သမီး"

"ဟုတ်ကဲ့...အဆင်ပြေပါတယ်"

"ဒီမှာနေရတာ ပျော်ရဲ့လား...သမီး"

"ပျော်တယ် ပျင်းတယ်ရယ်လို့တော့ မဟုတ်ပါဘူး။ ဖေဖေ့ ကိုတော့ လွမ်းတယ်။ ဒါပေမဲ့ ပြန်လည်းမပြန်ချင်သေးဘူး။ မေမေ့ကို ကူးကူး မေးစရာရှိတယ်"

ဒေါ်နွယ်ဇင်ဝင်း မျက်ခုံးနှစ်ဖက် မြင့်တက်သွားပြီး...

"မေးလေ သမီး၊ မေမေ အခုည သမီးနဲ့ အတူတူအိပ်မယ်။ ဖြစ်တယ်မဟုတ်လား"

ကူးကူး မိခင်၏မျက်နှာကို ခပ်ငေးငေး ကြည့်မိလိုက်သည်။ မေမေက ကူးကူးနဲ့ အတူတူအိပ်မယ်တဲ့။ ဒီအခွင့်အရေးကို ကူးကူး လိုချင်တာ ကြာခဲ့ပြီပဲ။ ဒါကြောင့် ခေါင်းညိတ်ပြလိုက် သည်။

"ဘာမေးမှာလဲ...မေးလေ...သမီး"

"မေမေ"

"ဟင်"

"မေမေ ကူးကူးကို ဘာလို့ ဖေဖေနဲ့ ထည့်လိုက်တာလဲ။

ဖေဖေနဲ့ ဘာလို့ ကွာရှင်းခဲ့တာလဲ။ ကူးကူးကို မေမေ မချစ်ခဲ့ဘူးလား''

''သမီး''

ဒေါ်နွယ်ဇင်ဝင်း သမီးဖြစ်သူ၏ နှုတ်ခမ်းလေးကို လှမ်းပိတ်လိုက်ကာ…

''ဘယ်လိုမေးလိုက်တာလဲ သမီးရယ်''

ပြောပြီး ဒေါ်နွယ်ဇင်ဝင်းမျက်ဝန်းမှာ မျက်ရည်တွေ ဝေသီလာလေတော့သည်။

''မေမေ့ဝမ်းနဲ့ လွယ်မွေးခဲ့တဲ့ သမီးကို မေမေက မချစ်ဘဲ နေပါ့မလားကွယ်။ မေမေ့မှာက တာဝန်တစ်ဖက်နဲ့လေ။ မေမေ့ကို အားကိုးနေကြတဲ့ လူနာတွေကိုလည်း ပစ်မထားရက်ဘူး''

''ဖေဖေပြောသလို မေမေက တာဝန်ကို ဦးစားပေးခဲ့တာပေါ့''

''သမီးဖေဖေက အတ္တကြီးခဲ့တာပါ''

''ဘယ်လို''

''မေမေ တာဝန်တစ်ဖက်နဲ့ပေမယ့် သမီးကို တတ်နိုင်သလောက် ဂရုစိုက်ခဲ့ပါတယ်။ သမီးရဲ့ဖေဖေက မေမေ့ကို အိမ်မှာ အချိန်ပြည့်ရှိစေချင်ခဲ့တာ။ မေမေက မနေနိုင်ဘူးလေ





မေမေ သမီးကို အရမ်းချစ်ခဲ့တာပါ သမီးရယ်။ မာနနဲ့ တင်းခဲ့ပေမယ့် သမီး မရှိတဲ့ဘဝမှာ မေမေ ပိုရတဲ့ရက်တွေ မနည်းခဲ့ပါဘူးကွယ်''

''ဪ''

''သမီးကိုခေါ်ပြီး သူထွက်သွားတော့ မေမေ အိပ်ရာထဲ လဲခဲ့တာ တစ်လကျော်ကျော်ပါ''

ဖေဖေပြောတော့ ဖေဖေ အကောင်း။ မေမေပြောတော့ မေမေက အကောင်း။ ကူးကူးက ဘယ်သူ့စကားကို ယုံရပါ့မလဲလေ။

''မေမေ သမီးကို သိပ်ချစ်တာပေါ့''

''ထားလိုက်ပါတော့…သမီး နောက်ထပ် သိချင်တာ ရှိသေးတယ်''

ဒေါ်နွယ်ဇင်ဝင်း မျက်ရည်ကိုသုတ်လိုက်ကာ…

''ဘာများလဲ သမီး''

''မင်းလွတ်လပ်အကြောင်းကို ကူးကူး သိချင်တယ်''

''ဟင်''

''သူ့ဘဝအကြောင်းကို စိတ်ဝင်စားလို့ပါ။ မေမေနဲ့ ဘယ်လိုကနေ စသိကြတာလဲ''

''သမီး သိချင်တယ်ဆိုရင် မင်းလွတ်လပ်အကြောင်း

မေမေ သိသလောက် ပြောပြပါ့မယ်"

"ဟုတ်"

"မင်းလွတ်လပ်က အရမ်းသနားဖို့ကောင်းတယ်။ မေမေနဲ့ ရှေ့ဘဝက ရေစက်ကြောင့်လားမသိဘူး။ သားအရင်းလို ခင်တွယ်မိတဲ့အထိပဲ။ စတွေ့ကြပုံက ဒီလိုပါ"

ဒီလိုကနေ အစချီပြီး ဒေါ်နွယ်ဇင်ဝင်း မင်းလွတ်လပ်နဲ့ စတွေ့ပုံကို ပြောပြလေတော့သည်။





## အခန်း (၁၂)

"ကြည်ကြည်"

"ရှင် မမ"

"သိမ်းလို့ဆည်းလို့ ပြီးပြီလား"

"ပြီးတော့မယ် မမ...မမ ဘာခိုင်းစရာရှိလို့လဲ။ ပြောလေ [illegible]"

"မခိုင်းပါဘူး ကြည်ကြည်ရယ်...မေးစရာရှိလို့ပါ"

"ဟုတ်ကဲ့...မေးပါ မမ"

ဆေးခန်းပိတ်တော့မှာမို့ ပစ္စည်းပစ္စယတွေ သိမ်းနေတဲ့ ကြည်ကြည်ကို ဒေါ်နွယ်ဇင်ဝင်း မေးလိုက်ခြင်းပါလေ။

သိမ်းတာလည်း ထွေထွေထူးထူးတော့ မဟုတ်ပါဘူးဘူး။ လူနာတွေကို ဆေးထိုးသောက်ဆေးပေးနဲ့ နေရာမမှန်ချမိတဲ့ ဆေးဘူးတွေ နေရာတကျ ပြန်ထားရုံပါလေ။ ပြီးတော့ သန့်ရှင်းရေးလုပ်ပေါ့။

ကြည်ကြည်က…

ဒေါ်နွယ်ဇင်ဝင်းအတွက် အကူပေါ့လေ။

"မမပေးတဲ့ လစာနဲ့ ကြည်ကြည် အဆင်ပြေရဲ့လား မသ ဘူး"

"ဟုတ်ကဲ့…အဆင်ပြေပါတယ် မမ။ မောင်လေး အလု က စရိတ်ငြိမ်း တစ်လရှစ်သောင်းကိုတစ်လ ခြောက်သောင်းတော့ အိမ်ကိုပြန်ပေးတယ် မမ။ ကြည်ကြည်ကလည်း မမကျွေးနေတော့ ညစာလေးပဲ အိမ်မှာ ချက်စားရတာလေ။ စုမိဆောင်းမိလေး ရှိ ပါပြီ မမရဲ့။ ကြည်ကြည်က မမကိုပဲ အားနာနေတာပါ"

"ဘာဖြစ်လို့"

"ပင်ပင်ပန်းပန်း ဒီလောက်မလုပ်ရဘဲ ထမင်းလည်းကျွေး လစာလည်းပေးနေလို့ပါ"

"ဆရာမ…ဆရာမ"

"ဟင်"





ဆေးခန်းအပြင်ဘက်ကနေ ခေါ်သံကြောင့် ဒေါ်နွယ်ဇင်ဝင်း ိုင်နေရာမှ ခါးလေးမတ်ပြီး အပြင်ဘက်သို့ လှမ်းမျှော်ကြည့် ိုက်သည်။

"ဆရာမ…ဆရာမ"

"ဝင်ခဲ့လေကွယ်…ဝင်ခဲ့ပါ"

ဝင်ခွင့်ပြုလိုက်လို့ ဆေးခန်းထဲကိုဝင်လာသော လူသည် သားနှစ်အရွယ်၊ ငါးနှစ်အရွယ်ကလေးကို ပခုံးမှာ ထမ်းထား ျက်ပါ။ ထမ်းထားတဲ့လူကလည်း ခပ်ချောချော လူငယ်လေး တစ်ယောက်ပါပဲ။

"ဆရာမ…ကျွန်တော့်ညီလေးကို ကယ်ပါဦးဗျာ"

"လာ…လာ…သား"

လာ…လာဆိုပြီး ကလေးကို ကြည့်လိုက်တော့ ဇက်ခေါက် သွားနှင့်ပါ။ ဒေါ်နွယ်ဇင်ဝင်း ကြည့်လိုက်တော့ ကလေးက သတိ စ်နေတာလေ။ အဖျားကြီးပြီး တစ်ကိုယ်လုံး ခြစ်ခြစ်တောက် လို့ပါပဲ။ ရောက်လာတာ ဦးသွားပေလို့သာပေါ့။ မဟုတ်ရင် လေးက စိုးရိမ်ဖွယ်အခြေအနေပါလေ။

"ကလေးကို ဘာလို့ စောစောစီးစီးက ဆေးခန်းမပြတာလဲ ားရယ်။ အခု အပ်နဲ့ထွင်းရမယ့်ကိစ္စ ပုဆိန်နဲ့ပေါက်ရသလို

ဖြစ်တာပေါ့။ ကလေး တော်တော်ကို ခံစားနေရတာ"

"ဆရာမရယ်"

ကောင်လေး စကားမဆက်နိုင်ဘဲ မျက်ရည်တွေ ဝေ
လေလျှင်...

"ဘာဖြစ်လို့လဲ သား...ပြောလေ"

"ညီလေးနဲ့ကျွန်တော်က တစ်အိမ်တည်း အတူတူနေ
မဟုတ်တော့ ညီလေး ဖျားနေတာကို ကျွန်တော် မသိလို့ပါ"

"သားရဲ့မိဘတွေကရော...သား"

"မေမေက အိမ်ပြန်မလာတာ နှစ်ရက်ရှိပြီတဲ့။ ကျွန်တော်
က ဖေဖေ့အိမ်မှာနေတာပါ ဆရာမ"

"ဟင်...သားရဲ့ဖေဖေနဲ့မေမေက ကွဲနေကြတာလား"

ကောင်လေးက ခေါင်းညိတ်ပြလေသည်။

"အဲဒါထားဦး...သားညီလေးကို ဆေးရုံတင်မှဖြစ်မ
သား"

"ဗျာ"

"ဘာမှစိတ်မပူနဲ့ သား...အန်တီ အားလုံး စီစဉ်ပေးပါ့မ
နော်"

"ဆရာမရယ်"





အဖေနဲ့အမေ ကွဲနေတယ်ဆိုတာနဲ့ ရင်ထဲမှာ ဘယ်လိုကြီး ဖြစ်မှန်းမသိ။

ကလေးတွေကို သနားတာနှင့် ဒေါ်နွယ်ဇင်ဝင်း သားသမီး ချင်း ကိုယ်ချင်းစာစိတ် ဖြစ်တည်သွားတာ ချက်ချင်းပါလေ။

# အခန်း (၁၃)

ဒေါ်နွယ်ဇင်ဝင်း မင်းလွှတ်လပ်ရဲ့ဘဝအကြောင်းစုံကို သိ[...]
တော့ စိတ်မကောင်းပေ။ သနားမိသည်လေ။

မင်းလွှတ်လပ်ရဲ့အမေက သူများ မယားငယ်ဖြစ်ခဲ့တာ[...]
သားအမိနှစ်ယောက်စလုံး မျက်နှာငယ်ရသည့်ဘဝပေါ့။

နောက်တော့…

အမေနဲ့သား တစ်ကွဲတစ်ပြားစီ။ အမေလုပ်သူက အားကိုး[...]
ရာရှာရင်း ယောကျ်ားနှစ်ယောက် ထပ်ရ၊ ကလေးနှစ်ယောက်[...]
ထပ်အဖတ်တင်တာကလွဲပြီး လင်ဆိုးမယားအဖြစ်နဲ့ ဘဝ[...]
ပျက်မှန်းမသိ ပျက်ခဲ့တယ်တဲ့လေ။





"အားကိုးရမလားလို့ မေမေ နောက်အိမ်ထောင်ပြုလိုက်တာ ညီမလေးဖူးဖူးကိုမွေးပြီး ဖူးဖူးအဖေက မေမေ့ကို ထားခဲ့တယ်တဲ့ အန်တီ။ တူးတူးအဖေနဲ့ ထပ်ယူလိုက်ပြန်တော့လည်း မမြဲပြန်ဘူး။ မေမေက နှစ်ခုလပ်။ တူးတူးအဖေက လူပျို။ ညားပြီး တူးတူး ကိုယ်ဝန်ကို လွယ်ထားကတည်းက အဲလူ ထိုင်းကို အလုပ်လုပ် သွားမယ်ဆိုပြီး ထွက်သွားတာတဲ့ အန်တီ။ ထိုင်းမှာ မြန်မာမ တစ်ယောက်နဲ့ နောက်အိမ်ထောင်ပြုသွားပြန်တယ်တဲ့။ မေမေက သင်ရေစက်ဆိုးတဲ့လူတစ်ယောက်ပါ။ ပတ်ဝန်းကျင်က လင်ပစ်မလို့ ခေါ်တာတောင် ခံရတယ်တဲ့။ ကျွန်တော် မေမေ့ကို အရမ်းသနား တာပဲဗျာ"

"သားတို့မိသားစုအကြောင်း ကြားရတာ အန်တီ စိတ် မကောင်းလိုက်တာ သားရယ်"

"ဘာတတ်နိုင်မှာလဲ အန်တီရယ်…အတိတ်ဘဝက ငွေကြွေးတွေ ဆပ်ရတယ်လို့ပဲ သတ်မှတ်ရတော့မှာပေါ့"

"ဟင်း"

ဒေါ်နွယ်ဇင်ဝင်း စိတ်မသက်သာစွာနှင့် သက်ပြင်းချလိုက်မိ သည်။ သားသမီးချင်း ကိုယ်ချင်းစာပါတယ်လေ။ ကိုယ်လည်း သမီးရှိပြီး သမီးနှင့် ဝေးနေရသူပါ။ မင်းလွှတ်လပ်အပေါ် သနား

ချစ်ခဲ့ သားတစ်ယောက်လို ချစ်ခင်တွယ်တာမိသည်သာ။

"အခု…ကလေးဆေးရုံတက်ရတာ သားမေမေ သိရဲ့လား။ အကြောင်းကြားပြီးပြီလား…သား"

"ဖုန်းဆက်ပြောပြထားပါတယ် အန်တီ"

"သူ အရမ်းစိတ်ပူနေရောပေါ့"

မင်းလွှတ်လပ် မချိပြုံး ပြုံးလိုက်မိပြီး…

"မေမေက သူ့အပေါ် မကောင်းခဲ့တဲ့ ယောကျ်ားတွေကို စိတ်နာရာကနေ သားသမီးတွေအပေါ်လည်း မခင်တွယ်တတ်တော့ပါဘူး အန်တီရယ်"

"မဟုတ်တာ သားရယ်…မိန်းမတိုင်းမှာ မိခင်စိတ်ရှိကြပါတယ် သား။ သူ မခင်တွယ်တာ မဟုတ်ဘူး။ သူ့ကိုယ်သူ ညာပြီး မခင်တွယ်အောင်နေတာပဲ ဖြစ်မှာပါ"

"ကျွန်တော်လည်း အဲဒီလိုပဲ ထင်ပါတယ် အန်တီ။ ဒါပေမဲ့ မေမေ အဲဒီလိုလုပ်တော့ ဘာမှမသိနားမလည်တဲ့ ကလေးတွေ ဒုက္ခရောက်တာပေါ့ဗျာ"

"အန်တီ ဘာကူညီရမလဲ…သား"

ဒေါ်နွယ်ဇင်ဝင်းတစ်ယောက် မင်းလွှတ်လပ်ရဲ့ပခုံးကို ဆုပ်ကိုင်ပြီး မေးလိုက်မိသည်။





"ကျေးဇူးတင်ပါတယ် အန်တီ။ အခု ကူညီခဲ့တာအားလုံး …တွက် တစ်နေ့ အန်တီ့ကျေးဇူးကို ကျွန်တော် ပြန်ဆပ်ခွင့်ကြုံချင် …တယ်"

"ရပါတယ် သားရယ်…အန်တီ့အိမ်ကို သား ဝင်နိုင်ထွက် …အောင် အန်တီ လိပ်စာပေးထားမယ်။ အန်တီ့ကို သားရဲ့အဒေ… …င်းတစ်ယောက်လို သဘောထား"

ပြောပြီး လိပ်စာကတ်ကို ထုတ်ပေးကာ…

"ဝမ်းသာလိုက်တာ အန်တီရယ်…ကျွန်တော်လည်း …တော့်ဖုန်းနံပါတ် ပေးထားပါ့မယ်။ အန်တီ ခိုင်းစရာရှိရင် …တော့်ကို ခေါ်ခိုင်းပါဗျာ။ ကျွန်တော် တတ်နိုင်သလောက် …ပေးချင်လို့ပါ"

"ဟုတ်ပါပြီ…ဒါဆို သားရဲ့ဖုန်းနံပါတ် အန်တီ့ကို …ထားလေ။ အန်တီလည်း အားကိုးစရာ သားတစ်ယောက် …တ်သလိုပါပဲကွယ်"

"ဟုတ်ကဲ့…အန်တီ၊ ကျွန်တော့်ဖုန်းနံပါတ်က…"

မင်းလွှတ်လပ်က ဖုန်းနံပါတ်ပြောပြလေတော့ ဒေါ်နွယ်ဇင် … သူမ၏ဖုန်းကို ထုတ်လိုက်ကာ…

"နာမည်နဲ့ ထည့်ထားလိုက်မယ်။ သားရဲ့နာမည်က

ဘယ်သူကွဲ့"

"မင်းလွတ်လပ်ပါ အန်တီ"

ဒေါ်နွယ်ဇင်ဝင်းက ဖုန်းနံပါတ်မှတ်နေတုန်းမှာပဲ မင်းလွတ်လပ်ရဲ့ဖုန်းက ရိန်းတုံးသံလေး မြည်လာလေသည်။ ဖုန်းကိုင်လိုက်ပြီး...

"အေး...ပြော မင်းလို"

"မင်း အခု ဘယ်မှာလဲ...လွတ်လပ်"

"ငါ ဆေးရုံမှာ၊ တူးတူးနေမကောင်းလို့ ဆေးရုံတင်ထားရတယ်"

"ဟ...အဲဒါ သူတို့အမေရှိတယ်လေကွာ။ မင်းက အဖေသာကြီးပဲဟာ"

"မနေသာလို့ပေါ့ မင်းလို"

"မသိဘူးကွာ...မင်းကို ငါ ခိုင်းစရာရှိတယ်။ အဲဒါ အိမ်ကို အခုပြန်လာခဲ့"

"ဟာ...မင်းလို၊ ဒီမှာ ကလေးက သေရေးရှင်ရေး အရေးကြီးနေတာကွ။ မေမေက ရောက်မလာသေးဘူး။ ငါ ဘယ်လိုလုပ်ပြီး ပြန်လာလို့ရမှာလဲ"

"ဟေ့ကောင်...ဆင်ခြေမပေးနဲ့။ မင်း အခုပြန်လာမလာ





ပြန်မလာဘူးလား...ဒါပဲပြော။ ပြန်မလာရင် မင်း ငါ့အကြောင်း သိမယ်နော်...ဒါပဲ"

"ဟာ...ဟေ့ကောင်"

မင်းလိုလူဘက်က ဖုန်းချသွားလေတော့ မင်းလွတ်လပ်ပုံစံက အကျပ်ရိုက်သွားသည့်ပုံစံပါ။

"သူက ဘယ်သူလဲ သား"

"ကျွန်တော့်အစ်ကိုပါ အန်တီ၊ အစ်ကိုလို့မခေါ်ဘဲ နာမည်ခေါ်တာက သူက မကြိုက်လို့ပါ"

"သြော်"

"သူနဲ့ကျွန်တော်က အဖေတူ အမေကွဲပါ။ သူက နေရာရတဲ့သူ၊ မျက်နှာရတဲ့သူပေါ့...ဟူး"

ဒေါ်နွယ်ဇင်ဝင်း မင်းလွတ်လပ်ကို ဘယ်လိုနှစ်သိမ့်ပေးရမန်း မသိတော့ပေ။ မျက်နှာမရတဲ့သူတဲ့။ ဒါပေါ့လေ...မယားကြီးနဲ့ မယားငယ် မိဘအသိုင်းအဝန်းကြားမှာ မျက်နှာရချစ်ခင်ခံရခြင်းမတူသလို၊ မယားကြီးက မွေးတဲ့သားသမီးနဲ့ မယားငယ်က မွေးတဲ့သားသမီးလည်း မျက်နှာရပုံချင်း မတူဘူးပေါ့လေ။ ဒါကို ဒေါ်နွယ်ဇင်ဝင်း စာနာနားလည်ခြင်းများနှင့်...

"သား မဖြစ်မနေ ပြန်ရမယ်ဆိုရင် ပြန်လေ။ ကလေး

အတွက် စိတ်မပူပါနဲ့။ အန်တီ စီစဉ်ပေးပါ့မယ်"

"ဟုတ်ကဲ့…ကျေးဇူးပါ အန်တီ။ ကျေးဇူးတင်တာကို ပါးစပ်နဲ့တင် အခါခါပြောနေရတာလည်း အန်တီ့ကို အားနာလှပါပြီ။ မေမေကလည်း အခုထိ မလာသေးဘူး"

မင်းလွတ်လပ် စိတ်ပျက်သလို လည်ပင်းကို ဖိပွတ်ပြီး ပြောလေလျှင်…

"အန်တီ့ကို အားနာစရာမလိုဘူး…သား၊ မိသားစုအရင်းအချာလို သဘောထားပါ။ သား စိတ်ချလက်ချ ပြန်ပါ"

"ဟုတ်ကဲ့ပါ အန်တီ…ကျွန်တော် ပြန်လာခဲ့ပါ့မယ်"

"အေးပါကွယ်"

"မင်းလွတ်လပ်"

ခေါ်သံကြောင့် အသံလာရာဆီသို့ ကြည့်လိုက်တော့ မင်းလွတ်လပ်ရဲ့အမေ ဒေါ်ပန်းနုစံပါ။ လှမ်းလာတဲ့ခြေလှမ်းတွေ မင်းလွတ်လပ်အနားကို ရောက်လေတော့…

"တူးတူး ဘာဖြစ်တာလဲ…လွတ်လပ်"

မင်းလွတ်လပ်နဲ့ သူ့အမေ သားအမိလို့ ပြောရမှာ အားနာစရာပင် ဖြစ်နေသလိုပါပဲ။ မသိရင် မောင်နှမလို့ ထင်ရလောက်အောင် မင်းလွတ်လပ်အမေက လှသည်လေ။ မိတ်ကပ်၊ နှုတ်ခမ်း





…တွေ ခြယ်သ၊ မျက်ခုံးမွေးက အလှဖော်ဆိုတာမျိုးပေါ့။

ပင်ကိုအလှတော့ မဟုတ်ဘူးပေါ့လေ။ အတုတွေနဲ့ ခြယ်သ…းတာ လှနေတာပါပဲ။ အရပ်က (၅) ပေတောင်ပြည့်မှာမဟုတ်…အပြင် ဂါဝန်ကို ဝတ်ထားတော့ အသက်ငယ်သည်လို့ ထင်ရ…ပေါ့။ အရပ်ရှည်တဲ့ သားဖြစ်သူကို မော့ကြည့်နေတာ လူငယ်…စ်ယောက်နှင့် တူနေသည်ပဲလေ။

ဆံပင်က အဖြောင့်ဖြစ်ပြီး ပခုံးထက်မှာ ဝဲကျနေသည်။

"အဲဒီစကားကို ကျွန်တော်က အမေ့ကို မေးရမှာ အမေရဲ့။ …ဘူး ဒီလောက် နေမကောင်းဖြစ်နေတာကို မေမေ မသိဘူး…ဗျာ။ မေမေ အဲဒီလောက်တောင် ဥပေက္ခာပြုနိုင်တယ်လား။ …ပါဦး အမေရဲ့"

"နင်က အမေကို ခံပြောနေတာလား လွတ်လပ်"

"ပြောစရာဖြစ်နေလို့ ပြောနေရတာ မေမေ။ ဒီကလေးတွေ… မေမေ့သားသမီးတွေပါ။ မေမေ့ကို အားကိုးနေကြရတာ။ …ဖြစ်မရှိတဲ့ ကလေးတွေအပေါ်မှာ မေမေ မရက်စက်ပါနဲ့ဗျ"

"တော်စမ်း…မင်းလွတ်လပ်"

"ဖျန်း"

"ဟယ်"

ပါးစပ်က ပြောပြီးတာနှင့် လွတ်လပ်ပါးကို ရိုက်ချလိုက်လေတော့ ဒေါ်နွယ်ဇင်ဝင်း ပျာပျာသလဲ ဖြစ်သွားလေသည်။

"ဘယ်လိုလုပ်လိုက်တာလဲ ညီမ…ဒါ ဆေးရုံနော်။ စည်းကမ်းရှိပါ"

"မေမေဗျာ"

မင်းလွတ်လပ် ပါးကိုပွတ်ရင်း ပြောလိုက်မိတာပါ။

"နင့်ကို ငါ မွေးထားတာပဲ မင်းလွတ်လပ်၊ နင် ငါ့ကို ပြန်ပြောစရာမလိုဘူး"

"……………"

"နင်ရော…ဖူးဖူးရော…တူးတူးရောပဲ၊ ငါ့ဘဝမှာ ငါ သုံးနေတဲ့ အလှပြင်ပစ္စည်းတွေလောက် အရေးမပါဘူး၊ နားလည်လား"

"ဘယ်လိုပြောလိုက်တာလဲ ညီမရယ်…ကလေး အားငယ် အောင် မပြောပါနဲ့။ တကယ်ဆို မင်းလွတ်လပ်က မအေအပေါ် မှာရော၊ ညီအစ်ကိုမောင်နှမအပေါ်မှာရော အရမ်းသံယောဇဉ်ကြီး တတ်တဲ့ ကလေးတစ်ယောက်ပါ"

"ပြောမနေပါနဲ့တော့ အန်တီရယ်။ ကျွန်တော်တို့ ညီအစ်ကို မောင်နှမတွေက မြေဇာပင်ဖြစ်ဖို့ကံ ပါလာတယ်ထင်ပါရဲ့"





"သား"

ကိုယ်နဲ့မဆိုင်ပေမယ့် ဒေါ်နွယ်ဇင်ဝင်း မျက်ရည်ဝဲမိပါသည်လေ။ မင်းလွတ်လပ်နဲ့ ကလေးတွေကို သနားလိုက်တာ။ မင်းလွတ်လပ်ရဲ့လက်ဖဝါးကို ဖိဆုပ်လိုက်မိပြီး…

"သား ပြန်မှာမဟုတ်လား။ ပြန်တော့လေ…သား။ တူးတူး အတွက် စိတ်ချပါ"

"ကျေးဇူးပါ အန်တီရယ်"

"သွားတော့…သား"

"ဟုတ်ကဲ့…ကျွန်တော့်ကို ခွင့်ပြုပါဦး အန်တီ"

ဒေါ်နွယ်ဇင်ဝင်း ခေါင်းညိတ်ပြလေတော့ မင်းလွတ်လပ် ထွက်သွားလေတော့သည်။ မင်းလွတ်လပ်ရဲ့ကျောပြင်ကိုကြည့်ရင်း ဒေါ်နွယ်ဇင်ဝင်း တွေးလိုက်မိတာက…

မင်းလွတ်လပ်ရဲ့မျက်ဝန်းမှာ…

မျက်ရည်တွေ ဝဲသီနေမလားဆိုတာပေါ့။

# အခန်း (၁၄)

ကူးကူးတစ်ယောက်···

မင်းလွတ်လပ်အကြောင်းကို မိခင်ပြောသမျှ ငြိမ်
နားထောင်နေတာ စကားတစ်ခွန်းမျှ မပြောပေ။

ကိုယ့်ဘဝကို ဆိုးတယ်လို့ထင်ပြီး မကျေနပ်လို့ အရွဲ့တိုက်
တာ ကူးကူးပါ။

အခုတော့ ကိုယ့်ထက်ဆိုးတဲ့ဘဝကို တွေ့ရတော့ ကို
ခံစားချက်အတွက် ဘယ်သူ့ကိုမှ အပြစ်မတင်ချင်တော့ပေ။

ဟူး···





မိဘတွေရဲ့အတိတ်ဆိုးက ဘာလို့များ သားသမီးတွေအပေါ် အရိပ်ထိုးပြီး ဒုက္ခပေးရတာလဲ။ ကူးကူးမိဘတွေက ကွာရှင်းထား ပေမယ့် ဘယ်သူကမှ နောက်အိမ်ထောင်မပြုပေ။

ဒါက ကူးကူးအတွက် ကံကောင်းခြင်း လက်ဆောင်လား။

"တကယ်တော့ မင်းလွတ်လပ်က သိပ်သနားဖို့ကောင်းတဲ့ ကလေးတစ်ယောက်ပါ။ ဘယ်မိဘကမှ မျက်နှာသာမပေး၊ အဖေ ရော အမေရောက သူ့ကို ဥပေက္ခာပြုထားပေမယ့် သူ မိဘတွေ အပေါ် စိတ်မနာဘူးလေ။ သူ့ဘာသာ ဖြည့်တွက်ပြီးနေတတ် အောင်နေခဲ့တာ"

"သူမို့လို့သာပေါ့"

"ဟင်"

"သူ့နေရာမှာ ကူးကူးသာဆိုရင် မင်းလိုလူ အနိုင်ကျင့်တာ လည်း မခံဘူး။ သားချင်းအတူတူ ခွဲခြားဆက်ဆံတဲ့ အဖေကို လည်း အရွဲ့တိုက်မှာ။ အမေလုပ်တဲ့လူကိုလည်း အနည်းနဲ့အများ ပြောမိမှာပဲ။ အစကတည်းက သားသမီးကို သားသမီးလို မထား နိုင်၊ မေတ္တာအပြည့်အဝ မပေးနိုင်ရင် မမွေးခဲ့နဲ့ပေါ့"

"သမီး"

ကူးကူးက အဲဒီလို စိတ်ဆတ်တဲ့မိန်းကလေးပါလေ။ ကိုယ်

တွေအပေါ်လည်း သူ အရှုံးတိုက်ခဲ့တယ်မဟုတ်လား။ ကူးကူးကို ပြုပြင်ပေးဖို့က အချိန်တော်တော်ယူရလိမ့်မယ် ထင်ပါရဲ့။

"မချစ်လို့ မေတ္တာမထားနိုင်လို့တော့ ဘယ်ဟုတ်ပါ့မလဲ သမီးရယ်။ မိဘတိုင်းက သားသမီးတိုင်းကို ချစ်တာပေါ့။ မေတ္တာ ထားတာပေါ့။ သူတို့လည်း အကြောင်းကြောင်းကြောင့် ဥပေက္ခာ ပြုထားသလို ဖြစ်နေကြတာပါ"

"ဘာအကြောင်းကြောင်းကြောင့်လဲ မေမေ…မေမေ့စကား က အကြောင်းပြချက်ပေးပြီး ခေါင်းရှောင်ကောင်းရုံသက်သက် ပြောတာ။ မိဘဆိုတာ အုပ်ထိန်းသူ၊ အုပ်ထိန်းသူဆိုတာ အုပ်ချုပ်သူပဲလေ။ ဘယ်သူ့ကို ကြောက်နေစရာလိုလို့လဲ"

"အဲဒီလိုတော့ တစ်ဖက်သတ် မပြောနဲ့ သမီး။ လူတိုင်းမှာ သူ့အကြောင်းနဲ့သူ ရှိကြတယ်"

ကူးကူးက မိခင်၏စကားကို လက်မခံသည့်ပုံစံနှင့် မဲ့ပြုံးပြုံးပြီး ခေါင်းခါလေသည်။

"အကြောင်းဆိုတာထက် သတ္တိမရှိကြတာပါ"

"ဟင်"

"မင်းလွတ်လပ်ရဲ့မိဘတွေကို ပြောတာပါ။ ကူးကူး တော့ ဒီနေရာမှာ ကံကောင်းတယ်။ ဖေဖေနဲ့မေမေက သဘော





 လွန်းလို့ မာနချင်းပြိုင်ပြီး ကွဲခဲ့ကြတာမဟုတ်လား။ မာနချင်းပြိုင် ကြားမှာ ကူးကူးက မြေဇာပင်ပေါ့"

"မြေဇာပင်ဆိုရင်တောင် အဲဒီမြေဇာပင်ကို ဘယ်သူမှ နင်းခဲ့ကြဘူးလေ သမီး"

ကူးကူး မိခင်၏မျက်နှာကို တွေတွေလေး ကြည့်လိုက်မိ သည်။ အရင်ကတော့ ဆိုးလိုက်တဲ့ ငါ့ဘဝလို့ ထင်ခဲ့မိတာတွေ၊ အခုတော့ မင်းလွတ်လပ်ဘဝနဲ့ ယှဉ်ကြည့်ပြီး ဖေဖေနဲ့မေမေ့ အပေါ် နားလည်ပေးချင်သလိုလို၊ နားလည်မပေးချင်သလိုလို ကိုယ့်စိတ်ကိုယ် ဘာမှန်းမသိတော့ပေ။

ကူးကူး ဖုန်းရိန်းတုံးသံကြောင့် ဖုန်းကိုင်လိုက်တော့…

"သမီး"

"ဟုတ်ကဲ့ ဖေဖေ"

"နေနိုင်လိုက်တာ သမီးရယ်။ ဖေဖေ့ဆီ ဖုန်းလေးဘာလေး ဆက်ဖော်တောင် မရဘူး။ ဖေဖေက စဆက်မှ ဖုန်းကိုင်တယ်"

"ဖေဖေကလည်း ကူးကူးအကြောင်း သိရဲ့သားနဲ့။ ကူးကူး က အရေးကြီးကိစ္စမရှိဘဲ ဘယ်သူ့ကိုမှ ဖုန်းစဆက်တတ်တာ မဟုတ်ဘူး"

"ဩော်…အေး…သတိရတဲ့လူက ဖုန်းစဆက်ပေါ့…

ဒီလိုလား"

ကူးကူး ဘာမှပြန်မပြောဘဲ ငြိမ်နေလိုက်သည်လေ။ ဖေဖေ

အပြစ်တင်လည်း ခံမယ်ဆိုတဲ့သဘောပါပဲ။

"အခု အဲဒီမှာနေရတာ အဆင်ပြေလား"

မေးသံက မာဆတ်ဆတ်ပါ။

"ပြေပါတယ် ဖေဖေ"

"အဟွန်း"

"..............."

"အဆင်ပြေနေလို့ ဖေဖေ့ကို မေ့နေတာပါလို့ ဖြေလိုက်

တော့လား ကူးကူးရယ်"

"ဖေဖေကလည်း"

"ဖေဖေကမလဲနဲ့...မဟုတ်လို့လား"

"ဟုတ်တယ် ဖေဖေရာ"

"အေး...ဟုတ်လည်းပြီးတာပဲ"

"တို"

"ဟင်"

ပြောပြောဆိုဆို ဦးမောင်မောင်ချို ဖုန်းချသွားလေသ

ကူးကူး နှုတ်ခမ်းလေးစူသွားလေသည်။ ဦးမောင်မောင်ချိုက





အဲဒီလိုလူပါ။ စိတ်က လက်တစ်ဆစ်ရယ်လေ။

ဒေါ်နွယ်ဇင်ဝင်းကတော့...

"ဟွန်း...သူ့စိတ်ချည်းပဲ။ အဲဒီလို စိတ်က လက်တစ်ဆစ်

လို့ ဘယ်သူနဲ့မှ မတည့်တာ"

"ခစ်...ခစ်"

မအေဖြစ်သူက မကျေမနပ်ပြောလေတော့ ကူးကူး ရယ်မိ

သွားတော့သည်။

"ဘာရယ်တာလဲ"

"သဘောကျလို့ပါ မေမေရဲ့"

"..........."

"မေမေ"

".........."

"ဖေဖေ့ကို မလွမ်းဘူးလားဟင်"

"ဟယ်...ဒီကလေး ဘာတွေလာမေးနေတာလဲ။ မေမေ

အိပ်ချင်ပြီ...အိပ်တော့မယ်"

"စကားလမ်းကြောင်းလွှဲပြီ"

"မလွမ်းဘူး"

မလွမ်းဘူးဆိုပြီး ဒေါ်နွယ်ဇင်ဝင်းက အိပ်ဖို့ပြင်လေတော့

သည်။

ကူးကူးကတော့…

ဖေဖေနဲ့မေမေ ပြန်ပြီးအဆင်ပြေအောင် ဘာလုပ်ရင်ကော[illegible]
မလဲလို့ တွေးနေမိတော့သည်သာ။





# အခန်း (၁၅)

စတစ်ကော်လံအကျႌ အဖြူလက်ရှည်နှင့် ယောပုဆိုးအပြာ[illegible]င်လေးကို တွဲဝတ်ထားတဲ့ မင်းလွတ်လပ်ရဲ့ပုံစံက ရှင်းသန့်[illegible]မွှေနေသည်။ ဒီနေ့လည်း ကူးကူးနဲ့ ဘုရားသွားကြမလို့လေ။ [illegible]ဖူးပြီးရင်တော့ ကူးကူး မရောက်ဖူးသေးတဲ့နေရာတွေကို [illegible]ပို့မယ်ပေါ့။

မင်းလွတ်လပ် ထိုင်စောင့်နေတုန်းမှာပဲ ဒေါ်နွယ်ဇင်ဝင်း[illegible]က်လာကာ…

"ဟော…သားက ရောက်နေပြီ"

"ဟုတ်ကဲ့…အန်တီ"

"သမီးရေ…မင်းလွတ်လပ် ရောက်နေပြီ"

"လာပြီ…မေမေ"

ကူးကူးက အပေါ်ထပ်မှ ဆင်းလာရင်း ပြန်ပြောလေသည်

"မေမေ…သမီးတို့ သွားတော့မယ်နော်"

"အေး…အေး…သမီး"

နှစ်ယောက်သား ဒေါ်နွယ်ဇင်ဝင်းကို နှုတ်ဆက်ပြီး ထွ လာခဲ့ကြတော့သည်။ ကားပေါ်တက်ခါနီးမှာ မင်းလွတ်လပ် ကူးကူးကို လှည့်ကြည့်ပြီး…

"ကူးကူး"

"............"

"ငါ မေမေ့အိမ်ကို အရင်ဝင်ချင်တယ်…ရမလား၊ လေးပါ"

"ဝင်လေ"

"ကျေးဇူးပါ"

"နင်ကလေ…တစ်ခုခုဆို ကျေးဇူးပါချည်းပဲ။ ကျေး ဆိုတာ တကယ်တင်ထိုက်တဲ့သူမှတင်။ ကြုံဖန်ပြီး ကျေးဇူး နေရင် အချို့က အခြောက်တိုက် ဘဝင်မြင့်တတ်ပါဘိနဲ့"





"အဲဒီလိုတော့ ဟုတ်မလားဟ။ ဘာပဲဖြစ်ဖြစ် တစ်ဖက်သား နားဝင်ချိုအောင်တော့ ပြောရတာပေါ့။ နင်သာ ကျေးဇူးတင်တယ်ဆိုတဲ့စကားကို ကြုံဖန်ပြီး ကပ်စေးနဲ့နေ"

"ကပ်စေးနဲ့ရမှာပဲ…ဘာမဟုတ်တာလေးကို ကျေးဇူးတင်နိုင်ဘူး။ ကိုယ်မမှားရင်လည်း မတောင်းပန်တတ်ဘူး"

ကူးကူးက ပြောပြီး ကားပေါ်သို့တက်ကာ ကားတံခါးကို ဆောင့်ပိတ်ပစ်လေသည်။

"စိတ်ချည်းပဲ"

ကားမောင်းထွက်ခဲ့ပြီးနောက် ကူးကူးက နားကျပ်နှင့် သီချင်းနားထောင်နေတော့ စကားမပြောဖြစ်ကြတော့ပေ။ မင်းလွတ်လပ်တို့အိမ်ရှေ့ကိုရောက်မှ ကားပေါ်ကဆင်းပြီး အိမ်ထဲသို့ ဝင်ခဲ့ကြစဉ်…

"အိ…အိ…ဟီး"

"ဟင်"

"ဟီး…ဟီး…ဟီး"

"တူးတူး"

တူးတူးတစ်ယောက် ငုတ်တုတ်ကလေးထိုင်ပြီး ငိုနေတာ တွေ့ရလေတော့ မင်းလွတ်လပ် စိုးရိမ်စိတ်နှင့် တူးတူးရှေ့မှာ

ထိုင်ချလိုက်ကာ…

"တူးတူး ဘာဖြစ်လို့လဲ။ ကိုကြီးကို ပြောစမ်း…ဘာဖြစ်လို့ ငိုနေတာလဲ"

"ကိုကြီး…ဟီး"

"ပြောလေ…ချစ်ညီ၊ ဘာဖြစ်လို့လဲ"

"မမရှူး…ဟင့်"

"…………"

"မမရှူး ဗိုက်အောင့်လို့တဲ့ ငိုနေတယ်။ သွေးတွေလည်း အများကြီးပဲ"

"ဟင်"

"ခြေထောက်မှာ သွေးတွေနဲ့"

"ရှူးရှူး"

"မင်းလွတ်လပ်"

ထရပ်လိုက်တဲ့ မင်းလွတ်လပ်လက်မောင်းကို ကူးကူး လှမ်းဆွဲထားလိုက်သည်။

"နင်မသွားနဲ့…ငါ သွားမေးမယ်"

ကူးကူး မင်းလွတ်လပ်လက်မောင်းကို လွှတ်ပေးလိုက်ပြီး

"တူးတူး…ရှူးရှူးက ဘယ်မှာလဲ"





"အိပ်ခန်းထဲမှာ"

ကူးကူး ရှူးရှူးရဲ့အိပ်ခန်းထဲကို ဝင်ခဲ့တော့ ရှူးရှူးက ဝမ်းလျားမှောက်လျက် ဗိုက်အောက်မှာ စောင်တစ်ထည်ကို ခေါက်ပြီး ထားသည်လေ။ လက်တစ်ဖက်က သူ့ဘာသာ ဘေးကြောတွေ ကိုနှိပ်ရင်း တအင်းအင်းနှင့် ညည်းနေရှာသည်။

"ရှူးရှူး"

"………"

"ရှူးရှူး"

"အင်း…ဟင်း…ဟင်း"

"ရှူးရှူး…မမကို ကြည့်စမ်း၊ ဘာဖြစ်တာလဲ…မမကို ပြောပြ"

မင်းလွတ်လပ်တစ်ယောက် မတ်တတ်ရပ်နေရာကနေ ထိုင်ဖြစ်သေးပေ။ ရှူးရှူးကို စိတ်ပူနေသည်လေ။ ဘာဖြစ်လို့ဖြစ်မှန်း မသိနဲ့ စိုးရိမ်စိတ်ကြောင့် ရင်တွေတောင်ခုန်လို့ပါ။

"ကူးကူး…ရှူးရှူး ဘာဖြစ်တာလဲ။ တစ်ခုခုပြောဦးလေ ဟာ"

မစောင့်နိုင်စွာ မေးလိုက်မိတော့…

"ဘာမှမစိုးရိမ်နဲ့ မင်းလွတ်လပ်၊ နင် ဝင်မလာနဲ့နော်"

"ဘာဖြစ်တာလဲတော့ ပြောဦးလေဟာ"

"ဟာ…ပြီးရင် ပြောပြမယ်လေဟာ။ ဘယ်လိုဖြစ်နေတာလဲ။ စိတ်မပူနဲ့ဆို…ပြီးရောပေါ့"

"အေး…အေးပါ"

မင်းလွတ်လပ် အခုမှပဲ ထိုင်ဖြစ်တော့သည်။ တူးတူးကို ပွေ့ချီပြီး မျက်ရည်တွေ သုတ်ပေးပြီး ချော့ရသေးသည်လေ။ ပြီးတော့ စိတ်ရှည်လက်ရှည် ထိုင်စောင့်ရသည်ပေါ့။ ကူးကူး ပြန်ထွက်လာတော့ သိချင်ဇောနှင့်…

"ရှူးရှူး ဘာဖြစ်တာလဲ ကူးကူး"

ကူးကူးက သက်ပြင်းချလိုက်ပြီး…

"စိတ်အေးအေးထားပါ။ နင့်ကို ပြောမပြသင့်တဲ့စကားပေမယ့် ငါလည်း မပြောမဖြစ်မို့ ရှေ့မျက်နှာနောက်ထားပြီး ပြောတော့မှာပဲ"

မင်းလွတ်လပ် ပါးစပ်ကလေး ပွင့်ဟသွားလေသည်။ စိတ်မပူနဲ့လို့ ကူးကူး ပြောထားပေမယ့် မရပေ။ စိတ်ပူတာက စိတ်ပူတာပါပဲ။ ဒါကြောင့်…

"အဲဒါဆိုလည်း မြန်မြန်ပြောဟာ…ငါ သိချင်လှပြီ"

"ဘယ်လိုဖြစ်နေတာလဲ…ပြောမှာပေါ့။ ရှူးရှူးက အရွယ်ရောက်လို့ မိန်းကလေးကိစ္စဖြစ်တာ။ သိပြီလား"

မင်းလွတ်လပ် တွေကနဲ ဖြစ်သွားပြီး…

"ငါ နားမလည်ဘူး၊ ရှင်းရှင်းပြောဟာ"

"မိန်းကလေးသဘာဝ အရွယ်ရောက်လာလို့ ဓမ္မတာပေါ့ဟာ"

ကူးကူး မျက်နှာလွှဲပြီး ပွင့်ပွင့်လင်းလင်း ပြောလိုက်ရတော့သည်။ ဒီတော့မှ…

"ဩော်…"

မင်းလွတ်လပ် ခေါင်းကုတ်လိုက်ပြီး…

"ငါက သိမှမသိတာ"

"ငါ ရှူးရှူးကို ပြောပြသင့်တာတွေ ပြောပြထားပါတယ်။ သူ အဆင်ပြေသွားမှာပါ"

"ဟူး"

"ဟင်…ဘာဖြစ်တာလဲ"

"စိတ်မောလို့ပါ"

မင်းလွတ်လပ် ကိုယ့်ညီမ အရွယ်ရောက်ပြီဆိုတာနှင့် လေးလေးနက်နက် စဉ်းစားရတော့မည်လေ။ ရှေ့ရေးအတွက်ကိုပေါ့။ ညီအစ်မဆိုရင်တောင် အတော်သား။ အခုက မောင်နှမ

ဖြစ်နေတော့ ခက်လိုက်ပါဘိ။

"ငါ ဒီမှာလာနေမှ ဖြစ်တော့မယ်ထင်တယ်"

"ဘယ်လို"

"ဟုတ်တယ် ကူးကူး…ငါ ဒီအိမ်မှာ လာနေမှဖြစ်တော့မယ်။ ငါ အနီးကပ်စောင့်ရှောက်မှ ဖြစ်မှာပေါ့"

"အင်း…ကောင်းသားပဲ။ နင့်အမေက အိမ်မှမကပ်တာ။ ကလေးတွေကို နင်ပဲ အနီးကပ် စောင့်ရှောက်လိုက်ပေါ့"

"အဲဒီအတွက်"

"ဘာဖြစ်လဲ"

"ငါ ဖေဖေနဲ့ စစ်တိုက်ရဦးမယ်"

ကူးကူး တကယ်ပဲ စိတ်မကောင်းဖြစ်မိပါသည်လေ။ မင်းလွှတ်လပ်ကို အားပေးစကားပြောချင်ပေမယ့် ဘယ်လိုပြောရမှန်းမသိတော့ ခက်သားပေါ့။

ဒီတော့…

"စစ်တိုက်သင့်လည်း တိုက်ဟာ…ငါ မားတွေ၊ တုတ်တွေ လာရောင်းမယ်"

"ဘာ"

"ခစ်…ခစ်"





"ခွေးမလေး ပေါက်ကရတော့ ပြောတတ်တယ်"

ပြောပြီး မင်းလွှတ်လပ်က ကူးကူးနဖူးကို ဖွဖွထုလေတော့ တူးတူးကပါ ရယ်လေသည်။

"တူးတူး"

"ဗျာ…ကိုကြီး"

"မမ ဘာမှမဖြစ်ဘူး…မငိုနဲ့နော်။ ကိုကြီး မင်းရဲ့မမကူးကို ဘုရားလိုက်ပို့လိုက်ဦးမယ်…သိလား"

"ဟုတ်ကဲ့ ကိုကြီး"

မင်းလွှတ်လပ် တူးတူးရဲ့ခေါင်းကို ပွတ်ပေးပြီးမှ ထွက်လာခဲ့တော့သည်။

နှစ်ကိုယ်ခွဲလို့ရရင် အကောင်းသား…။

# အခန်း (၁၆)

"ဘာ...မင်း ဘာပြောလိုက်တယ် မင်းလွတ်လပ်။ ပြန်ပြောလိုက်စမ်း"

ပြောချင်တာပြောပြီး ခေါင်းကို ငုံ့ထားတဲ့ မင်းလွတ်လပ် ခေါင်းကို ပြန်မော့လိုက်သည်။ မကြားလို့ ဖေဖေ ထပ်မေးတာ မဟုတ်ဘူးဆိုတာကို သိတယ်လေ။ ဒါပေမဲ့ ထပ်မေးတော့ ထပ်ပြောရမှာပဲပေါ့။

"ကျွန်တော် မေမေ့အိမ်မှာပဲ သွားနေတော့မယ် ဖေဖေ ကျွန်တော်ရှိနေမှဖြစ်မှာမို့ ကျွန်တော် သွားနေပါရစေ"





"အဟွန်း"

စကားအဆုံးမှာ မဲ့ပြုံးကာ အဟွန်းဆိုတဲ့အသံနှင့် ထပ်တူကျလို့ပါ။ ဒီလိုပြောရင် ဒီလိုတုံ့ပြန်မယ်ဆိုတာ ကြိုတင်သိပြီးသားပဲလေ။ သိပေမယ့် မပြောလို့ကလည်း မဖြစ်ပေ။ ဟိုမှာက ကိုယ်ရှိနေမှဖြစ်တော့မှာမို့ ပြောရတာပါ။

"ငါ့အိမ်မှာနေရတာ မင်းအတွက် ဘာလိုအပ်ချက်များရှိလို့လဲ မင်းလွတ်လပ်"

"ဘာလိုအပ်ချက်မှ မရှိပါဘူး...ဖေဖေ။ ဟိုမှာ သားရှိနေမှဖြစ်မှာမို့လို့ပါ"

"ဘာလဲ...မင်းက သူတို့အတွက် လိုတရ ဖန်ဆင်းရှင်ဖြစ်နေလို့လား"

"မရှဲ့ပါနဲ့ပ ဖေဖေ...ကျွန်တော် မေမေ့ရဲ့မွေးကျေးဇူးကို တတ်နိုင်သလောက် ဆပ်ပါရစေ။ ဖေဖေ့ရဲ့ကျွေးကျေးဇူးကိုလည်း တတ်နိုင်သလောက် ဆပ်မှာပါ"

"သိပ်လှတဲ့စကားလုံးပဲ။ ငါ့ရင်ဝကို ခြေစုံကန် ပျံထွက်သွားဖို့အတွက် အဲဒီလောက် စကားလုံးလှစရာ မလိုပါဘူးကွာ။ သွားချင်သပ်ဆို...သွား။ ဒုက္ခရောက်မှတော့ ငါ့ဆီ ပြန်မလာနဲ့"

ဦးကျော်ကျော်လွင် သားကို သူ့အမေအိမ်ကို သွားမနေစေ

ချင်ပေ။ ဒါကြောင့် မသွားချင်အောင် စကားလုံးနဲ့ ခြောက်လိုက်
ပေမယ့်…

"စိတ်ချပါ ဖေဖေ။ ကျွန်တော် ဘယ်သူ့အတွက်မှ ဒုက္ခကို
သယ်ဆောင်မလာတတ်ပါဘူး"

"ကိုကလည်း…ကို့သားက ချေးထဲက လောက်မို့လို့
ချေးထဲမှာပဲ ပျော်ချင်နေတာ သွားစမ်းပါစေ။ ကိုတားလည်း
ဒီကောင် တားလို့ရမှာ မဟုတ်ဘူး။ မစင်နံ့ကို အမွှေးနံ့ထင်ပြီး
ရှူချင်တဲ့ကောင်…သွားပစေ"

သွားစေချင်တာ ကြာပြီမဟုတ်လားလို့ မေးလိုက်ချင်
မယ့်…

"မေခိုင်"

"ပြောပါ"

"မေခိုင်…ခိုင်းစရာရှိရင် ကျွန်တော့်ကို ဖုန်းဆက်
ကျွန်တော် ပြန်လာပြီး လုပ်ပေးပါ့မယ်"

ဒေါ်ဝင့်ခိုင်ဦးက ခပ်တည်တည်နှင့် ဘာမှပြန်မပြော
မင်းလွတ်လပ် အိမ်မှာမရှိရင် လက်တစ်ဖက်ပြုတ်သလိုပဲ
အိမ်မှာရှိနေတော့ မင်းလွတ်လပ်က ကားရေဆေးတာကအစ
ချောင်ထဲမှာ ပန်းကန်ကူဆေးတာအဆုံး အားရင်အားသ





င်လုပ်တတ်သူပါ။

ကိုယ့်အဖေအိမ်ဆိုပေမယ့်…

ရေသာခို အချောင်ကပ်စားနေတာ မဟုတ်ခဲ့ဘူးလေ။

"မင်းက သွားကိုသွားမယ်ပေါ့…ဟုတ်လား…မင်းလွတ်
သ်"

"မသွားမဖြစ်မို့လို့ပါ ဖေဖေ"

"မင်းရောက်သွားရင် ဟိုကလေးတွေက ဒုက္ခတွေ၊
သာကတွေ ကင်းစင်သွားမှာတဲ့လား"

"အနည်းဆုံးတော့ အနီးကပ် စောင့်ရှောက်နိုင်မှာပါ"

"မခင်တွယ်လို့ ထွက်သွားမယ်ဆို သွားပေါ့ကွာ"

"ဖေဖေ"

"ထပ်မပြောနဲ့"

ပြောပြီး ဦးကျော်ကျော်လွင် ထထွက်သွားလေတော့သည်။
အားမရ နေပေါ့ဆိုတဲ့သဘောနဲ့ပါလေ။

"ဘာလဲ…နင်က တို့နဲ့နေရတာ စိတ်ဆင်းရဲတယ်ထင်လို့
ထွက်သွားမှာလား မင်းလွတ်လပ်။ နင်က ဖြစ်သလိုနေ၊ ဖြစ်သလို
စားဘဝကို ခုံမင်နေမှတော့ သွားပေါ့"

"မဟုတ်ပါဘူး မေခိုင်… ကျွန်တော် ငယ်ငယ်လေး

ကတည်းက ခိုခဲ့တဲ့ ဒီအသိုက်အမြုံကို ကျွန်တော် ခင်တွယ်ပါ တယ်။ အခုက မဖြစ်မနေသွားမှ ဖြစ်မှာမို့လို့ပါ"

"အဟွန်း…ငါက ငယ်ငယ်လေးကတည်းက ဂရုစိုက်ပြီး မွေးလာခဲ့ပေးတယ်။ အခုကျတော့ မအေကို ကျေးဇူးဆပ်ချင်တယ် ပေါ့…ဟုတ်လား၊ တရားပါ့"

"ကျွန်တော် မေခိုင့်ကျေးဇူးကိုလည်း ဘယ်တော့မှ မမေ့ပါ ဘူး မေခိုင်"

တကယ်ဆို မွေးကျေးဇူးကသာ ဆပ်လို့မကုန်တာ။ မေခိုင်ရဲ့ ကျွေးကျေးဇူးက ဆပ်တတ်ရင်ကျေတယ်လို့ ကလေးတွေးသာ တွေးပစ်လိုက်ချင်တော့သည်။

ငယ်ငယ်ကတည်းက မင်းလိုလူ အနိုင်ကျင့်တာခံရတယ် ပေးတာယူ၊ ကျွေးတာစား၊ ခိုင်းသမျှ လုပ်ခဲ့ရတာပဲလေ။ မုန့် ပေးပြီဆို တန်ရာတန်ကြေးလို ဈေးဖြတ်ပြီး တန်အောင်ပြန်ခိုင်း တတ်စမြဲပါ။

"အေးပါ…ကျေးဇူးမမေ့တတ်ရင် ကောင်းပါတယ် ယူထားမိရင်တော့ ပြန်ပြီးဆပ်ရမှာပဲ"

"စိတ်ချပါ မေခိုင်…ကျွန်တော် ကျေးဇူးကန်းတဲ့ တစ်ယောက် မဖြစ်စေရပါဘူး"





"အိုကေ…မင်း သွားနိုင်ပါပြီ"

မင်းလွတ်လပ် ခေါင်းညိတ်လိုက်ပြီး…

"မေခိုင့်ကို ကျွန်တော် နှုတ်ဆက်ခဲ့ပါတယ်"

မင်းလွတ်လပ် အဝတ်တွေထည့်ထားတဲ့ ကျောပိုးအိတ်ကို လွယ်ပြီး ထွက်လာခဲ့တော့သည်။ အရွယ်ရောက်လာပြီဖြစ်တဲ့ ညီမကို စောင့်ရှောက်ဖို့ ဖခင်ကို အတိုက်အခံလုပ်ခဲ့ပြီးပါပြီ။ ထွက်လာပြီး ပြန်ခိုဝင်ဖို့ မလွယ်တော့တဲ့ ဟောဒီအသိုက်အမြုံကို နှုတ်ဆက်ကာ ကျောခိုင်းခဲ့ပါပြီလေ။ အမေ့အိမ်ရောက်ရင်တော့..

မင်းလွတ်လပ်ဆိုတာ ဘဝသမား…

ဘဝသမားပီပီ အလုပ်တစ်ခုခုတော့ ရှာလုပ်ရတော့မှာပေါ့။

ဒီနေ့ကစလို့…

မင်းလွတ်လပ်ဆိုတာ မေမေ့အတွက် ညီလေး၊ ညီမလေး တွေအတွက် ရှေ့ကနေ မားမားမတ်မတ် ရပ်ပေးနိုင်မယ့် သူရဲကောင်း ဖြစ်စေရပါမည်လေ။

# အခန်း (၁၇)

မင်းလွတ်လပ် အမေ့အိမ်ကို ရောက်လာပြီဆိုတော့ အလုပ် တစ်ခုရှာမှဖြစ်တော့မည်လေ။ မေမေက ဖေဖေ့လို ချမ်းသာသူ မဟုတ်တာ။ ဒီတော့ အိမ်က အလုပ်ခိုင်းပြီး မုန့်ဖိုးပေးမနေနိုင် ဘူးလေ။

ဒီတော့…

အပြင်မှာ အလုပ်တစ်ခုရှာပြီး လုပ်ရတော့မှာပေါ့။ အလုပ် တစ်ခုရမှ ဖြစ်မယ်ဆိုပြီး အပြင်ထွက်စုံစမ်းရတော့သည်သာ လှည်းတန်းဘက်ရောက်တော့ ဗိုက်ဆာတာနှင့် ဖရဲသီးဝယ်စား နေစဉ်…





"မင်းလိုလူ"

"ဟင်"

မင်းလွတ်လပ်ကို ဝိုင်းရပ်လိုက်ကြတာ လူသုံးယောက်ပါ။ မင်းလိုလူနဲ့ လူမှားပြန်ပြီ ထင်ပါရဲ့။

"မင်း…တို့နဲ့ ခဏလိုက်ခဲ့။ မင်းနဲ့ ရှင်းစရာရှိလို့"

"ဘာကိစ္စလဲ"

"ဝတ်လွှာကိစ္စ ရှင်းမလို့"

"မင်းတို့က ဘယ်သူတွေလဲ။ ဘယ်က ဝတ်လွှာလဲ။ ငါ မသိဘူး။ ငါက မင်းတို့ခေါ်တဲ့ မင်းလိုလူလည်း မဟုတ်ဘူး"

"ဟေ့ကောင်…မင်း အခုမှ အူကြောင်ကျားလာမလုပ်နဲ့။ မင်းနဲ့ မတွေ့ခင်က ဝတ်လွှာနဲ့ ငါက ချစ်သူတွေ။ မင်းနဲ့တွေ့မှ ဝတ်လွှာက ငါ့ကို ဖြတ်သွားတာ"

"ငါ မင်းလိုလူ မဟုတ်ဘူး။ လိုက်ခဲ့ဆိုရင် လိုက်ခဲ့မယ်။ အေးအေးဆေးဆေး ရှင်းကြတာပေါ့"

"အိုကေ…လိုက်ခဲ့"

မင်းလွတ်လပ် ကိုယ်မသိတဲ့ မျက်နှာစိမ်းတွေနဲ့ ရဲရဲလိုက်ခဲ့ တော့သည်။ ဒီလိုကိစ္စမျိုးတွေ ခဏခဏဖြစ်တတ်လို့ နိုင်ငံသား စိစစ်ရေးကတ်ကို ကိုယ်နဲ့မခွာ ဆောင်ထားခဲ့သည်လေ။

လမ်းမှာ ရှင်းမပြချင်တာမို့ သူတို့ခေါ်ရာကို လိုက်လာခဲ့တာပါ။

သူတို့ မင်းလွတ်လပ်ကို ခေါ်သွားတာက တိုက်ခန်းတစ်ခန်းပါပဲ။

အားလုံး အသီးသီး ထိုင်လိုက်ကြပြီးနောက် ဝတ်လွှာ၏ချစ်သူဆိုတဲ့ကောင်က…

"မင်းကို ငါ မကျေနပ်ဘူး"

"အဲဒီတော့ ငါ ဘာလုပ်ပေးရမလဲ"

"ဖြစ်နိုင်ရင် မင်းကို အပြတ်ရှင်းပစ်ချင်တာ။ ငါ နာကျင်ရသလို မင်းကို နာကျင်စေချင်တာ"

မင်းလွတ်လပ် နိုင်ငံသားစိစစ်ရေးကတ်ကို ထုတ်ပြီး…

"ရော့"

ကမ်းပေးလိုက်လေလျှင်…

"ဘာလဲ"

"ယူကြည့်လိုက်ပါ"

တစ်ဖက်လူက ယူကြည့်ပြီး မျက်ခုံးနှစ်ဖက် စုကျုံ့သွား…

"မင်းက မင်းလွတ်လပ်"

"ဟုတ်တယ်"





"ဟိုက မင်းလိုလူ"

"………"

"အမြွှာညီအစ်ကိုလား"

"အမြွှာမဟုတ်ဘူး…ညီအစ်ကို"

"အဟွန်း"

ဇင်ထက်အောင် လွန့်ကနဲ ပြုံးလိုက်မိသည်။ သူ့နာမည်က ဇင်ထက်အောင်လေ။ ဝတ်လွှာကို ရူးမတတ်ချစ်ခဲ့တဲ့ကောင်ပေါ့။

ချစ်သူတွေ ဖြစ်ခဲ့ကြပြီးမှ ဝတ်လွှာက သစ္စာဖောက်ပြီး မင်းလိုလူနဲ့ ချစ်သူဖြစ်သွားကြတယ်လေ။

ကိုယ့်မှာ ဘယ်လောက်တောင် နာကျင်ခံစားခဲ့ရလဲ။ အဲဒီနာကျင်မှုတွေ ပြေပျောက်ဖို့ မင်းလိုလူကို တစ်ခုခု ပြန်လုပ်လိုက်ရမှ ကျေနပ်မှာ။

"ဒါဆို မင်း တော်တော်ကံဆိုးသွားပြီ"

"ဘာ"

"မင်းလိုလူရဲ့ညီဖြစ်နေတာ မင်း ကံဆိုးသွားပြီ…မင်းလွတ်လပ်"

"ဘာကြောင့်လဲ"

"ငါက မင်းလိုလူကို နာကျင်အောင် လုပ်ချင်တာ။

လက်စားချေချင်တာ။ အခု ငါ စိတ်ထွက်ပေါက်ရအောင်''

''ခွပ်''

''အ''

''ခွပ်''

''အား''

ခံလိုက်ဦးပေါ့ မင်းလွတ်လပ်။ ပထမတစ်ချက် အထိုးခံ
ပြီးချိန်မှာပဲ နှစ်ယောက်က ချုပ်ပေးလေတော့ ကျန်တဲ့တစ်ယော
က စိတ်ရှိလက်ရှိ နှိပ်စက်လို့ရပြီပေါ့။ ခုခံဖို့တောင် အချိန်မရလို
ပေ။

မင်းလိုလူနဲ့ ရုပ်ချင်းတူတာကိုက ဝဋ်ကြွေးတစ်ခုလေလာ

''ဒီမှာ ဟေ့ကောင်''

ဇင်ထက်အောင်က မင်းလွတ်လပ်ရဲ့မေးစေ့ကို ကိုင်
မျက်နှာကို ဆွဲမော့လေသည်။

''မင်းလိုလူက ငါ့အသည်းနှလုံးကို လုယူသွားတာ

''အဲဒါ သူ့ကိုသွားပြောလေ။ ငါနဲ့ ဘာဆိုင်လို့လဲကွ''

''ဆိုင်တာပေါ့…မင်းလိုလူဆိုတဲ့ကောင် သူညီ အ
ခံလိုက်ရတော့ ဆတ်ဆတ်ခါသွားမှာပဲ''

''ဘာ''





မင်းလွတ်လပ် လက်သီးနဲ့ အထိုးခံရတာထက်ပင် ရင်ထဲမှာ
ပိုပြီး နာကျင်သွားမိသည်လေ။

''အဟွန်း''

''ဘာလဲ''

''အဟား…ဟား…ဟား…ဟား''

''ဟင်''

မင်းလွတ်လပ် ဟက်ဟက်ပက်ပက် ရယ်လိုက်လေတော့
ဇင်ထက်အောင် ခပ်ကြောင်ကြောင် ဖြစ်သွားကာ…

''ဘာဖြစ်တာလဲကွ''

''ဘာဖြစ်ရမှာလဲ…မင်းရဲ့ အထင်နဲ့အမြင်က တက်တက်
စင်အောင် လွဲတာကိုးကွ။ မင်းလိုလူက ငါ့အပေါ် ဘယ်လောက်
ကြင်နာသလဲဆိုရင် မင်းတို့ ငါ့ကို အသေသတ်လေ သူက ကြိုက်
လေ ဝမ်းသာလေပဲကွ။ ဟား…ဟား…ဟား…ဟား''

''ဟင်''

''ဟေ့ကောင်…မင်း ကြောက်ပြီး သွေးရူးသွေးတန်းနဲ့
လျှောက်ပြောမနေနဲ့''

''ငါ လျှောက်ပြောလား…မပြောလား မင်းတို့သိချင်ရင်
မင်းတို့ ငါ့အလောင်းကို သူ့ဆီ သွားပို့ကြည့်လိုက်လေ။ သတ်ပေး

တဲ့ မင်းတို့ကို ဆုငွေလေးဘာလေးတောင် ပေးလိုက်ဦးမယ်"

မင်းလွတ်လပ် နာနာကြည်းကြည်းနှင့် ပြောမိလိုက်တော့သည်။

ဒီတော့မှ ဇင်ထက်အောင်လည်း တောင်းပန်ရမလို ရှေ့ဆက်တိုးရမလိုနှင့် ဘာလုပ်လို့ ဘာကိုင်ရမှန်းပင် မသိတော့ပေ။





# အခန်း (၁၈)

"တောက်…နင်ဟာ ကိုယ့်အသားနာတာ ပြန်လုပ်ပါလား။ အခုတော့ ငြိမ်ခံလာရတယ်လို့"

"ဟ…ဘယ်သူက ငြိမ်ခံနေချင်မှာလဲ။ သူတို့က သုံးယောက်လေ။ ငါက တစ်ယောက်တည်း။ သူတို့သုံးယောက်ကို ငါက နိုင်အောင်ဘယ်လိုပြန်ချမလဲ။ ငါက ဗီဒီယိုထဲက ဒိုက်တင်မင်းသားမှ မဟုတ်တာ"

မင်းလွတ်လပ်ပြောတာလည်း ဟုတ်နေတော့ ကူးကူးကျေမနပ်နှင့်ပဲ ငြိမ်နေလိုက်ရတော့သည်။

မင်းလွှတ်လပ်ရဲ့ မျက်နှာမှာ ဖူးယောင်နေတာ မြင်ရတော့ ဒေါသလည်းဖြစ်၊ စိတ်လည်းမကောင်းပေ။ ကူးကူး စိတ်တွေလည်း ဘာဖြစ်နေတယ် မသိပေ။

မင်းလွှတ်လပ်နဲ့တွေ့ပြီးမှ…

သနားတတ်တာတွေ၊ စိတ်မကောင်းဖြစ်ရတာတွေ ခဏခဏပါပဲ။ နှလုံးသားတွေ ဘာလို့ နူးညံ့လာပါလိမ့်။

"မင်းလွှတ်လပ်"

"………"

"နင် မင်းလိုလူရဲ့ပြဿနာတွေပဲ လိုက်ရှင်းနေတော့မှာလား။ နင် သူ့ကို စိတ်မပျက်ဘူးလား"

"ငါ အမှန်ပြောရမလား"

"ပြော"

"ငါ သူ့ကို ချစ်တယ်။ ချစ်ရင်းနဲ့ စိတ်နာတယ်။ စိတ်နာရင်း ချစ်တယ်"

"ဟူး"

"ဒါလည်း ဝဋ်ကြွေးတစ်မျိုးပါပဲ"

မင်းလွှတ်လပ် ဝဋ်ကြွေးလို့ပဲ ပုံချလိုက်တော့သည်။ ကိုယ့်ဘဝကိုက ဒီလိုဖြစ်ဖို့ကံပါလာတာကိုး။ ညီအစ်ကိုချင်းအတူတူ





သူက မိန့်ဖနဲ့ အတူနေရသူ။ ကိုယ်က မိတစ်ကွဲ၊ ဖတစ်ကွဲ။ သူက အမြင့်ကလူဖြစ်ပြီး ကိုယ်က အောက်ကျို့ခံရသူ။

မင်းလိုလူရဲ့ဘဝက အစစအရာရာ ပြည့်စုံသလောက် မင်းလွှတ်လပ်ဘဝက အဘက်ဘက်မှာ မျက်နှာငယ်ရသည်။ ဒါပေမဲ့ သူ့ကုသိုလ်နဲ့သူမို့ ညီအစ်ကိုချင်း မနာလိုမဖြစ်မိပါဘူး။

"ကူးကူး"

"မတူညီကြတဲ့ဘဝတွေအကြောင်းကို နင် နားလည်လောက်ပါပြီနော်"

"ငါ ထပ်နားလည်နိုင်ဖို့ ကြိုးစားဦးမယ်…လွှတ်လပ်"

"ကျေးဇူးပါ"

"နင်ကလေ တကယ်ပဲ သိလား"

"ဘာလဲဟ"

"ကျေးဇူးပါဆိုတဲ့စကားကို သိပ်လွယ်လွယ်သုံးတာပဲ။ ကျေးဇူးတကယ်တင်ထိုက်တဲ့သူမှ တင်စမ်းပါ။ ပါးစပ်နဲ့မပြောနဲ့ လက်တွေ့ကျေးဇူးဆပ်တာက ပိုထိရောက်တယ်"

"ကိုကြီး"

"ဟင်"

"ညီမလေး ဆေးလိမ်းပေးမယ်"

ဇူးဇူးက ဆေးဗူးလေးကိုင်ပြီးရောက်လာကာ ပြောလေတော့

"ပေး…ပေး…မမကူး လိမ်းပေးမယ်…ဇူးဇူး"

ကူးကူးက ဇူးဇူးလက်ထဲက ဆေးဗူးကို လှမ်းယူလိုက်ပြီး မင်းလွတ်လပ်ကို ဆေးလိမ်းပေးလေသည်။

"အား"

"ဟင်"

"ဖြည်းဖြည်းလုပ်ပါဟ…နာပါတယ်ဆိုမှ"

ပြောရင်း မင်းလွတ်လပ် ကူးကူးလက်ကို တွန်းပစ်ရဲ့ ဆုပ်ကိုင်လိုက်မိသည်။ ဆုပ်ကိုင်ပြီးမှ တွန်းပစ်လို့ ကောင်းပါ့ မလားလို့ စဉ်းစားမိကာ ဆုပ်ကိုင်ထားမိဆဲ။ ကူးကူးက လက် ကလေးကိုရုန်းကာ…

"နင်ကလည်း နာတတ်လိုက်တာ။ ယောကျ်ားမဟုတ်တဲ့ အတိုင်းပဲ။ ဆေးလိမ်းပါတယ်ဆိုမှ ဖိပွတ်မှ အသားထဲစိမ့်ဝင်မှာ ပေါ့"

"အေး…အေးပါ"

ကူးကူးရဲ့လက်ကလေးကို ဆုပ်ကိုင်ထားမိချိန် မင်းလွတ် လပ် ရင်တွေခုန်မိတာ ဘာကြောင့်လဲ။ လက်ကလေးကို ပြန်လွှတ် ပေးရမှာ နှမြောနေမိသည်လေ။





"ငါ့လက်ကို လွှတ်လေ"

ကူးကူး လက်ကို ဆောင့်ရုန်းလိုက်မိတော့သည်။ မဟုတ် ခဲ့ ဆတ်ဆတ်ကျဲ ကူးကူး မင်းလွတ်လပ်နဲ့ကျမှ ဘာဖြစ်ပါလိမ့်။ သနားတာကြောင့်လား။ အားနာတာကြောင့်လား။ အရင်ကဆို ယောကျ်ားတစ်ယောက် ကိုယ့်လက်ကို အခုလို ပိုင်ပိုင်နိုင်နိုင် ဆုပ်ကိုင်လာလို့ကတော့…

သွားကျွတ်ထွက်မလား၊ မျက်ခုံးကွဲမလား။ တစ်ခုခုတော့ ဖြစ်လိမ့်မယ်ထင်ပါရဲ့။

"ဇူးဇူး"

"ရှင်…မမ"

"ရော့…နင်ပဲ ဆေးလိမ်းပေးလိုက်တော့"

ကူးကူး ကမ်းပေးတဲ့ဆေးဗူးကို ဇူးဇူးက လှမ်းမယူပေ။

"နင်ကလည်း ဘာဖြစ်တာလဲ။ နင်ပဲ လိမ်းပေးစမ်းပါ။ ဇူးဇူးက ကလေးဆိုတော့ ဖြစ်သလိုလိမ်းပေးမှာ"

"အဲဒါဆို နင် မအော်နဲ့လေ"

"မအော်ဘူး"

"ပြီးရော"

ကူးကူး ဆေးကို ဆက်လိမ်းပေးလိုက်စဉ်မှာပဲ မင်းလွတ်

လပ်ရဲ့ဖုန်းက ရိန်းတုံးသံမြည်လာလေလျှင် ဖုန်းနံပါတ်ကို ကြည့်လိုက်တော့…

"မင်းလို"

ဖုန်းကို နားမှာကပ်လိုက်ပြီး…

"ဟယ်လို"

"လွတ်လပ်…မင်း အခု မင်းအမေအိမ်မှာ သွားနေတယ်ဆိုကွ"

"ဟုတ်တယ်"

"ဘာလဲ…မင်းက မင်းဘဝကို သူတို့အတွက် ပေးဆပ်မလို့လား။ ငါ ခွင့်မပြုဘူး…လွတ်လပ်။ ငါ ပြန်လာတာနဲ့ မင်းအိမ်ကိုပြန်လာခဲ့"

"ဟင့်အင်း…ငါ ပြန်မလာတော့ဘူး"

"ဘာကွ"

မင်းလိုလူရဲ့ဒေါသသံက ဖုန်းထဲမှာတောင် နားထဲအူသွားလောက်အောင်ပါပဲ။

"မင်း…ပြန်မလာလို့ မရဘူး။ ငါ ရှင်းရမယ့်ပြဿနာတွေရှိသေးတယ်။ အဲဒါ မင်းရှိမှဖြစ်မှာ"

"ဟား…မကုန်ဆုံးနိုင်တဲ့ မင်းအရှုပ်တွေ ငါ ဘယ်





လောက်အထိ လိုက်ရှင်းပေးနေရမှာလဲ မင်းလို…အခုပဲ ပြဿနာတစ်ခုက မီးမသေသေးဘူး"

"ဘာပြဿနာလဲ"

"ဝတ်လွှာကိစ္စတဲ့။ သူ့ကောင်လေးက အုပ်စုဖွဲ့ပြီး ငါ့ကိုသမလွှတ်လိုက်တာ မျက်နှာတစ်ခုလုံး ရစရာမရှိတော့ဘူး"

"အဟက်"

မင်းလွတ်လပ် ရင်ထဲ တင်းကနဲ ဖြစ်သွားလေသည်။ ယ်သံက လှောင်သလိုလို ပြောင်သလိုလိုနဲ့။ နာကျင်မှုဝေဒနာကိုစားနေရတာက ကိုယ်။ ဒါကို သူက ရယ်နေသေး။ အရင်ကတော့ ကိုယ့်အစ်ကိုဆိုပြီး ချစ်လိုက်ရတာ၊ ကြောက်လိုက်ရတာ၊ သေလေးစားလိုက်ရတာလေ။

ကြာလာတော့…

နာလုံးတွေများပြီး ပေါက်ကွဲချင်လာမိသည်ပေါ့။

"ငါ ဒီလောက်ခံလာရတာကို မင်းက ရယ်နိုင်သေးတယ်ပေါ့"

"မင်းက ငါနဲ့ ရုပ်ချင်းတူတာကိုးကွ။ အဲဒါ ငါ့အပြစ်မဟုတ်ဘူး။ ငါနဲ့ ရုပ်ချင်းလာတူတဲ့ မင်းရဲ့အပြစ်ပဲ"

"တောက်"

တစ်ဖက်က တက်ခေါက်သံကြောင့် မင်းလိုလူ မျက်မှောင်ကြုတ်သွားလေသည်။ ဖုန်းကို စပီကာဖိတ်ပြောပေမယ့် ကူးကူးက နီးနီးကပ်ကပ်ရှိနေတာမို့ အားလုံး ကြားနေရသည်ပဲလေ။

"မင်းလွှတ်လပ်…မင်းက ငါ့ကို တက်ခေါက်ရဲတဲ့သူ ရှိနေပြီပေါ့လေ…ဟုတ်လား"

"ပေးစမ်း"

ကူးကူး မင်းလွှတ်လပ်လက်ထဲက ဖုန်းကို လုယူလိုက်

"တက်ခေါက်တာ မင်းလွှတ်လပ် မဟုတ်ဘူး။ ငါ မင်းလိုလူ"

"ဟင်"

"ငါ ဘယ်သူလဲ…သိလား"

"မင်း ဘယ်သူလဲ၊ ဘာကိစ္စနဲ့ သူများကြား ဝင်ပါ တာလဲ"

"ငါ ကူးကူး…စန္ဒာကူး"

"ဟင်"

"အကြားမတော်လို့ ဝင်ပါတာ။ နင့်ကြောင့် မျက်နှာတစ် လုံး ရစရာမရှိအောင် အထိုးခံလာရတဲ့လူကို အားပေးစကားမပြော ဘဲ နိုင်လိုမင်းရစကားတွေပဲ ပြောနေတာ အံ့သြပါ့"





"ကူးကူး"

"…………"

"ဖေ့စ်ဘွတ်ဖွင့်လိုက်…ငါ မင်းလွှတ်လပ် ဒဏ်ရာတွေကို ကြည့်ချင်တယ်"

"ဘာလဲ…ဒဏ်ရာတွေကြည့်ပြီး လှောင်မလို့လား"

"ကူးကူး…နင် ဝင်မပါနဲ့"

"ဖယ်စမ်းပါ"

မင်းလွှတ်လပ်က ဖုန်းကို ပြန်လုပေမယ့် ကူးကူးက မပေး။ ဖေ့စ်ဘွတ်ကို ဖွင့်လိုက်တော့ မင်းလိုလူက video call နှင့် ခေါ်လေသည်။ ကူးကူး ဖုန်းကို မင်းလွှတ်လပ်ဆီ ပြန်ပေးလိုက် ပြီး…

"အဲဒီမှာ သေသေချာချာကြည့်"

မင်းလိုလူ မင်းလွှတ်လပ်မျက်နှာကို မြင်ရပါပြီ။ မျက်နှာ က ယောင်နေတာမြင်ပေမယ့် စိတ်မလှုပ်ရှားမိပါဘူး။ တကယ် က မင်းလိုလူ ဉာဏ်များတာလေ။ မင်းလွှတ်လပ် ဘာပဲဖြစ်ဖြစ် သူ စိတ်မဝင်စားပါဘူး။

သူစိတ်ဝင်စားတာက ကူးကူးပါ။ ကူးကူးမျက်နှာကို မြင်ချင်လို့ ဉာဏ်များလိုက်တာပါလေ။ ဒါကြောင့်…

"မင်းလွတ်လပ်"

"ပြောပါ"

"မင်းဘေးက ဘယ်သူလဲ။ ကူးကူးဆိုတာ သေချာလား"

"ကူးကူးမှ ကူးကူးအစစ်ပဲ"

"ငါ မယုံဘူး။ သူ့မျက်နှာကို ငါ မြင်ရမှယုံမယ်"

မင်းလွတ်လပ် တွေကနဲဖြစ်သွားပြီး ကူးကူးကို ကြည့်လိုက်တော့ ကူးကူးကလည်း သူ့ကို ပြန်ကြည့်လေသည်။

"ကိုကြီး"

"ဟင်"

"ဖုန်းဖုန်း ထမင်းချက်လိုက်ဦးမယ်"

"အေး...အေး"

ကူးကူးက မင်းလွတ်လပ်လက်ထဲက ဖုန်းကို ယူလိုက်

"ကဲ...ကြည့်...ငါ ကူးကူးအစစ်ပဲ။ စစ်လားမစစ်လား သိချင်ရင် ပြင်ဦးလွင်မှာ စောင့်နေ။ ငါ ပြန်လာပြီး နင့် ဆိုင်ကယ်နဲ့ တိုက်ပြမယ်"

"အဟက်"

မင်းလိုလူက ရယ်လိုက်ပြီး...

"နင် ပြင်ဦးလွင်ကို ပြန်မလာပါနဲ့။ ပင်ပန်းပါတယ်။ ငါ





အပင်ပန်းခံပြီး ရန်ကုန်ကို ပြန်လာခဲ့မယ်...ဟုတ်ပြီလား"

ပြောပြီး မင်းလိုလူက မျက်စိတစ်ဖက်ကို မှိတ်ပြလေလျှင်

"တောက်"

ကူးကူး ဖုန်းလုံးလေးကိုနှိပ်ပြီး ပိတ်ပစ်လိုက်တော့၏။

"မျက်နှာမြင်ရတာကိုက တော်တော် အကုသိုလ်များတယ်"

"အမ်"

"ဘာလဲ"

"ငါ့မျက်နှာနဲ့ တစ်ပုံစံတည်းလိုပဲလေ"

"နင်ကတစ်မျိုး"

"အား"

ကူးကူးက မင်းလွတ်လပ်ရဲ့ပါးပြင်ကို လက်ညှိုးနှင့် ထိုးလိုက်လေတော့ မင်းလွတ်လပ် မျက်နှာလေးရှုံ့မဲ့ပြီး အော်ပါလေတော့သည်။

## အခန်း (၁၉)

"မေမေ"

အလှပြင်ပြီး စလင်းဘတ်အိတ်ကိုလွယ်ကာ အပြင်ထွက်ဖို့ ပြင်လိုက်တဲ့ ဒေါ်ပန်းနုစံ မင်းလွတ်လပ်ရဲ့ခေါ်သံကြောင့် ခြေလှမ်းတွေ ရပ်တန့်သွားလေတော့သည်။

"တူးတူး…သိပ်နေမကောင်းဘူး မေမေ"

"အဲဒီတော့ ငါက ဘာလုပ်ပေးရမလဲ။ ဆေးခန်းသွားပြလိုက်လေ။ ဗူးဗူးမှာ ငါ ပိုက်ဆံပေးထားတာ ရှိတယ်"

"မေမေ"

"………"





"နေမကောင်းရင် ဆေးခန်းပြမှ ရမယ်ဆိုတာ သား သိပါတယ်"

"သိရင်သွားပြလိုက်လေ…ငါ့ကို ဘာလို့လာပြောနေသေးလဲ"

ပြောသင့်လို့ပြောရရင်တော့လေ။ သားသမီးဆိုတာ ကျန်းတဲ့အချိန်ထား။ နေမကောင်းဖြစ်တဲ့အချိန်မှာ မိဘရဲ့ဂရုစိုက်မှုကို လိုချင်သည်။ မိဘရင်ခွင်ငွေ့နဲ့ နွေးနွေးထွေးထွေး နေချင်ကြသည်လေ။

ဒါမျိုး ကိုယ်လည်း လက်တွေ့ခံစားခဲ့ရသည်ပဲဟာ။ နေမကောင်းဖြစ်ရင် အမေ့ကို လွမ်းသလိုလို၊ အဖေ့ကို လွမ်းသလိုလိုနှင့်။ မိဘရဲ့ဂရုစိုက်မှုကို လိုချင်တောင့်တမိခဲ့သည်လေ။ အဲဒီခံစားမှုကြောင့် ယောကျ်ားတန်မဲ့ မျက်ရည်ကျခဲ့ဖူးတာ ဘယ်သူ သိခဲ့သလဲ။

"မေမေရယ်…ကျန်းတဲ့အချိန်မှာ မေမေ ဘယ်သူ့ကိုမှ ဂရုစိုက်လည်းနေပါဗျာ။ နေမကောင်းတဲ့အချိန်မှာတော့ မေမေ့ကို တူးတူးအနားမှာ ရှိနေပေးစေချင်တယ်။ သားသမီးတွေက မိဘရင်ခွင်ငွေ့ကို မျှော်လင့်တောင့်တကြတယ် မေမေ။ နေမကောင်းတဲ့အချိန်မှာ အားငယ်တတ်ကြတယ်"

"အဲဒီခံစားမှုကို တူးတူးက သိနေတယ်တဲ့လား။ ငါ့ကို သူ့အနားမှာ ရှိစေချင်တယ်လို့ ပြောလား။ တူးတူးက ပြောတတ်သလား"

"မေမေ"

မင်းလွတ်လပ်ရင်ထဲ ဆို့သွားလေသည်။ မေးရက်လိုက်တာ လို့လေ။ မျက်ဝန်းဆိုတာ ဆန္ဒရဲ့တံခါးပေါက်တဲ့။ တူးတူးက ကိုယ့်လက်ကို ဆုပ်ကိုင်ပြီး ကိုကြီး ချစ်ညီအနားမှာနေနော်လို့ ခဏခဏ ပြောတတ်တာ။

မျက်ရည်လေးတွေ ဝေ့ဝေ့လာတာ သူ မပြောတတ်ရှာလို့ သာပေါ့။ လူကြီးလိုပြောတတ်ရင် တူးတူးပါးစပ်က တောင်းဆိုမှုတွေ ထွက်လာနိုင်သည်ပဲမဟုတ်လား။

"မေးရက်လိုက်တာဗျာ…တူးတူးက မပြောတတ်လို့ မပြောတာ မေမေ။ နေမကောင်းလို့ သူ့ရဲ့ညည်းတွားမှုထဲမှာ မေမေ…မေမေလို့ ခဏခဏခေါ်ခြင်းက တမ်းတမှုအရာမြောက် မနေဘူးလား မေမေ။ သားသမီးတိုင်း မိဘရင်ခွင်ငွေ့နဲ့ ပျော်ရွှင်ချင်သူချည်းပဲ"

"……….."

"ကျွန်တော် မေမေ့ကို တောင်းပန်ပါတယ်။ ကျွန်တော် မေမေ့ဆီကနေ တောင်းဆိုပါရစေ။ မေမေ အိမ်မှာပဲနေပေါ့။ ဘာမှ မလုပ်ပါနဲ့တော့ဗျာ။ ကျွန်တော်ပဲ မိသားစုစားဝတ်နေရေးအတွက် တာဝန်ယူပါရစေ။ မေမေ သားသမီးတွေအနားမှာပဲ နေပေးပါ"





ဒေါ်ပန်းနုစံ ခြေလှမ်းတွေ ရှေ့ဆက်ဖို့ ခက်သွားလေသည်။ မိန်းမဆိုတာ စိတ်ကို ဘယ်လောက်ပဲ တင်းထားတင်းထား၊ မာနတွေ ဘယ်လောက်ပဲ ကြီးပြကြီးပြ၊ မိန်းမက မိန်းမပါပဲ။ မိန်းမ တိုင်းမှာ မိခင်စိတ်ဆိုတာ ရှိကြသည်လေ။

အခု…

သားဖြစ်သူရဲ့စကားကြောင့် မိခင်တစ်ယောက်ရဲ့ နူးညံ့သိမ်မွေ့ခြင်းတွေ နိုးထလာကာ မျက်ရည်တွေ ဝေ့သီလာတော့သည်လေ။ သားဖြစ်သူဘက်သို့ ကိုယ်ကို ဖြည်းဖြည်းချင်း လှည့်လိုက်ကာ…

"သား"

"မေမေ"

မေမေ့မျက်ဝန်းမှာ မျက်ရည်တွေပါလား။ မင်းလွတ်လပ် ရင်နည်းဝမ်းသာဖြစ်ကာ နှာခေါင်းထဲမှာ မွန်စပ်စပ်ကြီး ဖြစ်သွားသည်လေ။ ငိုချင်သွားတာကြောင့်ပေါ့။

"မေမေ…မေမေ သားတို့ကို မချစ်လို့ မဟုတ်ပါဘူး

ကွယ်။ မချစ်မိအောင် ကြိုးစားရင်းပဲ အရမ်းကိုချစ်လို့ မေမေ ဒီအလုပ်တွေကို လုပ်နေတာပါ"

"မေမေရယ်"

ဒေါ်ပန်းနုစံ သားဖြစ်သူ၏ပခုံးကို ဆုပ်ကိုင်လိုက်ကာ…

"သားသမီးကိုချစ်လို့ ပစ်ပြီး မေမေ ငွေရှာနေတာပါ သားရယ်။ အထူးသဖြင့် ဖူးဖူးအတွက်ပေါ့။ အခုအချိန်မှာ ငတ်ချင် ငတ်ပါစေ။ မေမေ မရှိတော့တဲ့အချိန်မှာ မေမေ့သားသမီးတွေ မျက်နှာမငယ်စေချင်ဘူး။ ဒါကြောင့် မေမေ ပိုက်ဆံစုနေတာပါ။ ဆင်းရဲသားဘဝကို မေမေ စိတ်နာတယ်။ မေမေ့သားသမီးတွေ မေမေ့ဘဝမျိုး မရောက်စေချင်လို့ပါ သားရယ်"

"…………"

"မေမေ…သားသမီးတွေကို မချစ်လို့ မဟုတ်ပါဘူး… သား"

"သား…သား နားလည်ပါတယ် မေမေ။ ဒါပေ သားသမီးတွေရဲ့ ခံစားချက်ကိုလည်း မေမေ နားလည်ပေးပါ သားရှိတယ်။ မေမေ အနားယူပါတော့။ ကလေးတွေအနား နေပေးပါ မေမေရယ်…နော်"

"သားရယ်"





သားအမိနှစ်ယောက် တစ်ဦးကိုတစ်ဦး တင်းကျပ်စွာ ပွေ့ဖက်ထားမိကြသည်။ ဆင်းရဲသားဆို ချမ်းသာတဲ့လူတွေ ပျော်ပွဲ ရွှင်ပွဲနွှဲဖို့အတွက် လည်စင်းပေးရတဲ့ သားကောင်တွေလို့ ဒေါ်ပန်းနုစံ သတ်မှတ်ထားသည်လေ။

ဒါကြောင့်…

သားသမီးတွေကို အခု ပစ္စုပ္ပန်မှာ ငတ်တစ်ခါ ပြတ် တစ်လှည့်ထားတာသည် အနာဂတ်မှာ တင့်ကောင်းတင့်တယ်နဲ့ နေနိုင်စားနိုင်ဖို့အတွက်ပါလေ။

"မေမေ ကတိပေးပါတယ် သားရယ်။ တစ်နေ့ မေမေဟာ ခိုင်ကောင်းပီသစွာနဲ့ သားတို့လိုချင်တဲ့ဘဝကို ဖန်တီးပေးနိုင်သူ ဖြစ်စေရပါ့မယ်"

"ဝမ်းသာလိုက်တာ မေမေရယ်"

သားအမိတွေ ကိုယ်ချင်းခွာလိုက်ပြီး…

"အခုတော့ မေမေ့ကို သွားခွင့်ပြုပါ"

ဒေါ်ပန်းနုစံ သားလက်ကို ဖယ်ချခဲ့ပြီး ထွက်လာခဲ့တော့ သည်။ ညှိသည်နဲ့ ချိန်းထားတာက မသွားလို့မှ မဖြစ်ပဲလေ။

## အခန်း (၂၀)

"တိုး"

ကျားကွက်ရွှေ့နေရာမှာ နှစ်ပွဲကစားတာကို ကူးကူးက တစ်ပွဲနိုင်ပြီးပါပြီ။ အခု ဒုတိယပွဲမှာ ကူးကူးရှုံးမယ့်အခြေအနေ ဖြစ်နေပြီလေ။ ဒါကြောင့် ကူးကူးက အကွက်ရွှေ့မှားမှာစိုးလို့ စဉ်းစားနေတာကြာတော့…

"ရွှေ့လေဟာ…ကြာလိုက်တာ။ ငါ စိတ်မရှည်တော့ဘူး"

"ရွှေ့မှာပေါ့…ဘယ်လိုဖြစ်နေတာလဲ။ စဉ်းစားနေတာ မမြင်ဘူးလား"





"အဲဒီလောက် စဉ်းစားနေစရာလိုလို့လား။ အပျော်ကစားနေတာ။ လောင်းကြေးနဲ့ မဟုတ်ဘဲနဲ့"

"ဒါဆို နောက်တစ်ပွဲ လောင်းကြေးနဲ့ ကစားမယ်"

"စိန်လိုက်လေ"

"အိုကေ"

"ဒါဆို ဒီပွဲ မြန်မြန်သိမ်းအောင် မြန်မြန်ရွှေ့။ သိပ်စဉ်းစားမနေနဲ့"

"ဆက်ရွှေ့လည်း ငါ ရှုံးမှာပဲ။ အဲဒီတော့ အရှုံးပေးတယ်ဟာ"

"ဟာ…အဲဒီလိုတော့ အရှုံးမပေးနဲ့လေဟာ…ပြီးအောင်ကစား"

ကူးကူးက မျက်စောင်းထိုးလေသည်။ ပြီးတော့ ကျားကွက်ကို ဆက်ရွှေ့ကစားရာ ကူးကူး ရှုံးသွားလေသည်။

"ကဲ…ပြော…နောက်ပွဲတွေအတွက် နင် ဘယ်လိုဖြစ်ချင်လဲ"

"သုံးပွဲ ကစားမယ်။ သုံးပွဲကစားပြီးမှ အနိုင်အရှုံး ဆုံးဖြတ်ကြတာပေါ့"

"လောင်းကြေးကရော"

မင်းလွတ်လပ် တွေကနဲ ဖြစ်သွားပြီးမှ မျက်ခုံးနှစ်ဖက် မြင့်တက်သွားလေသည်။ ကူးကူးနဲ့ သူက ငွေရေးကြေးရေးနဲ့ လောင်းကြေးထပ်ပြီး ကစားရမယ့်လူတွေမှ မဟုတ်တာ။ အပျင်းပြေ ကစားကြရင်းကနေ ဒီလိုဖြစ်လာတာဆိုတော့…

မင်းလွတ်လပ်…

တစ်ခုခုကို တွေးမိပြီး ပြုံးလိုက်မိလေသည်။ ကူးကူးကို သူ ပြုပြင်ပေးချင်တာတွေရှိနေတော့ ဒီအခွင့်အရေးကို လက်လွတ်အဆုံးရှုံးခံလို့ မဖြစ်ပေ။

“လောင်းကြေးကလား”

“အင်း”

“ငွေကြေးနဲ့တော့ လောင်းကြေးထပ် မကစားချင်ဘူး အရမ်းလွယ်လွန်းတယ်”

“ဒါဆို နင်က ဘာကို လောင်းကြေးထပ်ချင်တာလဲ”

“သင်ယူတတ်မြောက်မှု”

“ဘယ်လို”

ကူးကူးက နားမလည်သလို မျက်မှောင်ကြုတ်သွားလေသည်။ သင်ယူတတ်မြောက်မှုကို လောင်းကြေးထပ်တယ်လို့ ကြားဖူးမကြားဖူးပဲလေ။





“နင်ပြောတာကို ငါ နားမလည်ဘူး”

“ရှင်းပြမယ်”

“ပြော”

“သုံးပွဲ ကစားပြီး နှစ်ပွဲနိုင်တဲ့လူက အနိုင်ဆိုတာတော့ ပြောစရာမလိုဘူး။ နိုင်တဲ့လူခိုင်းတာကို ရှုံးတဲ့လူက လုပ်ရမယ်”

“ဘာလုပ်ရမှာလဲ”

“နင်နိုင်ရင် နင်ခိုင်းတာ ငါ လုပ်မယ်။ ငါနိုင်ရင် နင့်ကို ငါ ထမင်းဟင်းချက်နည်း သင်ပေးမယ်။ အဲဒါ နင် တတ်အောင် သင်ရမယ်”

“အမ်”

ကူးကူး တွေကနဲ ဖြစ်သွားလေသည်။ ကြုံကြုံဖန်ဖန် လောင်းကြေးပါလား။ ဘာပဲဖြစ်ဖြစ် စိန်ခေါ်သူက စိန်ခေါ်နေပြီဆိုမှတော့…

“ကောင်းပြီ…နင်ပြောတာကို ငါ လက်ခံတယ်။ ပွဲစလိုက်ကြရအောင်”

“အိုကေ”

တစ်ယောက်နဲ့တစ်ယောက် ကတိပေးပြီး ပွဲစလိုက်ကြသည်။ လောင်းကြေးနဲ့ဆိုတော့ ပေါ့သေးသေးမဟုတ်ဘဲ အတော်

စဉ်းစားပြီး ကစားကြသည်ပေါ့။ ပထမဆုံးပွဲမှာ ကူးကူး နိုင်သွားလေသည်။ ဒါကြောင့် မျက်နှာက ပြုံးဖြီးနဲ့ပေါ့။

ဒုတိယပွဲကျတော့…

မင်းလွတ်လပ် နိုင်သွားလေသည်။ တတိယပွဲက အနိုင်အရှုံးကို ဆုံးဖြတ်ပေးမှာမို့ နှစ်ယောက်စလုံး ခေါင်းပူအောင် စဉ်းစားကြသည်ပေါ့။ ကစားရင်း…ကစားရင်းနဲ့ မင်းလွတ်လပ် မျက်နှာက ပြုံးလာပြီး ကူးကူးမျက်နှာလေးကတော့ အိုစာနေလျက်ပါ။

နောက် ခဏကြာတော့…

"ကဲ…ပွဲသိမ်းပြီဗျာ…ဒီတစ်ခါ ပွဲသိမ်းပွဲငြိမ်းပါပဲခင်ဗျ"

"အဟင့်"

"မင်းလွတ်လပ် အနိုင်ရရှိကြောင်းပါခင်ဗျား။ ဟား… ဟား…ဟား"

"အဟင့်…ဟီး"

"ဟာ"

မင်းလွတ်လပ်က သူနိုင်ကြောင်းပြောပြီး ရယ်လေတော့ ကူးကူးက ငိုဟန်ပြုလေသည်။ တကယ်တော့ ကူးကူးဆိုတာ အရင်က ငိုခဲ့ရယ်ခဲ့တဲ့ မိန်းကလေးတစ်ယောက်ပါလေ။ အခုတော့ မင်းလွတ်လပ်က ရယ်စရာတွေပြောလို့ ရယ်တတ်ခဲ့သလို…





အခု…

မငိုချင်ဘဲ ငိုချင်ဟန်ဆောင်တတ်ခဲ့ပြီလေ။ ဘာ့ကြောင့်လဲလို့ ကိုယ့်ကိုယ်ကိုယ် ပြန်မေးကြည့်တော့ အဖြေက မထွက်ပေ။

"ငိုတာလား"

"ငိုတာလေ…မမြင်ဘူးလား"

"ငါက နင့်ကို ငိုတတ်မယ်လို့ ထင်မထားလို့ပါဟ။ ငိုတတ်တယ်ပေါ့နော်…ဟုတ်လား။ မယုံနိုင်စရာပဲ..ဟား.. ဟား"

"မင်းလွတ်လပ်"

"ခင်ဗျာ"

"အီး…ဟီး"

"ဟောဗျာ"

ကူးကူး စိတ်တိုပြီး တကယ်ငိုတော့ မင်းလွတ်လပ် ပျာပျာသလဲ ဖြစ်ရပြီပေါ့လေ။

"ကူးကူး…ဟာ…တကယ်ငိုတာပဲ။ ငါက ချစ်လို့စတာပါဟာ…အဲ"

"ဟင်"

မင်းလွတ်လပ် လွတ်ကနဲ ထွက်သွားတဲ့စကားကြောင့်

ကိုယ့်ပါးစပ်ကို လက်ဝါးနှင့် ပိတ်လိုက်မိသလို ကူးကူးလည်း
ဟင်ကနဲဖြစ်ကာ ငိုသံထပ်မထွက်တော့ပေ။

''ဆောရီး…ဆောရီးပါ၊ မငိုပါနဲ့ဟာ…ငါက စတာပါ''

''ရပါတယ်''

နှစ်ယောက်စလုံး ငြိမ်သက်သွားကြပြီး စကားမပြောဖြစ်
ကြပေ။ ပြီးတော့ တစ်ယောက်နဲ့တစ်ယောက် ခိုးကြည့်ပြီး
အကြည့်ချင်းဆုံတော့ ရင်တွေခုန်ရပြန်သည်လေ။

''ကူးကူး''

''ဟင်''

''နင် ချက်ရေးပြုတ်ရေးကိစ္စ တတ်ရောတတ်ချင်ရဲ့လား''

''တတ်ချင်ချင် မတတ်ချင်ချင် ငါ ရှုံးသွားပြီပဲ။ ငါ
ကတိမဖျက်ဘူး''

''ဝမ်းသာစရာပဲ''

ကူးကူးက မျက်စောင်းထိုးလေသည်။

''အဟဲ''

''………''

''မျက်စောင်းမထိုးပါနဲ့ဟ''

''ဘာဖြစ်လို့လဲ''





''ရင်တွေခုန်လို့''

''ကဲဟာ''

''အု''

''သေပါပြီဗျာ''

''ဝမ်းသာလိုက်တာ''

ကူးကူးက မင်းလွတ်လပ်ကို ထုလိုက်လေတော့ မင်းလွတ်
လပ်မျက်နှာလေး ရှုံ့မဲ့သွားလေသည်။ ဒါကိုကြည့်ပြီး ကူးကူးက
ကျေနပ်နေလို့ပေါ့။

''အေးပါ… နင် ငါ့ကိုနိုင်ပါ။ ယောကျ်ားရရင် နင်
ဝင့်လည်လိမ့်မယ် သိလား''

''ဘာဆိုင်လို့လဲ''

''နင် ယောကျ်ားရရင် နင့်ယောကျ်ားက နင့်ကို ပြန်နိုင်လိမ့်
မယ်''

''ငါက ယောကျ်ားမယူဘူး''

''သီလရှင်ဝတ်မလို့လား။ မလုပ်ပါနဲ့ဟာ…ငှက်ပျောတုံး
တွေ ဈေးကြီးပါတယ်''

''မင်းလွတ်လပ်နော်''

''အဟဲ…မုန့်ဟင်းခါးဆိုင်တွေက ငှက်ပျောပင်ဖြန်းတီးမှုနဲ့

နှင့်ကို တရားစွဲမှာစိုးလို့ ပြောတာပါဟ"

ပြောပြီး မင်းလွတ်လပ်က ထပြေးလေတော့သည်။ ကူးကူးကလည်း လိုက်သည်လေ။ ကိုယ့်ဘဝကိုယ် အလိုမကျလို့ ခပ်ဆိုးဆိုးဖြစ်ခဲ့တဲ့ ကူးကူးတစ်ယောက် အခုတော့ ပျော်ရွှင်သလိုလို ဘာလိုလိုနဲ့…

ဆက်ဆံရေးလည်း လိုက်လျောညီထွေ ဆက်ဆံတတ်လာခဲ့ပြီပေါ့လေ။ အဲဒီအတွက် ကျေနပ်ပီတိ ဖြစ်ရသူကတော့ ဒေါ်နွယ်ဇင်ဝင်းပဲပေါ့။





## အခန်း (၂၁)

ဦးမောင်မောင်ချိုတစ်ယောက် သမီးကို သတိရမိခြင်းနှင့်…တူ ဒေါ်သလည်း ထွက်မိသည်။ ဘယ့်နှယ် ကိုယ့်အိမ်ကနေ…အမေဆီ ထွက်သွားပြီဆိုကတည်းက သတိရရင် ကိုယ်ကပဲ…း စဆက်နေရတာ။ သမီးဘက်က စဆက်ဖို့များ….

မျှော်သာမျှော်ရတယ်…

တစ်ခါလေးပင် ဖုန်းစမဆက်ပေ။ ဒီတော့ ဒေါ်သဖြစ်ဖြစ်…် ဖုန်းခေါ်လိုက်တော့သည်။

"သမီး…ဖုန်းလာနေတယ်"

ရိုန်းတုံးသံက ဖေဖေ ဖုန်းခေါ်ရင် သိသာအောင် သီးသန့် ထည့်ထားသည်မို့…

"မေမေ ကိုင်လိုက်ပါ"

"ညည်းလေးအဖေ ခေါ်တာလေ"

"မေမေပဲ ပြောလိုက်ပါ မေမေရဲ့။ သမီးပြောရင် ပြန်ခေါ် နေမှာစိုးလို့ကို"

ကူးကူး ဉာဏ်များလိုက်တာပါလေ။ ဖေဖေ့ကို သတိရလို့ ဖုန်းဆက်ချင်ပေမယ့် ဖေဖေက မခေါ်ဘဲနေမှာစိုးလို့ ကူးကူး ဖုန်းမခေါ်တာပါ။ ဖေဖေက စခေါ်ရင် အခုလို ဉာဏ်များပြီး မေမေ့ကို ဖုန်းကိုင်စေချင်လို့လေ။

ဒါမှ…

ဖေဖေနဲ့မေမေ ကူးကူးအကြောင်းပြောကြရင်း သံယောဇဉ် တွေ ပြန်ပြီးပေါင်းကူးစေချင်လို့ပေါ့။

"သမီးဘာသာပဲ ပြောပါ။ မေမေ သူနဲ့ မပြောချင်ဘူး"

"မေမေကလည်း မေမေပဲ ပြောလိုက်ပါဆို။ အဲဒါ မေမေ ယောက်ျားလေ"

"ကူးကူးနော်"

"မဟုတ်လို့လား"





ဒေါ်နွယ်ဇင်ဝင်း သမီးဖြစ်သူကို မျက်စောင်းထိုးမိလိုက်လေ သည်။ ဖုန်းရိုန်းတုံးသံက အဆက်မပြတ် မြည်နေသည်မို့ ဒေါ်နွယ်ဇင်ဝင်း ဖုန်းကိုင်လိုက်ရတော့သည်။

"ဟယ်လို"

"ဖုန်းခေါ်နေတာကြာပြီ…ဘာလို့ မကိုင်တာလဲ။ ကူးကူး က နေနိုင်တယ်ပေါ့လေ…ဟုတ်လား။ နင့်အမေက နင့်ကို ဘယ်လို ဘာတွေပြောပြီး သိမ်းသွင်းထားလို့ ငါ့ဆီ ဖုန်းမဆက် တာလဲ…ပြောစမ်း"

"ကိုမောင်မောင်ချို ရှင် မတရားမပြောနဲ့နော်။ ကျွန်မ သမီးကို ဘာသွေးထိုးစကားနဲ့မှ မသိမ်းသွင်းဘူး။ သူ့ဘာသာ ဆက်ချင်လို့ မဆက်တာ။ ကျွန်မကို အပြစ်မလုပ်နဲ့"

"ဟင်"

ကူးကူးမှတ်လို့ ပြောချင်တာတွေ ပြောချလိုက်တဲ့ ဦးမောင် မောင်ချို ကြောင်သွားလေတော့သည်။ ပြီးမှ…

"ငါက ကူးကူးမှတ်လို့ပြောတာ"

"ရှင့်သမီးက ဖုန်းမကိုင်ဘူးလေ"

"အဲဒါ မင်းရဲ့သမီး မဟုတ်ဘူးလား"

"ဟုတ်တယ်လေ…ကျွန်မသမီး။ ရှင့်သမီးရော မဟုတ်

ဘူးလား"

"ဟုတ်တယ်…ငါ့သမီး…မင်းရဲ့သမီး။ မင်းနဲ့ ငါ့ရဲ့သမီး"

"တော်…တော်…ရှင့်စကားကို ဒီမှာတင် ရပ်တော့"

"ခစ်…ခစ်"

ကူးကူး ရယ်မိတော့သည်။ ကလေးတွေ ရန်ဖြစ်နေတဲ့အတိုင်းပါပဲ။ အဲဒီလိုဖြစ်အောင်ကိုပဲ ကူးကူး တမင်ဖုန်းမကိုင်တာလေ။ ရန်ဖြစ်လိုက် ပြန်ချစ်လိုက်လို့ ပြောနေသံတွေကြားတော့ ဖေဖေနဲ့ မေမေလည်း ရန်ဖြစ်ရင်း ပြန်ချစ်သွားနိုင်ကြတာပဲလေ။

"ကူးကူးရေ…ကူးကူး ဘယ်မှာလဲ"

"ရှိတယ်"

"သူ့ကို ဖုန်းပေးလိုက်။ ငါ…ငါ့သမီးနဲ့ စကားပြောချင်လို့ သူ့ဖုန်းကို ဆက်တာ"

"ပေးမယ်…ပေးမယ်။ ဒီကလည်း ရှင်နဲ့စကားပြောချင်လွန်း…လွန်းလို့"

ဒေါ်နွယ်ဇင်ဝင်း ချက်ချင်းပဲ ဖုန်းကို နားမှခွာလိုက်ကာ…

"ရော့…ကူးကူး…နင့်အဖေကို နင့်ဘာသာပြော"

"မေမေပဲ ကြည့်ပြောလိုက်ပါဆို"





"ကြည့်လည်းမပြောဘူး။ ကျောခိုင်းလည်း မပြောဘူး။ ညည်းအဖေ လူ့ဝွစာနဲ့ ဘာမှကို မပြောချင်တာ"

"ဘာကွ"

"ကြားတဲ့အတိုင်းပဲ"

ပြောပြီးတာနှင့် ဒေါ်နွယ်ဇင်ဝင်း ဖုန်းကို ကူးကူးလက်ထဲသို့ အသည့်ပေးလိုက်လေတော့သည်။ ကူးကူးက ရယ်ပြီးခေါင်းခါတာတောင်မရ။ အတင်းကို ပေးနေတော့တာပါပဲ။

"ဟုတ်ကဲ့…ပြောပါ ဖေဖေ"

"ဘာအခုမှ ပြောပါလဲ။ စောစောကတည်းက ပြောပါလား"

"ဖေဖေကလည်း ကူးကူးက မေမေနဲ့ ပြောပါစေတော့ပြီး ပေးပြောတာကို။ မေမေ့အသံလေး ကြားစေချင်လို့ စေတနာကို…အဟဲ"

"ကူးကူးနော်…ညည်း ကျပ်ကျပ်သတိထား"

သမီးဖြစ်သူကို မျက်စောင်းထိုးပြီး ဒေါ်နွယ်ဇင်ဝင်း ထသွားလေတော့သည်။

"အံမယ်…သူကများ ငါ့သမီးကို ဆူရတယ်ရှိသေး။ ဒီမှာ နွယ်ဇင်ဝင်း"

"နှယ်ဇင်ဝင်းက မရှိတော့ဘူး။ သွားပြီ…ဖေဖေရဲ့"

"ဟင်"

"ဖေဖေကလည်း ဒေါသချည်းပဲ။ စိတ်လျှော့စမ်းပါ"

"အမယ်…ညည်းကပဲ ပြောရတယ်ရှိသေး။ ဖေဖေ့ဆီကို ဘယ်တော့ပြန်လာမှာလဲ…ပြော"

"ဖေဖော်ဝါရီ ၃၀"

"ဘာ"

ဖေဖေက အော်ပေမယ့် ကူးကူးကတော့ ရယ်နေလို့ပါ။ အရင်ကဆို ဖေဖေအော်ရင် ပြန်အော်မိသည်လေ။ ဂျစ်ကန်ကန် ပြောတတ်တာလည်း ကူးကူးပဲ မဟုတ်ခဲ့လားလေ။

"ဖေဖေကလည်း ကူးကူးက စတာပါ။ ဒီမှာ ကူးကူး ထမင်းဟင်းချက်တာတွေ သင်နိုင်းဦးမလို့ ဖေဖေရဲ့။ စိတ်ချ… ကူးကူး ဖေဖေ့ဆီ ပြန်လာမှာပါ။ မေမေ့ကိုပါ ခေါ်လာခဲ့မယ်"

"ကူးကူး…ဒါ နောက်စရာမဟုတ်ဘူးနော်။ အချိုးတွေ ပြောင်းနေတယ်ပေါ့…ဟုတ်လား"

ဦးမောင်မောင်ချို တကယ်အံ့သြမိတာ အမှန်ပါ။ ကိုယ့်ဆီမှာတုန်းက သမီးက ကိုယ့်ထက်ပိုပြီး စိတ်တိုတတ်တာလေ အခုလို ရယ်သံလည်း မကြားဖူးသလောက်ပါပဲ။ ပြီးတော့ ထမင်း





ဟင်းချက်တာတွေ သင်ဦးမတဲ့။ မင်း သိပ်တော်ပါတယ် နှယ်ဇင်ဝင်း။ သမီးကို ဘယ်လိုသွန်သင်ဆုံးမသိမ်းသွင်းလိုက်တယ် မသိပါဘူး။

ဘာပဲဖြစ်ဖြစ်…

သမီးရဲ့ပြုပြင်ပြောင်းလဲခြင်းအတွက်တော့ ကျေးဇူးတင်ရမှာပေါ့လေ။

"သမီး"

"ဟုတ်ကဲ့…ပြောပါ ဖေဖေ"

"ဖေဖေ ဖုန်းချလိုက်တော့မယ်"

"ဟုတ်ကဲ့ပါ ဖေဖေ"

ဦးမောင်မောင်ချို ဖုန်းချသွားတော့ ကူးကူး ငိုင်သွားလေသည်။ ဖခင်ဖြစ်သူကို ကူးကူး မလွမ်းဘဲရှိပါ့မလား။ ဒါပေမဲ့…

## အခန်း (၂၂)

"ကူးကူး"

"..........."

"ကူးကူး"

"ဟင်"

ကူးကူးကားဝင်လာသံကြားသားပဲ။ မင်းလွတ်လပ် ဈေးဝယ်သွားရာကနေ ပြန်လာပြီဆိုတာ သိတယ်လေ။ တမင်ကို ထွက်မကြိုတာ။ ကူးကူး ချက်နည်းပြုတ်နည်းတွေ သင်ရမယ် ဆိုတော့ မေမေက ကျေနပ်ပီတိဖြစ်လို့ပါ။





ပိုက်ဆံထုတ်ပေးပြီး...

လိုလေသေးမရှိ ဝယ်ခိုင်းသည်ပေါ့လေ။ ကူးကူး ထမသွားဘဲ ပေကပ်ထိုင်နေလေလျှင်...

"ကူးကူးရေ"

"ဘာတုံး"

"ဟ...လေသံကလဲ။ ဝယ်လာတာတွေကို လာကူသယ်ဦးလေဟာ"

"နင့်ဘာသာနိုင်အောင်သယ်ခဲ့လေ"

"ငါတစ်ယောက်တည်းမနိုင်လို့ နင့်ကို ကူဖို့ခေါ်တာပေါ့ဟ"

"တစ်ခေါက်သယ်လို့မနိုင်ရင် နှစ်ခေါက်ပြန်သယ်လေ"

"ပြီးရောဟာ...ပြီးရော"

မင်းလွတ်လပ် ထပ်ပြောမနေတော့ဘဲ ဝယ်လာတဲ့ပစ္စည်းတွေကို မနိုင်မနင်းနှင့် သယ်လာခဲ့တော့သည်လေ။

"ဘုတ်"

"ကျွတ်"

လက်ထဲကအထုပ်တွေ ပြုတ်ကျတာ ပြုတ်ကျကုန်တော့ မင်းလွတ်လပ် စိတ်တိုသွားလေတော့သည်။

"ကူးကူး"

“ပြော”

“နင် ငါခိုင်းတာ လုပ်ရမှာလေ။ လာ..အခု လာကူသယ်”

“မသယ်ဘူး”

“ဒါဆို ကတိမတည်ဘူးပေါ့”

“ဘာ”

ကူးကူး ဆတ်ကနဲ ထရပ်လိုက်မိတော့သည်။ ကူးကူး ကတိတည်ချင်တဲ့သူလေ။ ကတိကို တန်ဖိုးထားတဲ့လူ။ ဒါကြော ဘောက်ဆတ်ဆတ်နှင့်သွားလိုက်ပြီး...

“ပေး”

မင်းလွတ်လပ်လက်ထဲက ဆွဲခြင်းကို ဆွဲယူလိုက် မျက်နှာလေးရှုံ့မဲ့သွားကာ...

“အား...လေးလိုက်တာ”

“သိပြီလား...နိုင်အောင်သယ်”

ကူးကူး မနိုင်မနင်းနှင့် သယ်ရတော့သည်လေ။

“အား...လေးလိုက်တာ၊ မင်းလွတ်လပ် ငါ မနိုင် နော်”

“နိုင်အောင်သယ်”

“အား”





“ဘုတ်”

“ကဲ”

“ကျွတ်”

ကူးကူးတစ်ယောက် ဆွဲခြင်းကို လွှတ်ချလိုက်၊ ပြန်သယ်လိုက်ဖြစ်နေသည်လေ။ ဒီတော့...

“ဒေါ်ငွေး...ဒေါ်ငွေးရေ...ဒေါ်ငွေး လာကူသယ်ပါဦး”

“ဟေ့...ဒေါ်ငွေးကို အကူမခေါ်နဲ့လေ။ ကစားလို့ရှုံးတာ ဒေါ်ငွေး ရှုံးတာမှမဟုတ်တာ။ နင်ရှုံးတာ နင်ပဲသယ်”

“နင်...နင် အနိုင်မကျင့်နဲ့နော်”

“ကတိလေ...ကတိ”

“ပြီးရော...ငါ့ဘာသာ ဘယ်လိုသယ်သယ်”

ကူးကူး ဆွဲခြင်းရဲ့လက်ကိုင်ကိုင်းကနေ ကိုင်ပြီး ဆွဲခြင်းကို ဒရွတ်တိုက်ဆွဲလေလျှင်...

“ဟာ...ဟေ့...ကူးကူး”

စိတ်ရောကိုယ်ပါ မြန်လိုက်တဲ့ ကူးကူး။ ဆွဲခြင်းကို ဒရွတ်တိုက်ပြီး ဆွဲသွားလိုက်တာ မင်းလွတ်လပ် တားလို့မမီလိုက်ပေ။

“ဟူး”

မင်းလွတ်လပ် လေကိုမှုတ်ထုတ်ပြီး ခေါင်းသာခါလိုက်မိ

တော့သည်။ ကူးကူးကတော့ မီးဖိုချောင်ထဲအထိ ဆွဲခြင်းကို ဒရွတ်တိုက် ဆွဲသွားလေတော့…

"ဟဲ့…ကူးကူး…ဒါက ဘယ်လိုဖြစ်လာရတာတုံး"

"မနိုင်လို့လေ…နိုင်တဲ့နည်းနဲ့ သယ်လာတာ"

"ဟောတော့"

ဒေါ်ငွေးတစ်ယောက် ခေါင်းကုတ်လိုက်ကာ…

"မှတ်တောင်ထားရဦးမယ်"

"မှတ်ထား ဒေါ်ငွေးရေ…မှတ်ထား။ နောက်ဆို ဒေါ်ငွေ လည်း မနိုင်မနင်းဖြစ်ရင် အဲဒီလိုသာသယ်"

"အေး…အေး…မှတ်ထားရမယ် မောင်လွတ်လပ်ရေ… နော်"

ဒေါ်ငွေးနဲ့ မင်းလွတ်လပ်က ရယ်ပေမယ့် ကူးကူးက နှုတ်ခမ်းစူနေလို့ပါလေ။ သူ မနိုင်မနင်းသယ်ရလို့ ဒေါကန်နေတာ လေ။

"ကဲ…ချက်မှာလား။ ဘာလုပ်ရမလဲ…ဘာချက်ရမလဲ ပြော"

"ဖြည်းဖြည်းပေါ့ဟ"

"ဖြည်းမနေနဲ့…လုပ်မှပြီးမှာ"





"ကဲ…ဒေါ်ငွေးရေ…စလိုက်ကြရအောင်ဗျာ"

"အေး…အေးပါ"

ဒေါ်ငွေးရယ် မင်းလွတ်လပ်ရယ်၊ ကူးကူးရယ် သုံးယောက် သား လုပ်ငန်းစကြလေတော့သည်။ မင်းလွတ်လပ် ငရုတ်သီး ထောင်းပေးနေစဉ်မှာပဲ ဖုန်းကဝင်လာသဖြင့် ဖုန်းကိုင်လိုက်စဉ်…

"ဟယ်လို"

"လွတ်လပ်"

"ပြောပါ မင်းလို"

"ငါ ရန်ကုန်ကို ပြန်လာနေပြီ။ ငါ အိမ်ပြန်ရောက်တာနဲ့ အိမ်မှာ မင်းရှိနေတာ မြင်ချင်တယ်"

"ကျွတ်"

"ဘာလဲ…မင်းက ပြန်မလာနိုင်ဘူးလား"

မပြန်ရင်လည်း ပြဿနာရှာဦးမှာပဲလေ။ ဒီတော့ ခဏဖြစ် ဖြစ် ပြန်ရတော့မှာပေါ့။

"အခု…မင်း ဘယ်ရောက်နေပြီလဲ"

"မန္တလေး"

"ဒါနဲ့များ"

"ကြိုပြောထားတာ"

"အေးပါ…မင်း ပြန်ရောက်တာနဲ့ ငါ့ကို မင်း အိမ်မှာ တွေ့စေရမယ်"

"အိုကေ…ဒါပဲ"

မင်းလိုလူ ဖုန်းချသွားလေတော့ မင်းလွတ်လပ် သက်ပြင်းချလိုက်မိသည်။ သူ့ကို ကိုယ်က ချစ်နေသရွေ့ သူ ပြဿနာရှာမှာ မခေါ်တော့မှာ စိုးရိမ်နေသရွေ့ မင်းလွတ်လပ်ဆိုတဲ့ကောင် ဝင့်မကျွတ်နိုင်ဘူးပေါ့။

မင်းလွတ်လပ်ဆိုတဲ့နာမည်ကို ဘယ်သူက ဘယ်လိုရည်ရွယ်ချက်နဲ့ ကင်ပွန်းတပ်ခဲ့ပါလိမ့်။ တကယ်တမ်းမှာ မင်းလွတ်လပ်ဘဝက လွတ်လပ်မှုမှ မရှိဘဲလေ။

"မင်းလွတ်လပ်"

ကူးကူး မင်းလွတ်လပ် မျက်နှာမကောင်းတာကို သတိထားမိလေတော့…

"မျက်နှာက ဘာဖြစ်သွားတာလဲ။ ဘယ်သူ ဖုန်းဆက်တာလဲ"

"မင်းလိုလူ ဆက်တာ"

"ဘာတဲ့လဲ"

မင်းလွတ်လပ် ခေါင်းခါပြလေတော့ ကူးကူး မျက်နှာလေး





ညည်တင်းသွားလေသည်။ သိတာပေါ့။ မင်းလိုလူ တစ်ခုခုပြောခိုက်ပြီဆိုတာကိုလေ။ မင်းလွတ်လပ်ကလည်း သတ္တိမရှိလိုက်ဘာ။ မင်းလိုလူကို ဘာကြောင့် ကြောက်နေရတာလဲ။

မင်းလွတ်လပ်ကို…

ကူးကူး အားမရပေ။

"နင်ကလေ…ယောကျ်ားမဟုတ်တဲ့အတိုင်းပဲ သိလား"

"တော်တော့ ကူးကူး…အလုပ်လုပ်ရအောင်"

မင်းလွတ်လပ် အလုပ်လုပ်ရင်းပဲ ရယ်စရာတွေ ပြောမိသည်။ ကိုယ်ပျော်နေလို့မဟုတ်။ ကူးကူးကို စိတ်မဆင်းရဲစေချင်လို့ပါ။ ကိုယ့်ကြောင့် စိတ်မကောင်းမဖြစ်စေချင်ဘူးလေ။

"ဟား…ကူးကူး"

"ဟင်…ဘာလဲ"

"နင် လိုးထားတဲ့ကြက်သွန်ကို ကြည့်ပါဦး။ တစ်တုံးစ်တုံး လူကို ပေါက်သတ်တောင်ရတယ်"

"………"

"ဒီမှာ ကြည့်ပါဦး"

မင်းလွတ်လပ်က ကြက်သွန်ဖတ်ထူထူတွေကို ယူပြလေခြင်…

"ငါလည်း ပါးပါးလိုးတာပဲ"

"ပါးပါး"

"အေးလေ"

"ပါးလို့သာပဲ…ထူထူလိုးခိုင်းရင် ဒီအတိုင်း အလုံးလိုက် ထားမလားပဲ"

"သေချာတာပေါ့"

"ဒီမှာကြည့်"

မင်းလွတ်လပ်က ထူနေတဲ့ကြက်သွန်ဖတ်နှင့် မီးဖိုချောင် တံခါးပေါက်ဆီသို့ လှမ်းပစ်လေလျှင်…

"ဖတ်"

"အလို"

"ဟာ"

စောစောက အပြင်ထွက်သွားပြီး အခုပြန်ဝင်လာတဲ့ ဒေါ်ဌေးရဲ့နဖူးကို ကြက်သွန်ဖတ်က သွားမှန်လေလျှင်…

"ဆောရီး…ဆောရီးပါ ဒေါ်ဌေးရယ်။ ကျွန်တော်ပစ်မှ ဒေါ်ဌေးက ဝင်လာတာကိုး"

"အေးပါဟယ်…ငါကိုက ကံငယ်တာပါ"

"အား"





"ဟင်"

"အား"

ကူးကူးအော်သံကြားလို့ လှည့်ကြည့်လိုက်တော့ ကူးကူးက မျက်လုံးကိုမှိတ်ပြီး လက်ဝါးနှင့်အုပ်ကာ မျက်နှာလေးရှုံ့မဲ့နေလေ သည်။

"ကူးကူး ဘာဖြစ်တာလဲ"

"ကြက်သွန်လိုးပြီး လက်မဆေးရသေးဘဲနဲ့ မျက်လုံးကို ပွတ်မိတာ"

"စပ်သွားတာလား"

"စပ်တာပေါ့…မွန်လည်းမွန်တာ"

"ဒါဆို မျက်နှာသစ်"

"ရေခပ်ပေး"

"ကဲဟာ…လာ"

မင်းလွတ်လပ် ကူးကူးကိုယ်လေးကို ဆွဲကနဲ ပွေ့ချီကာ ဘာစင်ဆီသို့ ခေါ်သွားလိုက်သည်။ ပြီးတော့ သူကိုယ်တိုင် မျက်နှာသစ်ပေးလိုက်ပြီး…

"ရေနဲ့ မျက်လုံးကို ဖွင့်လိုက်ပိတ်လိုက်လုပ်ကြည့်"

မင်းလွတ်လပ် ဂရုစိုက်နေပုံက တကယ့်ကို ကလေးကို ဂရု

စိုက်နေတဲ့အတိုင်းပါပဲ။ သူတို့ကိုကြည့်ပြီး ဒေါ်ဌေး ပြုံးမိလေသည်။ ဒီကလေးနှစ်ယောက်သာ နီးစပ်သွားရင် ဘယ်လောက်များကောင်းလိုက်မလဲလို့လည်း တွေးမိသည်ပေါ့လေ။

"သက်သာလား"

"အင်း"

"ဟူး…တော်သေးတာပေါ့။ ဒီနေ့ ထမင်းစားရမှာ မျိုကျပါ့မလားမသိဘူး"

"မျိုမကျ မစားနဲ့ပေါ့"

"အလကား စတာပါဟာ..စိတ်ချည်းပဲ"

မင်းလွတ်လပ်က ကူးကူးရဲ့ခေါင်းကိုပုတ်၍ ပြောလေသည်။ သံယောဇဉ်ဆိုတာက အခက်သားလား။ တွယ်တော့တွယ်မိနေတာ အမှန်ပါပဲ။ ကူးကူးများ ပြင်ဦးလွင်ပြန်သွားရင်လို့တွေးမိလိုက်တော့…

အခုကတည်းက…

လွမ်းသလိုလို ဘာလိုလိုနှင့် ရင်ထဲမှာ ဘယ်လိုကြီး ခံစားသွားရမှန်းမသိပေ။





## အခန်း (၂၃)

"တီ…တီ"

"………"

"တီ…တီ"

"ဟော"

ကားဟွန်းတီးသံကြောင့် အားလုံး ခါးမတ်သွားကြလေသည်။ မင်းလိုလူ ပြန်လာမယ်ဆိုလို့ စောင့်နေကြတာပေါ့။ ကားဟွန်းတီးသံကြားတော့ အရင်ဆုံး ထရပ်လိုက်သူက မင်းလွတ်လပ်ပါ။

"ပြန်လာပြီထင်တယ်"

နောက်ထပ် ထရပ်လိုက်သူက ဒေါ်ဝင့်ခိုင်ဦးဖြစ်ပြီး မင်းလွတ်လပ်နှင့် ရှေ့ဆင့်နောက်ဆင့် ထွက်လာခဲ့ကြတော့သည်။

"သား"

"မေမေ"

သားအမိတွေ တစ်ယောက်ကိုတစ်ယောက် တင်းတင်းကျပ် ဖက်လိုက်ကြသည်။

"ဟော့…သား"

"ဖေဖေ"

"ငါ့သား ပိုချောလာသလိုပါလားကွ"

"သလိုပါလားဖြုတ်ပြီး ပိုချောလာတယ်လို့ ရဲရဲပြောလိုက်စမ်းပါ ဖေဖေရ"

"အေး…အေး…ဟုတ်သားကွ။ ဟား…ဟား…ဟား…ဟား"

"မင်းလိုလူ အကြည့်က မင်းလွတ်လပ်ဆီကို ရောက်သွားကာ…

"ဟာ…ငါ့ညီက တော်တော်သန့်ပြီး ချောလာပါလားကွ"

"မင်းနဲ့ငါ…ငါနဲ့မင်း အပေါ်ယံလွှာချင်းက အတူတူပဲ





ကွာ"

"အေးပါ…ရုပ်ချင်းတူတာကလွဲလို့ အကြောင်းအရာအားလုံးက ကွဲပြားနေတာပဲ"

"မှန်တာပေါ့"

"မင်းနဲ့ငါ စကားတွေ အများကြီးပြောချင်တယ်"

အားလုံး အိမ်ထဲသို့ ဝင်ခဲ့ကြတော့သည်။ စကားစမြည်ပြောကြပြီး လူခွဲကာ မင်းလိုလူနှင့် မင်းလွတ်လပ် နှစ်ယောက်တည်းရှိနေချိန်မှာတော့…

"မင်းလွတ်လပ်"

"……….."

"မင်းနဲ့ကူးကူး တော်တော်ရင်းနှီးနေကြပြီလား"

"ဘာဖြစ်လို့ မေးတာလဲ"

"သိချင်လို့မေးတာပေါ့"

"ဟုတ်တယ်…ကူးကူးနဲ့ငါက အရမ်းခင်နေကြပြီ"

မင်းလိုလူ အပြုံးမပျက်နှင့် ခေါင်းညိတ်လေသည်။ ဘယ်အပြုံးပျက်ပါ့မလဲ။ မင်းလွတ်လပ်ဆိုတာ မင်းလိုလူ ခိုင်းသမျှ ခေါင်းခါခွင့်မရှိ လုပ်ပေးနေရတဲ့ကောင်ပဲမဟုတ်လား။ မင်းလိုလူ ခိုင်းတာကို ငြင်းဆန်ရဲတဲ့ကောင်မှ မဟုတ်ဘဲလေ။

"ကူးကူးက မင်းကို တော်တော်ခင်လား"

"ဆိုပါတော့"

"ဆိုပါတော့ဆိုတာက"

"သူ့ရင်ထဲက အတိမ်အနက်ကို ငါ ဖောက်ထွင်းမြင်နိုင်တဲ့ အတတ်ပညာ တတ်မထားလို့ မတင်မကျ ပြောရတာပါ"

"ဟုတ်ပါပြီ…မင်းတို့နှစ်ယောက် ဘယ်လောက်ပဲ ရင်းနှီး ရင်းနှီး ငါ ဂရုမစိုက်ဘူး။ ငါ ပြောချင်တာက"

"ပြောပါ"

"ဒီနေ့ကစပြီး မင်း ကူးကူးနဲ့ပတ်သက်စရာ မလိုတော့ဘူး"

"ဟင်"

မင်းလွတ်လပ် မျက်လုံးဝိုင်းနှင့် မင်းလိုလူကို ကြည့်လေသည်။ အမြဲတမ်း သူ ခိုင်းသမျှလုပ်၊ သူ့အမိန့်ကို နာခံခဲ့သမျှ အခုကိစ္စကျတော့ နာခံဖို့ ခက်ခဲလှပါသည်။ သံယောဇဉ်ဆိုတာ ဖြတ်တောက်ရ အခက်ဆုံးရောဂါတစ်မျိုးပါပဲ။ ဒါကို တားဆီး ပိတ်ပင်လာတော့…

"မင်း…ငါ့ကို အမိန့်ပေးတာလား"

"ငါပြောရင် မင်း ဘယ်တုန်းက ခေါင်းခါဖူးလို့လဲ"

အခုတစ်ခါ ခေါင်းခါခွင့်ပြုပါလို့ ပြောလိုက်မိတာ စိတ်ထဲ





ဘပါလေ။

"ပွင့်ပွင့်လင်းလင်းပြောရရင် ငါ ပြင်ဦးလွင်မှာကတည်း က ကူးကူးကို စိတ်ဝင်စားခဲ့တာ။ သူ့သတ္တိကို ကြိုက်တယ်။ သူ့ အမူအရာကို ချစ်တယ်"

"မင်း ကူးကူးကို မင်းတွဲတဲ့ မိန်းကလေးတွေလို တန်းတူ သတ်မှတ်လို့ မရဘူး…မင်းလိုလူ"

"ငါ…ကူးကူးကို လက်ထပ်မှာ"

မင်းလွတ်လပ် တွေကနဲ ဖြစ်သွားလေတော့သည်။ လက်ထပ်မှာတဲ့။ ဒီလိုစကားမျိုး ဘယ်နှကြိမ်တောင် ပြောခဲ့ပြီးပြီ လဲ။ ကတိကို လွယ်လွယ်ပေး၊ လွယ်လွယ်နဲ့ ဖျက်တတ်သူကို ဘယ်လိုယုံကြည်ရမလဲ။ တွယ်မိတဲ့သံယောဇဉ်ကြောင့်…

ကူးကူးကို…

ဘာအကြောင်းမျိုးနဲ့မှ အထိခိုက်မခံနိုင်ပေ။

"မင်း…ကျွတ်"

"ဘာလဲ"

"မင်းလွတ်လပ် သက်ပြင်းချပြီး ခေါင်းခါလိုက်မိတော့ သည်။ ဘယ်လိုပြောရမှန်းကို မသိတော့ပါဘူး။

"မင်းလွတ်လပ်"

"..........."

"မင်းက ဘာဖြစ်နေတာလဲ။ ဘာလဲ…မင်းလည်း ကူးကူး ကို ချစ်နေတာလား"

အကြည့်ချင်းဆုံကြခိုက် နှစ်ယောက်စလုံးက တစ်ယောက် ကိုတစ်ယောက် ကြည့်နေတာ ခပ်စူးစူးပါ။ ဘယ်သူကမှ အကြည့် ကို မလွှဲဖယ်ဘဲ မင်းလွတ်လပ်က နှုတ်ခမ်းကို တင်းတင်းစေ့ထား ပြီး မင်းလိုလူက လှောင်ပြုံးပြုံးလို့ပါလေ။

"ငါ သိပါတယ်။ မင်း ကူးကူးကို ချစ်နေတာပါ မဟုတ်ဘူးလို့ မင်းက ငြင်းလည်း ငါ ယုံမှာမဟုတ်ဘူး"

"ငါ မငြင်းဘူး"

"ဟင်"

မင်းလွတ်လပ်က မငြင်းတော့ မင်းလိုလူရဲ့နှုတ်ခမ်းပေါ်က အပြုံးတို့သည် အားပျော့ပျောက်ကွယ်သွားသည်သာ။

မင်းလွတ်လပ်ကလည်း ကူးကူးကို ချစ်နေတာလား အစ်အောက်မေးလိုက်ကာမှ မငြင်းဆန်တော့ အခံရခက်ပြီလေ ခဏကြာတော့ ပြန်ပြုံးဖြစ်ပြီး…

"ငါနဲ့ပတ်သက်ပြီး ယှဉ်ပြိုင်ခွင့်မရှိအောင် အမြဲတမ်း ရှုံးခဲ့တဲ့ မင်းက ငါနဲ့ ပြိုင်မလို့လား။ မပြိုင်ပါနဲ့ကွာ…ဒီတစ်





နေပါ့မယ်။ ရှုံးလက်စနဲ့ ဆက်အရှုံးခံပြီး လက်ထောက်မင်းသား လုပ်လိုက်ပါဦး…ညီရာ"

"ဘာ"

"ဘာဖြစ်လဲ…မင်းက လက်ထောက်လို အချစ်ပုန်းသမား လုပ်ပေါ့ကွ။ ရာဇဝင်မှာကိုက ရာမက အရှုံးပေးရိုးထုံးစံမှ မရှိ ဘာ"

တော်တော်လည်း တရားပါလား။ လေသံမာမာနဲ့ မင်းက အရှုံးသမားလို့ပြောလိုက်ရင် လက်သီးမြည်းရမလား၊ လက်ဝါး မြည်းရမလား။ တစ်ခုခုတော့ ကျိန်းသေ ကိုယ့်ကို ထိတွေ့လာမှာ လေ။ ငြိမ်နေပြီးလည်း ဟုတ်ပါ့ဘုရား…မှန်ပါ့ဘုရားလုပ်ဖို့ ဖြစ်နိုင်တော့။

မထူးစိတ်ကိုပဲ ရင်ဝယ်ကျစ်ကျစ် ပိုက်လိုက်ပြီး…

"မင်းက ခါချဉ်အုံကို တုတ်နဲ့ထိုးပြီးပြေးတဲ့ကောင်။ ငါက ချဉ်အုံထုပ် ဖြုတ်ကျတဲ့နေရာမှာ ရပ်မိတဲ့ကောင်။ နာကျင်မှု တွေတောင် မပျောက်သေးဘူး။ နောက်ထပ် လက်ထောက် လုပ်ပါဦး လား။ ငါက ကျွန်သာသာဘဝနဲ့ နေခဲ့ရတဲ့ကောင်ပါကွာ။ ငါ ညံ့ဘူး…မင်းလိုလူ"

"အဲဒီတော့"

"ငါ မညံ့ဘဲ မင်းကို ဒူးထောက်အရှုံးပေးနေတာ မင်းကို ချစ်လို့ကွ။ မင်းကို ငါ သိပ်ချစ်လို့။ အရာရာမှာ မင်းကို အနိုင်ပေးလာခဲ့သမျှ ဒီတစ်ခါ ငါ မရှုံးပါရစေနဲ့။ ရာဇဝင်ကို ရာဇဝင်ထဲမှာပဲထားလိုက်။ အခုကိစ္စမှာ လေးတော်တင်ပွဲ မလိုသလို ညီအစ်ကိုချင်း လက်ရုံးရည်၊ နှလုံးရည်ယှဉ်ဖို့လည်း မလိုဘူး။ ကူးကူးရဲ့ဆန္ဒကို ဦးစားပေးပြီး ဆုံးဖြတ်ကြတာပေါ့"

"မင်း…သူနဲ့ ဝေးဝေးနေရင် တဖြည်းဖြည်းနဲ့ သွေးအေးသွားမှာပါ"

မင်းလွတ်လပ် မချိပြုံး ပြုံးလိုက်မိသည်။ နိုင်တယ်ဆိုပြီး ထပ်နိုင်ချင်တာကို ကိုယ်အရှုံးပေးသင့်ပါသလား။ အမြဲတမ်း အနိုင်ရနေတော့ ရှုံးတဲ့အရသာကို သူ မသိဘူးပေါ့လေ။ ကိုယ်က ကိုယ်ညံ့လို့ ရှုံးနေတာမှ မဟုတ်တာ။

သူ့ကိုချစ်တဲ့စိတ်နဲ့…

တမင် အရှုံးပေးနေတာတွေ သူ မသိဘူးလား။ ငယ်နိုင်ကြီး လာခဲ့ပြီး အခုကျ ရှုံးရမှာ ကြောက်နေပြီပေါ့။ ကိုယ်ကလည်း ဒီတစ်ခါတော့ အရှုံးမပေးချင်တော့ဘူးလေ။ အစကတော့ ကူးကူး အပေါ် ဘာလိုလိုနဲ့…

အခုတော့…





ပြိုင်ဘက်ပေါ်လာတာနှင့် ချစ်တာက သေချာသွားပါပြီ။

"အနေဝေးတိုင်းသာ သွေးအေးတတ်ရင် လောကမှာ ှမ်းတယ်ဆိုတဲ့စကား အပိုထွက်လာခဲ့မှာ မဟုတ်ဘူး… င်းလိုလူ။ ငါ ရှေ့ဆက်တိုးပါရစေ။ ငါ့ကို ခွင့်ပြုပါ"

"ဘာကွ"

မင်းလိုလူရဲ့မျက်နှာက ဒေါသရောင်ထလာလေသည်။ ယ်နဲ့ပြိုင်လို့ ဘယ်တုန်းကမှ မနိုင်ခဲ့တဲ့ကောင်က အခု နိုင်ချင် ာလား။ ကိုယ်နဲ့ ပြိုင်ချင်တာလား။ ကိုယ်ကလည်း အရှုံးမပေး ဘူးလေ။

"မင်းက ငါနဲ့ပြိုင်မယ်ပေါ့။ ဟုတ်လား…မင်းလွတ်လပ်"

"ငါ့မှာ ပြိုင်လိုစိတ်မရှိဘူး။ ပြိုင်လည်းမပြိုင်ဘူး။ အခြေ နေနဲ့ အချိန်အခါကိုကြည့်ပြီး ရိုးရိုးလေးပဲ ဖြစ်သန်းမှာပါ"

"ဘာထူးလဲ…မင်း စကားတွေ ဝေ့ဝိုက်မနေနဲ့ မင်းလွတ် ပ်…မင်း နောက်ဆုတ်မှာလား…မဆုတ်ဘူးလား။ ဒါပဲပြော"

"ကူးကူးအပေါ်မှာပဲ မူတည်တယ်"

"တောက်"

"ခွပ်"

မင်းလွတ်လပ်ရဲ့မေးရိုးဆီမှာ ပူကနဲ ဖြစ်သွားလေသည်။

မျက်နှာကို ပြန်ပင်မလှည့်နိုင်သေး။

"ခွပ်"

"ကဲကွာ"

"ခွပ်"

မင်းလိုလူ လက်သီးနှင့် သုံးချက်ထိုးပြီး ရပ်လိုက်သည်။ အားမရသေးပေမယ့် ဒီလောက်ဆို လုံလောက်မယ်ထင်ပါရဲ့။

မင်းလွတ်လပ်...

နှုတ်ခမ်းကို တင်းတင်းစေ့ပြီး သွားချင်းဖိကြိတ်လိုက်မိသည်။ ပြီးတော့ ခေါင်းကိုပြန်မော့ပြီး...

"ခွပ်"

"အ"

မင်းလိုလူကို လက်သီးနှင့် တစ်ချက်ပဲ ပြန်ထိုးလိုက်ကာ...

"ငါ့မှာလည်း အဲဒီလောက်တော့ အခွင့်အရေးရှိတယ် မဟုတ်လား..မင်းလိုလူ"

"မင်း"

မင်းလိုလူ အံ့သြစွာနှင့် မင်းလွတ်လပ်မျက်နှာကို လက်ညှိုး တထိုးထိုးဖြစ်ပြီး...

"မင်း...မင်းက ငါ့ကို ပြန်ထိုးတယ်ပေါ့။ ဟုတ်လား





မင်းလွတ်လပ်"

"ငါက စက္ကူကျား၊ အရုပ်ကျား၊ ဖွတ်ကျားမဟုတ်တဲ့ အကြောင်းပြရုံလောက်ပါ။ စေတနာသည် လူတိုင်းနဲ့ မတန်ဆိုတဲ့ စကား သိပ်မှန်တာပဲ။ ငါ့မေတ္တာတရားကို ခုတုံးလုပ်ပြီး မင်း အနိုင်ယူခဲ့တာတွေ သိပ်များသွားပြီ"

ပြောပြီးတာနှင့် မင်းလွတ်လပ် ထွက်လာခဲ့တော့သည်။ ရှေ့ ဘာဆက်ဖြစ်ဦးမလဲ။ ဖြစ်ချင်တာ ဖြစ်ပါစေတော့။ ရင်ဆိုင်လိုက်ရုံပဲ ရှိတော့တယ်လေ။

## အခန်း (၂၄)

မင်းလွတ်လပ် အိပ်ယာထဲသို့ စောစောဝင်ခဲ့ပေမယ့် အိပ်[illegible] မပျော်ပေ။ အတွေးတွေက ဟိုရောက်ဒီရောက်ပါပဲ။ အိပ်မ[illegible] တော့ ဟိုဘက်လူးလိုက် ဒီဘက်လှိမ့်လိုက်နှင့် ရင်ထဲမှာ ဘာ[illegible] ဖြစ်နေမှန်းကို မသိတော့ပါဘူး။

"ကိုကြီး"

"………."

"ကိုကြီး"

"ဟင်"





တူးတူးက မင်းလွတ်လပ်ဆီသို့ရောက်လာပြီး မင်းလွတ်လပ် ကိုယ်ပေါ်ကို သူ့ကိုယ်လေးနှင့်ဖိကာ ရယ်နေလေလျှင်…

"ချစ်ညီ…မအိပ်သေးဘူးလား"

"မျက်လုံးက ဒီလိုဖြစ်နေတာ ကိုကြီးရ"

ပြောပြီး တူးတူးက မျက်လုံးကို ပြူးပြလေလျှင်…

"ဟား…အဲဒီလိုလားကွ"

မင်းလွတ်လပ် ရယ်ကာ တူးတူးကိုယ်လေးကို ဖက်ထား လိုက်သည်။

"ကိုကြီး"

"ဗျား"

"ညီ့ကို ပုံပြောပြပါလား"

"ဟင်…ညီက ပုံပြင်နားထောင်ချင်လို့လား"

"အင်း"

"အေးပါ…ဒါဆို ကိုကြီး ပြောပြမယ်နော်"

"ဟုတ်"

မင်းလွတ်လပ် တူးတူးရဲ့ခေါင်းလေးကို ပွတ်ပေးပြီး…

"ဟိုးရှေးရှေးတုန်းက ရာမဆိုတဲ့ မင်းသားလေးနဲ့ လက္ခဏာဆိုတဲ့ မင်းသားလေးနှစ်ပါး ရှိတယ်။ သူတို့က

ညီအစ်ကိုတွေပေါ့ကွာ"

"ညီအစ်ကိုဆိုတော့ ကိုကြီးနဲ့ချစ်ညီလိုပေါ့နော် ကိုကြီး"

"အင်း...ညီအစ်ကိုဆိုတာတော့ ဟုတ်တယ်။ ဒါပေမဲ့ မတူဘူး...ချစ်ညီရဲ့။ သူတို့ညီအစ်ကိုက အရွယ်တူတွေ။ ကိုကြီးနဲ့ ချစ်ညီကျတော့ ကိုကြီးက လူကြီးဖြစ်နေပြီ။ ချစ်ညီက ကလေး ရှိသေးတာကို"

"ကိုကြီး"

"ဗျား"

"ချစ်ညီကို ဘယ်လောက်ချစ်လဲ"

"ချစ်ညီ လက်ကွင်းပြသလိုပေါ့ကွ။ အများကြီးချစ်တယ်"

"တကယ်နော်"

"တကယ်ပေါ့ကွ"

"အဲဒါကြောင့် ကိုကြီးကို ချစ်တာ။ အာ...ဘွား"

"ရွတ်"

တူးတူးက မင်းလွတ်လပ်ရဲ့ပါးပြင်ကို ဘယ်ပြန်ညာပြ နမ်းလေသည်။ မင်းလွတ်လပ်ကလည်း တူးတူးပါးပြင်ကို ပြန်န သည်ပေါ့။ ဒီလိုနှင့် ပုံပြင်က ရှေ့မဆက်ဖြစ်တော့ပေ။

"သား"





"........."

"သား"

"ဗျာ...အမေ"

အမေဖြစ်သူက မတ်တတ်ရပ်လျက်မှ ခေါ်လေသဖြင့် င်းလွတ်လပ် ခေါင်းထောင်ကြည့်လိုက်သည်။ ပြီးတော့ တူးတူး ပွေ့ထားလျက်မှ ထထိုင်ကာ...

"မေမေ...ဘာပြောမလို့လဲ"

"ထွေထွေထူးထူး ပြောစရာမရှိပါဘူး...သားရယ်။ ချင်တာလေးတွေတော့ ရှိတာပေါ့"

"ဟုတ်ကဲ့...မေးပါ မေမေ... သားကို အားမနာပါနဲ့"

"ဟင်း"

ဒေါ်ပန်းနုစံ ချက်ချင်း မမေးသေးဘဲ သက်ပြင်းချလိုက် ည်။ မေးလည်းမေးချင်၊ သားကိုလည်း စိတ်ထိခိုက်သွားမှာ တယ်လေ။ မချစ်ဟန်ဆောင်နေခဲ့ပေမယ့် သားသမီးကို မချစ်တဲ့ ဆိုတာ ရှိပါ့မလား။

"မေးလေ...မေမေ"

"သား"

"ဗျာ"

"သားရဲ့ဖေဖေဆီမှာ သားနေရတာ အရာရာ ပြည့်စုံနေပါလျက်နဲ့ မပြည့်စုံတဲ့ မေမေတို့ဒုက္ခတွင်းထဲကို ငါ့သား ဘာလို့ ဝင်လာတာလဲကွယ်"

"..............."

"ဟိုမှာ မင်းသားတစ်ပါးလိုနေရတာ စိတ်ချမ်းချမ်းသာသာနဲ့ နေပါတော့လား"

ဩော်...မေမေရယ်...စိတ်ချမ်းချမ်းသာသာနဲ့ ပြည့်စုံတဲ့ဘဝတဲ့လား။ တကယ့်ချမ်းသာခြင်းအစစ်ကို မရတာ မေမေက သိမှမသိဘဲလေ။ မေမေသိအောင် ဘယ်တုန်းကမှ မပြောပြဖူးသလို ဘယ်တော့မှလည်း ပြောမှာမဟုတ်ပါဘူး။

မေမေ့ကို အပူတွေ ကူးစက်မှာစိုးလို့ပါ။ ပြီးတော့ ကိုယ် ဒီမှာလာနေတာ စိတ်ချမ်းသာမှုကို မက်မောရုံသက်သက်မှ မဟုတ်တာ။ ညီလေးနဲ့ညီမလေးအတွက် ဘယ်ကိစ္စမဆို ရှေ့မှာ မားမားမတ်မတ် ရပ်တည်ပေးနိုင်ဖို့ ကိုယ့်ကို လိုအပ်နေပြီဆိုတဲ့ သတ်မှတ်ချက်နဲ့ လာနေခဲ့တာပါ။

"မေမေရယ်...စိတ်ပန်းလူပန်းနဲ့ မေမေ အရမ်းပင်ပန်းနေပါပြီ။ ညီလေးနဲ့ ညီမလေးအတွက် မေမေ ရှန်းကန်နေရတာ သား မကြည့်ရက်ဘူး။ တာဝန်တွေကို သား ပခုံးပြောင်းပြီး ထမ်းရွက်





ရစေ"

"မဟုတ်တာ သားရယ်"

"သားတစ်ကိုယ်ကောင်းမဆန်ချင်ဘူး မေမေ။ ပြီးတော့ ...ိမ်မှာ သားရှိနေမှဖြစ်မှာ။ ဖူးဖူးက အရွယ်ရောက်လာပြီ။ ...မေ...ဖူးဖူးကို ဂရုစိုက်ပေးပါ။ ယောကျ်ားလေးဆိုတာ ...းထိုးလို့ ဇက်မကျိုးဘူး...မေမေ။ မိန်းကလေးဆိုတာက... ..."

ဖူးဖူးက အရွယ်ရောက်လာပြီဆိုတဲ့စကားကြောင့် ဒေါ်ပန်းနုစံ ...ကနဲ ဖြစ်သွားလေသည်။ မအေဖြစ်ပြီး ကိုယ်က ဘာလို့ ...လေးအနက်ထားပြီး မတွေးခဲ့မိပါလိမ့်။ ဖူးဖူးက ပြောပြတယ် ...။ သူ့ ဓမ္မတာပေါ်နေတဲ့အကြောင်းပေါ့။

ကူးကူးက ပြောပြတာတွေ မှတ်ထားတယ်တဲ့။ ဒါ အရွယ် ...က်ခြင်းပါပဲ။ မိခင်ဖြစ်သူက အလေးအနက်မထားမိတာ ...ယ့်အလွန်ဖြစ်နေပြီလေ။

"ယောကျ်ားလေး ဆိုးရင်မိုက်ရင် ထောင်ကျရုံအပြင် ...တိုးရှိမှာလဲ။ မိန်းကလေးဆိုတာက အရှက်ဂုဏ်သိက္ခာ"

"မေမေ သိပါပြီ...သားရယ်။ မေမေ ပေါ့ဆမိခဲ့တယ်။ ...ချပါ...မေမေ ဖူးဖူးကို ပစ်မထားတော့ပါဘူး"

အခုမှပဲ ဒေါ်ပန်းနုစံ ဖူးဖူးအတွက် အရှည်ကြီး တွေးမိလေတော့သည်။ သမီးတစ်ကောင် နွားတစ်ထောင်ဆိုတဲ့စကားက အလကားပါးစပ်အရသာခံပြီး ရွတ်ပြခဲ့ကြတာမှ မဟုတ်ဘဲလေ။





# အခန်း (၂၅)

ဒီနေ့ တူးတူး ဒေါ်ဌွေးနဲ့အတူ မီးဖိုချောင်ထဲမှာကူနေသည်။ ကူးကူး ချက်တတ်ပြုတ်တတ်ပြီဆိုတဲ့အကြောင်း မင်းလွတ်လပ်ကို ကြွားချင်သည်လေ။ ဒါကြောင့် တက်ကြွနေသည်ပေါ့။

"သမီး…ဒေါ်ဌွေး ပန်းကန်တွေ ဆေးထားလိုက်တော့မယ်နော်"

"ဟုတ်ကဲ့…ဒေါ်ဌွေး"

"မင်းလွတ်လပ်လာမှာ သေရောသေချာလား ကူးကူး"

"သူက လာမယ်ပြောထားရင် အရောက်လာမှာပါ"

"ဖုန်းဆက်ကြည့်ပါဦးလား…ကလေး"

"ဟုတ်ကဲ့…ဒေါ်ဒွေး"

ကူးကူး ဘေစင်မှာ လက်သွားဆေးပြီး လက်သုတ်လိုက်သည်။ ပြီးတော့ မင်းလွှတ်လပ်ဆီသို့ ဖုန်းဆက်လိုက်သည်လေ။

"ဟဲ့…နင် လာပြီလား"

"ငါ ရောက်နေပြီ"

"ဟင်…ဘယ်မှာလဲ"

"ဧည့်ခန်းထဲမှာ ထိုင်နေတာ"

"ဟင်… ဧည့်ခန်းထဲမှာ ထိုင်နေတာလား။ မီးဖိုချောင်ထဲဝင်လာခဲ့လေဟာ"

"မလာတော့ဘူးဟာ…ငါတစ်ယောက်တည်း အေးအေးဆေးဆေးနေချင်လို့"

"ဟင်"

"ဒါပဲနော်"

မင်းလွှတ်လပ်က ဖုန်းချသွားလေသည်။ တစ်ယောက်တည်း အေးအေးဆေးဆေး နေချင်လို့ဆိုတဲ့စကားက စိတ်ညစ်တဲ့လူတွေ ပြောတာမဟုတ်လား။ မင်းလွှတ်လပ် ဘာအတွက် စိတ်ညစ်နေတာလဲ။ သူနဲ့ပတ်သက်ပြီး…





ကူးကူး စိုးရိမ်ပူပန်တတ်လာပြီလေ။ ဘာကြောင့်လဲဆိုတာတော့ မသိပါဘူး။ စိတ်ပူတာကြောင့် ကူးကူး ဧည့်ခန်းထဲသို့ ထွက်လာခဲ့ကာ…

"မင်းလွှတ်လပ်"

"………"

"နင်…ဘာဖြစ်နေတာလဲ"

မင်းလွှတ်လပ်က ခေါင်းခါလေလျှင်…

"ခေါင်းမခါနဲ့ လွှတ်လပ်…နင် တစ်ခုခုဖြစ်နေယ်ဆိုတာ ငါ သိတယ်။ ပြောပါ…နင် ဘာဖြစ်နေတာလဲ"

"ဘာမှမဖြစ်ပါဘူး"

"မဟုတ်သေးဘူး"

"တီ…တီ…တီတီ"

"…………"

"တီတီ"

ကားဟွန်းတီးသံကြောင့် ကူးကူးနဲ့မင်းလွှတ်လပ် အသံကြားရာဆီသို့ ကြည့်လိုက်မိကြသည်။ ကူးကူးက…

"ဘယ်သူများပါလိမ့်"

"စောင့်ကြည့်နေရင်းပဲ အိမ်ထဲကို ဝင်လာသူကို မြင်လိုက်

ရတော့''

''ဟင်''

''မင်းလိုလူ''

မင်းလိုလူက ပြုံးပြလျက်…

''အံ့သြသွားလား…မင်းလွတ်လပ်''

''မင်း…ငါ့ကို ဘယ်မှာလဲ။ ကူးကူးနဲ့ အတူတူလားလို့ မေးကတည်းက ဘာကြောင့်မေးလဲ စဉ်းစားမိပါတယ်။ အဖြေ မထွက်ပေမယ့် တစ်ခုခုဆိုတာကို သိနေတယ်''

''ဒါဆို မအံ့သြတော့ဘူးပေါ့''

''ဆိုပါတော့''

မင်းလိုလူက ရယ်ရယ်မောမောနှင့်ပဲ ကူးကူးထိုင်နေတဲ့ ဆိုဖာဘေးက ဆိုဖာမှာ ဝင်ထိုင်လေသည်။ မင်းလွတ်လပ်မျက်နှာ က ခပ်တည်တည်။ ကူးကူးမျက်နှာက မှုန်ကုပ်ကုပ်နဲ့ပေါ့။ မင်းလိုလူ ကူးကူးတို့အိမ်ကို လာရလောက်တဲ့အထိ ကူးကူးနဲ့ မင်းလိုလူ မရင်းနှီးခဲ့ဘူးလေ။

သူ…

ကူးကူးတို့အိမ်ကို ဘာကြောင့်လာတာလဲ။ ဖွင့်မေးမှသိမှာ မို့…





''နင်…ဒီအိမ်ကို ဘာကိစ္စနဲ့လာတာလဲ မင်းလိုလူ''

''နင့်အတွက် ငါ လက်ဆောင်ဝယ်လာတယ်။ အဲဒါပေးချင် လို့ပေါ့''

ကူးကူးရဲ့နှုတ်ခမ်းသားလေး လွန့်ကနဲ ဖြစ်သွားတာသည် ပြုံးလိုက်တာလား၊ မဲ့လိုက်တာလား မပီပြင်ပေ။

''ငါက သူများလက်ဆောင်ကို မျှော်လင့်နေတဲ့သူမှ မဟုတ် ဘာ။ သူများလက်ဆောင်ပေးတိုင်းလည်း မယူတတ်ဘူး''

''လက်ဆောင်ဆိုတာ စေတနာရှိလို့ ပေးတာလေ။ လူတိုင်း ကို ပေးနေတာမှ မဟုတ်တာ''

''လူတိုင်းကို ပေးတာဆိုရင်တော့ အများသူငါဆိုပြီး ငါ ယူမှာပါ။ အခုက စေတနာရှိတဲ့လူကို ကွက်ပေးတာမို့လို့ကိုပဲ မယူတာ…ရှင်းပြီလား''

''ဟာ…ကူးကူးကလည်း''

''လက်ဆောင်ဆိုတာ မျှော်လင့်ချက်ကို အသက်သွင်းပေး တဲ့အရာတစ်ခုပဲ မင်းလိုလူ။ လက်ဆောင်တိုင်းကို မဆိုလိုပေမယ့် များသောအားဖြင့် မျှော်လင့်ချက်တွေ ကပ်ပါလာတာပဲ။ ငါ လက်ဆောင်နောက်က ကပ်ပါလာမယ့် မျှော်လင့်ချက်၊ ရယူလိုမှု အဲဒါတွေနဲ့ နှောင်ဖွဲ့မခံချင်လို့ ဘယ်လက်ဆောင်ကိုမှ မယူဘူး''

ပထမတော့ မင်းလိုလူ မျက်နှာပျက်သွားသည်လေ။ နောက်တော့ စိတ်ကို လျှော့ချပြီး ပြုံးလိုက်ကာ…

"ငါက မိန်းကလေးတွေကို အထင်ကြီးခဲ့တယ်။ နင်က သူများနဲ့မတူလို့ ငါ အထင်ကြီးမိတာ တကယ်ပဲ"

သူက အထင်ကြီးတယ်ဆိုတော့ ကိုယ်က ဘဝင်မြင့်ရမှာလား။ ဘဝမြင့်တဲ့သူ့ကို ကူးကူးက အထင်မကြီးတာ တကယ်ပါ။ အရင်က အမြင်ကတ်တာမှ တော်သေး။ အခု ပိုဆိုးတာက မင်းလွတ်လပ်အပေါ် အမြဲတမ်း အနိုင်ယူနေတဲ့လူဆိုတာကို သိထားလို့လေ။

ရုပ်ချင်းတူပေမယ့်…

စိတ်ချင်း၊ စရိုက်ချင်း၊ ဘဝချင်းမတူတဲ့ သူတို့နှစ်ယောက်အပေါ်မှာ ကူးကူးရဲ့မေတ္တာထားပုံ မတူညီနိုင်တာ မဆန်းဘူးပေါ့လေ။

"ငါက နင် အထင်ကြီးအောင်နေပြတာ မဟုတ်ဘူး"

"ငါ သိပါတယ်"

"နင်လာတာ လက်ဆောင်ပေးချင်ရုံသက်သက်လား"

"ဆိုပါတော့"

"ဒါဆို နင် ပြန်လို့ရပြီ။ ငါ လုပ်စရာရှိသေးတယ်။ နင်





ပေးတဲ့လက်ဆောင်ကိုလည်း ငါ မယူဘူး။ ရှင်းတယ်နော်"

မင်းလိုလူက မင်းလွတ်လပ်မျက်နှာကို လှမ်းကြည့်လေသည်။ လက်ဆောင်ကို ကူးကူးယူအောင် ပြောပေးတိုက်တွန်းပေးနိုင်းတဲ့သဘောပါပဲ။ ဒါကို ကူးကူးက ရိပ်မိသည်လေ။

ဒါကြောင့်…

မင်းလွတ်လပ်ဆီသို့ ထသွားလိုက်ပြီး မင်းလွတ်လပ်ပခုံးကို ပုတ်လိုက်ကာ…

"လွတ်လပ်"

"ဟင်"

"ဒီနေ့ ငါကိုယ်တိုင် မီးဖိုချောင်ဝင်ပြီး ချက်ထားတာ။ နင့်ကို စားစေချင်လို့သာ အပင်ပန်းခံပြီးချက်တာ ချွေးထွက်နေပြီ။ လုပ်စရာတွေ ကျန်သေးတယ်…ငါ့ကိုကူဦး"

မင်းလွတ်လပ်က မင်းလိုလူကို လှမ်းကြည့်လိုက်စဉ်မှာပဲ

"ကဲ…လာ…နောက်ကျနေမယ်"

"အေး…အေးပါ"

ကူးကူး လက်မောင်းကို ဆွဲခေါ်လို့ မင်းလွတ်လပ် ထရပ်လိုက်စဉ်…

"မင်းလွတ်လပ်"

မင်းလိုလူကခေါ်တော့ ခြေလှမ်းက မစဖြစ်သေးပေ။

"မင်းကို ငါ ပြောစရာရှိတယ်"

"တိုးတိုးလား…ကျယ်ကျယ်လား"

"တိုးတိုးပြောတယ်ဆိုတာ သတ္တိမရှိတဲ့လူတွေရဲ့အလုပ်ပဲ လေ"

မင်းလိုလူစကားကြောင့် မင်းလွတ်လပ် ပြုံးလိုက်မိသည်။ ကျယ်ကျယ်ပြောလို့ မသင့်တော်တဲ့စကားတွေ ရှိနေတာပဲလေ။ ဒါကို တွေးမိတာ ဘာစိတ်နဲ့မှမဟုတ်ဘဲ ရိုးရိုးလေးနဲ့ပေါ့။ အပြော ကြီးရာကျလို့ စဉ်းစားမိတာပါလေ။

"ဒါဆို ပြောပါ"

မင်းလိုလူရဲ့မျက်နှာက တည်တည်တင်းတင်းဖြစ်သွားပြီး…

"နောက်ထပ် မင်းကို ကူးကူးအနားမှာ ငါ မမြင်ချင်ဘူး"

"ဘာ"

'ဘာ' ဆိုတာက ကူးကူးနှုတ်မှ ထွက်သွားတဲ့အသံပါ။

"နင့်မှာ အဲဒီလိုပြောပိုင်ခွင့်ရှိလို့လား မင်းလိုလူ"

"ဟ…ရှိတာပေါ့။ သိပ်ရှိ…သူက ငါ့ညီပဲလေ"

"ဩော်…ဒီလိုနေရာမှာကျတော့ ညီအဖြစ် သတ်မှတ် တယ်ပေါ့…ဟုတ်လား။ ဒါပေါ့…ကြီးနိုင်ငယ်ညှဉ်းလုပ်လို့





တာကိုး"

"ကူးကူး တော်တော့"

မင်းလွတ်လပ် တားလိုက်ပေမယ့် ကူးကူးက ဆက်ပြော ည်မှာ…

"နင် သိထားဖို့က မင်းလွတ်လပ် ငါ့အနားမှာ ရှိသင့်မရှိ င့်ဆိုတာ ငါ့ရဲ့ဆုံးဖြတ်ချက်နဲ့ပဲဆိုင်တယ် မင်းလိုလူ…နင့်မှာ ားဆီးပိတ်ပင်ပိုင်ခွင့် မရှိဘူး။ လာ…သွားမယ် လွတ်လပ်"

ပြောပြောဆိုဆိုနှင့် ကူးကူး မင်းလွတ်လပ်ကို ဆွဲခေါ်လာခဲ့ တော့သည်။ လူတစ်ယောက်ရဲ့လွတ်လပ်ခွင့်ကို အဲဒီလို ွယ်လွယ်နဲ့ ပိတ်ပင်လို့ရမတဲ့လား။

# အခန်း (၂၆)

ဦးမောင်မောင်ချိုတစ်ယောက် သမီးငယ်ငယ်က ရိုက်ခဲ့ကြ တဲ့ မိသားစုဓာတ်ပုံလေးကို ငေးစိုက်ကြည့်နေမိသည်။

သမီးကို သတိရလိုက်တာ။

ပြီးတော့ နွယ်ဖင်။ အတ္တတွေ၊ မာနတွေ ပြိုင်ခဲ့ကြလို့ မဖြစ်သင့်တာတွေ ဖြစ်ကုန်ကြတာလေ။

ကိုယ်ပဲ မှားခဲ့သလား။

ကိုယ်က အတ္တပိုကြီးခဲ့သလား။

"ဟင်"





ဖုန်းရိန်းတုံးသံကြောင့် ဦးမောင်မောင်ချို စာကြည့်စားပွဲပေါ်တင်ထားတဲ့ဖုန်းကို ကောက်ကိုင်ကာ နားမှာကပ်လိုက်လေလျှင်...

"ဟယ်လို"

"ဟယ်လို...အမိန့်ရှိပါခင်ဗျာ"

"အန်ကယ်လ်...ကျွန်တော် မင်းလိုလူပါခင်ဗျ။ ဟိုလေ ူးကူး ဆိုင်ကယ်နဲ့ လိုက်တိုက်တာခံရတဲ့ မင်းလိုလူပါ"

"သြော်...မှတ်မိပြီ...မှတ်မိတာပေါ့။ အခု ဘာပြဿနာ ဖြစ်ပြန်ပြီလဲ ငါ့တူ"

"ကျွန်တော် အန်ကယ်လ်နဲ့ စကားနည်းနည်းပြောချင်လို့ပါ ခင်ဗျ"

"ပြောပါ ငါ့တူ...ပြောပါ။ ငါ့တူ ဘာများပြောချင်လို့လဲ ဗျ"

"ဒီလိုပါ အန်ကယ်လ်"

ဒီလိုပါ အန်ကယ်လ်ဆိုပြီး မင်းလိုလူဘက်မှ အသံတိတ် သွားလေသည်။ အစက ပြောဖို့တွေးထားတာတွေ အများကြီး ပေါ့။ အခုကျ ဘယ်ကနေဘယ်လို စပြောရမှန်းမသိပေ။ ဒီလို စကားလုံးမျိုးတွေက...

နတ်ကြီးတာလား…

အရှိန်အဝါကြီးကျယ်တာလားတော့ မသိပါဘူး။ ပြောဖို့အင်အား မွေးရသည်လေ။

"ပြောလေ…မောင်မင်းလိုလူ"

"အန်ကယ်လ်…ကူးကူးကို ပြင်ဦးလွင်ပြန်ခေါ်ရင်ကောင်းလိမ့်မယ်ထင်တယ်"

"ဟင်"

ဘာဖြစ်လို့ပါလိမ့်။ ကူးကူး ဘာပြဿနာရှာပြန်ပြီမသိဘူး။ ဦးမောင်မောင်ချိုရဲ့အတွေးက အဲဒီလိုပါ။

မင်းလိုလူရဲ့အတွေးကတော့…

ကူးကူး ပြင်ဦးလွင်ပြန်ရောက်တဲ့အခါ ကိုယ်လည်း ပြင်ဦးလွင်မှာ ရှိနေမယ်လေ။ မင်းလွတ်လပ် ကူးကူးအနားမှာ ရှိမနေရင် ပြီးရောပေါ့။ ပြီးမှ ကိုယ်က ကူးကူးအချစ်ကိုရဖို့ ကြိုးစားမည်။ မင်းလိုလူရဲ့အတွေးက အဲဒီလိုလေ။

"ဘာဖြစ်လို့လဲ မောင်မင်းလိုလူ။ ကူးကူးက ဘာပြဿနာရှာပြန်ပြီလဲ"

"အခု ကူးကူး မင်းလွတ်လပ်ဆိုတဲ့ကောင်နဲ့ ငြိနေတယ် အန်ကယ်လ်"





"ဘာ"

"ပြောရရင် ပက်လက်လှန်တံတွေးထွေးသလို ကိုယ့်အပေါ်ကိုယ်ပြန်ကျမှာပါ။ မင်းလွတ်လပ်က ကျွန်တော့်ညီပဲဆိုပါတော့။ ကျွန်တော်နဲ့ ရုပ်ချင်းတူတယ်"

"အင်း…ဆက်ပြော"

ပြောလိုက်ပုံက ကသောကမျောနိုင်လွန်းလှပါသည်။

"ကျွန်တော်နဲ့ ညီအစ်ကိုဆိုပေမယ့် အဖေတူ အမေကွဲညီပါ။ မင်းလွတ်လပ်ရဲ့အမေက ဖေဖေ့ရဲ့ မထင်မရှား မယားငယ်ပါ"

"အင်း"

"မင်းလွတ်လပ်အမေက မိန်းမကောင်း မဟုတ်ဘူးအန်ကယ်လ်။ အဲဒီလိုလူတွေနဲ့ ကူးကူးကို မပတ်သက်စေချင်ဘူး။ ကူးကူးအတွက် သိက္ခာမရှိသလို အန်ကယ်လ်ဂုဏ်ကိုလည်း ထိခိုက်မှာစိုးလို့ ကျွန်တော် အန်ကယ်လ်ကို ဖုန်းဆက်ပြီး သတိပေးတာပါ"

ဦးမောင်မောင်ချို တွေဝေသွားလေတော့သည်။ ကောင်လေးပြောတာတွေ တကယ်ပဲလား။ ဟိုက သူ့ညီလည်းပြောသေး။ ညီအပေါ် စေတနာမထားဘဲ ကိုယ်တွေဘက်ကို စေတနာတွေ

စိတ်တာ ဘာကြောင့်လဲ။

မတွေးလို့တော့ မရဘူးလေ။

သူတို့ညီအစ်ကိုချင်း မတည့်ကြလို့လား။ သူပြောတာက အဖေတူ အမေကွဲဆိုတော့ အင်းလေ...ဖြစ်လေ့ဖြစ်ထရှိတဲ့အရာတွေပါပဲ။ ဘာပဲဖြစ်ဖြစ် ကိုယ်ကတော့ သမီးကို မျိုးရိုးဂုဏ်သိက္ခာထိခိုက်မယ့်လူတွေနဲ့တော့ မဖြစ်စေချင်ပေ။

ဒါကလည်း...

ဖခင်တစ်ယောက်မှာ ရှိသင့်ရှိထိုက်တဲ့ အတ္တပါပဲ။ ဒါကြောင့်...

"အခုလို သတိပေးတာ ကျေးဇူးပါ။ အန်ကယ်လ် သမီးက အန်ကယ်လ်ဘဝပါ။ အန်ကယ်လ် သမီးကို အဲဒီလိုလူမျိုးတွေနဲ့ မပတ်သက်စေချင်တာ အမှန်ပဲကွ"

"ဟုတ်ကဲ့ပါ အန်ကယ်လ်...ကျွန်တော်နဲ့ ဖအေတူ အမေကွဲ ညီအစ်ကိုဆိုပေမယ့် စရိုက်၊ အဆင့်အတန်း၊ မျိုးရိုးဂုဏ်သိက္ခာ ဘာမှမတူတာပါ။ ကျွန်တော် ကူးကူးကို နှမြောလွန်းလို့ အခုလိုပြောရတာပါ"

"တကယ်ကို ကျေးဇူးတင်ပါတယ် မောင်မင်းလိုလူ။ အန်ကယ်လ် ကူးကူးကို ပြန်ခေါ်မှာပါ"





"ဟုတ်ကဲ့ပါ အန်ကယ်လ်။ ကျွန်တော်ပြောတာကို မယုံဘူးဆိုရင် မင်းလွတ်လပ်နဲ့ ကူးကူးအကြောင်း အန်ကယ်လ်ကိုယ်တိုင် စုံစမ်းလေ့လာကြည့်ပါဗျာ"

"..........."

"ကျွန်တော် ဖုန်းချလိုက်တော့မယ်နော် အန်ကယ်လ်"

"အေး...အေးပါ"

မင်းလိုလူ ဖုန်းချသွားပြီးနောက် ဦးမောင်မောင်ချို မဆိုင်းတွပင် သမီးဖုန်းကို ခေါ်လိုက်သည်။

"ဟယ်လို...ပြောပါ...ဖေဖေ"

"သမီး"

"ဟုတ်ကဲ့"

"သမီး...ပြင်ဦးလွင်ကို အမြန်ဆုံးပြန်လာခဲ့တော့"

"ဟင်"

ကူးကူး မျက်လုံးလေးဝိုင်းသွားလေတော့သည်။

"ချက်ချင်းကြီးပါလား ဖေဖေ။ ဘာဖြစ်လို့လဲ"

"ဘာကြောင့်လဲလို့ ဖေဖေ့ကို မမေးနဲ့။ သမီး ဘာလုပ်လဲ ...တာပဲ ပြန်စဉ်းစား။ ဆင်ခြေမပေးနဲ့...တစ်ပတ်အတွင်း ပြန် ...ခဲ့။ ဒါပဲ"

"ဖေဖေ"

"ထွီ"

"ဟင်"

ကူးကူးစိတ်ထဲမှာ ထင့်သွားလေသည်။ ပြောခွင့်မရှိ ငြင်းခွင့်မရှိ၊ ဖြေရှင်းခွင့်မရှိအောင်ပါပဲလား။





## အခန်း (၂၇)

"ဘယ်လို...သမီးကို သမီးဖေဖေက ပြန်ခေါ်နေပြီ။ ဟုတ်လား...သမီး"

"ဟုတ်တယ် မေမေ"

"ဘာကြောင့်တဲ့လဲ"

"ဘာကြောင့်လို့ မပြောဘူး...မေမေ"

ဒေါ်နွယ်ဇင်ဝင်း သမီးအဖေကို စိတ်မဆိုးပေမယ့် စိတ်တော့တိုမိသွားလေသည်။

သူလည်း သမီးကို လွမ်းနေမှာသိပေမယ့် ကိုယ်လည်း ချစ်လို့ မဝ၊ လွမ်းလို့ မဝသေးဘူးလေ။

သူနဲ့အတူ နေခဲ့တာက နှစ်ပေါင်းများစွာ။

ကိုယ်နဲ့အတူနေခဲ့တာက····

ဘယ်လောက်များကြာသေးလို့လဲ။ နည်းနည်းများ ကိုယ်ချင်းမစာဘူးလား။

"သမီးကို မေမေ မေးမယ်"

"ဟုတ်ကဲ့···မေးပါ မေမေ"

"သမီးကရော ပြင်ဦးလွင်ကို ပြန်ချင်နေပြီလား"

"ဟင့်အင်း···မပြန်ချင်သေးဘူး···မေမေ"

ကူးကူး ပွင့်လင်းစွာပဲ ဝန်ခံလိုက်တော့သည်။ ကူးကူး ပြင်ဦးလွင်ကို မပြန်ချင်သေးပါဘူး။ မထင်မှတ်ဘဲ တွယ်ငြိခဲ့တဲ့ သံယောဇဉ်ကြိုးက တစ်ရစ်ပြီးတစ်ရစ်တင်းလို့ နှောင်ဖွဲ့နေခဲ့ပြီလေ။ ဘယ်လိုဖြတ်တောက်ရမလဲ။

စိတ်ကြမ်းလူကြမ်းနဲ့ ကူးကူးတစ်ယောက် သူနဲ့တွေ့မှ နူးညံ့ချင်လာတာ သွေးရိုးသားရိုး မဖြစ်နိုင်ဘူးလေ။ အသံတိုတ်ပြောနေတဲ့ နှလုံးသားက စကားတွေကြောင့်လား။ သူနဲ့အတူရှိနေချိန်ဆို ရှိန်းမြနွေးထွေးနေလို့သာ။

"သမီး···မေမေနဲ့ အတူတူနေချင်သေးတယ်"

"နေရမယ်···သမီး···စိတ်ချ"





ပြောပြီး ဒေါ်နွယ်ဇင်ဝင်း ဖုန်းကိုကိုင်ကာ ဦးမောင်မောင်ချို ဆီသို့ ဆက်လိုက်တော့သည်။

"မင်း···ဘာပြောစရာရှိလို့လဲ နွယ်ဇင်ဝင်း"

"ရှင် သမီးကို ပြန်ခေါ်တယ်ဆိုလို့ ကျွန်မ ဖုန်းဆက်တာ"

"ဟုတ်တယ်···ငါ့သမီးကို ငါ ပြန်ခေါ်မယ်"

"သမီးက မပြန်ချင်သေးဘူး"

"ဘယ်ပြန်ချင်ပါ့မလဲ···ထန်းလက်ရုပ်ကို နတ်ရုပ်ထင်ပြီး ကိုးကွယ်ချင်နေတာကိုး"

"ဘာ"

"ဟုတ်တယ်···မင်း မအေတစ်ယောက်လုပ်နေပြီး သမီးကို မျိုးရိုးဂုဏ်သိက္ခာမရှိတဲ့ မင်းလွတ်လပ်ဆိုတဲ့ကောင်နဲ့ လွှတ်ထားတာ သိပ်အံ့သြဖို့ကောင်းတာပဲ"

"ဟင်"

ဒေါ်နွယ်ဇင်ဝင်း အံ့သြစွာနှင့် တွေဝေသွားလေတော့သည်။ မင်းလွတ်လပ်နဲ့ လွှတ်ထားတယ်တဲ့လား။ မင်းလွတ်လပ်က မျိုးရိုးဂုဏ်သိက္ခာ မရှိဘူးတဲ့လား။ မင်းလွတ်လပ်ကို သူက ဘယ်လို သိတာလဲ။

မင်းလွတ်လပ်အကြောင်း ဘယ်လောက်သိလို့လဲ။ မင်းလွတ်

လပ်က ဖြူစင်သူလေ။ မျိုးရိုးဂုဏ်သိက္ခာဆိုတာနဲ့ လူတစ်ယောက်ရဲ့စာရိတ္တ အဆင့်အတန်းဆိုတာကို တိုင်းတာသတ်မှတ်ချင်တာလား။

"ငါ့သမီးက ရွှေလင်ဗန်းနဲ့ အချင်းမဆေးပေမယ့် ရွှေမရှားငွေမရှား လိုတာရစေဘဝနဲ့ထားတာ။ မင်းလွတ်လပ်ဆိုတဲ့ကောင်က ဆင်းသက်လာတဲ့ မျိုးရိုး၊ သူ့မိဘရဲ့အပုပ်နံ့ထွက်နေတဲ့သတင်းတွေက ငါ့သမီးနဲ့ ဘယ်လိုမှ မသင့်တော် မအပ်စပ်ဘူး။ အဲလိုကောင်နဲ့ ငါ့သမီးကို အငြိစွန်းမခံနိုင်ဘူး။ ငါ့သမီးကို အမြဲဆုံးပြန်ပို့"

"ဒီမှာ ကိုမောင်မောင်ချို"

"..........."

"ရှင်က လူတစ်ယောက်ကို မျက်စိတစ်ဆုံးလောက်တင်ကြည့်တတ်တာကိုး။ ရှင် သိထားဖို့က မိဘကောင်းတိုင်းသားသမီး လိုက်မကောင်းနိုင်သလို မိဘမကောင်းတိုင်းလည်းသားသမီး လိုက်ပြီးပျက်စီးမနေဘူးဆိုတာပဲ။ နေစမ်းပါဦး—ရှင်က သမီးနဲ့ လက်ထပ်မယ့်လူကို ဘယ်လိုစံနှုန်းနဲ့ သတ်မှတ်ထားပါသလဲ ကိုမောင်မောင်ချို။ လူတစ်ယောက်ရဲ့အရည်အချင်းဆိုတာကို ဘာနဲ့ တိုင်းတာသတ်မှတ်ပါသလဲ"





"အဲဒါတွေ ငါ့ကို မမေးနဲ့။ ငါ မသိဘူး။ ငါသိတာကမိဘရဲ့အတွေ့အတိုင်း သမီးကို ရွှေ…ရွှေချင်းထပ်လို့ မြတ်တာပဲလိုချင်တယ်။ နောက်မှ ရှင်ဘုရင်ဖြစ်တာ ငါ မလိုချင်ဘူး။ အခုလောလောဆယ် ရွှေထီးဆောင်းတာပဲ ငါ မြင်ချင်တယ်"

"ဒါဆို နောက်မှ သူတောင်းစားပဲဖြစ်ဖြစ်…လောလောဆယ် ရွှေဘုံပေါ် စံစားတာပဲ မြင်ချင်တယ်ပေါ့။ ဟုတ်လား…ကိုမောင်မောင်ချို"

"ဟုတ်တယ်ကွာ…ဟုတ်တယ်၊ ဘာဖြစ်လဲ"

"အဟွန်း"

ဦးမောင်မောင်ချိုက စိတ်မရှည်သလို အော်လေတော့ဒေါ်နွယ်ဇင်ဝင်းက လှောင်ရယ်ရယ်လေသည်။ ဦးမောင်မောင်ချိုဘ အိမ်ထောင်ရေးကို လွယ်လွယ်လေး တွေးတတ်တယ်ထင်ပါရဲ့။

အိမ်ထောင်ရေးဆိုတာ…

ပင်လယ်ကို အလျားလိုက်ကူးသလိုပဲတဲ့။ ဘူးကောင်းတော့မင်းခံ၊ လင်ကောင်းမှ တစ်သက်လုံး စံရမှာလေ။ ရွှေပုံကို ဖင်ခုထိုင်ပြီး စိတ်ဆင်းရဲနေရရင် ဘာလုပ်ရမှာလဲ။

"ရှင် အခုတစ်ခါ ခေါင်းလျှော်ရင် အကောင်းဆုံးခေါင်းလျှော်ရေနဲ့လျှော်။ အကောင်းဆုံး ရေသန့်နဲ့ ဆေးချသင့်

တယ်…ကိုမောင်မောင်ချို"

"ဘာကွ"

"ဟုတ်တယ်…မှီတက်နေတဲ့ ရှင့်ဦးနှောက်ကို သန့်စင်ဆေးကြောလိုက်ပါဦး"

"တော်တော့…မင်းပါးစပ်ကို ပိတ်တော့ နွယ်ဇင်ဝင်း။ ငါ စိတ်တိုလာပြီနော်"

ဒေါ်နွယ်ဇင်ဝင်း မျက်ခုံးလေးနှစ်ဖက် မြင့်တက်သွားကာ

"ဒီမှာ ကိုမောင်မောင်ချို"

"ဘာလဲ…ပြော"

"ရှင် သိထားဖို့က မင်းလွတ်လပ်ဆိုတာ လူတော်တစ်ယောက်မဟုတ်ပေမယ့် လူညံ့တစ်ယောက်လည်း မဟုတ်ဘူး။ လှေကားရှေ့ကိုရောက်နေပြီး တံခါးဖွင့်မပေးလို့ တက်ခွင့်မရသေးတဲ့လူ။ ကျွန်မ တံခါးဖွင့်ပေးဖို့ ကြိုးစားနေတယ်။ သူ ဘယ်အဆင့်ထိတက်မလဲဆိုတာ ရှင် စောင့်ကြည့်"

"ထွီ"

တမင်လုပ်လိုက်တဲ့ ထွီဆိုတဲ့အသံကြောင့် ဒေါ်နွယ်ဇင်ဝင်း စိတ်ထဲ တင်းကနဲ ဖြစ်သွားလေသည်။ အဲဒီလို နေရာတကာ ဝုဏ်ပကာသနတွေနဲ့ တိုင်းတာတာကိုပဲ မကြိုက်တာ။ ဟင်းသီးဟင်း





ရွက်တောင် တစ်ညွန့်ချိုးရင် နှစ်ညွန့်၊ သုံးညွန့် ပြန်ဝေတတ်သေးဘာပဲလေ။

လူတစ်ယောက်ရဲ့ဘဝဆိုတာကို အဲဒီလောက် အထင်အမြင်သေးပြီး အညွန့်ချိုးဖို့ မကောင်းပါဘူး။

"ဒီမှာ နွယ်ဇင်ဝင်း…မင်းလည်း မသိရင်မှတ်ထား။ ငါးပိရည်ကို မဆလာအုပ်ချက်လို့ ကြက်သားဟင်း၊ ဝက်သားဟင်း ဖြစ်မလာဘူးကွ။ ငါးပိက ငါးပိဂုဏ်ဒြပ်ပဲထွက်မှာ။ ငါ့ကို သပ်မပြောနဲ့။ ငါ့သမီးကို အမြန်ဆုံး ပြန်ပို့ပေး…ဒါပဲ"

"ထွီ"

ပြောပြောဆိုဆိုနှင့် ဦးမောင်မောင်ချို ဖုန်းချသွားလေတော့ ဒေါ်နွယ်ဇင်ဝင်းမှာ အောင့်သက်သက်ဖြစ်သွားရသည်သာ။ လူတွေလည်း ခက်ပါ့။ သစ်လဲ၊ ဝါးလဲကိုသာ ကျော်ကောင်းတယ်၊ လူတုံးလုံးလဲကို မကျော်ကောင်းဘူးဆိုတာ မသိကြဘူးလား။

လူတစ်ယောက်ရဲ့ကံတရားကို ကြိုမြင်နိုင်တာမှ မဟုတ်ဘဲလေ။

"မေမေ"

"သမီး"

"သမီး…ပြင်ဦးလွင်ကို မပြန်ချင်သေးဘူး…မေမေ"

"မေမေကလည်း သမီးကို အတင်းမပြန်နိုင်းပါဘူး သမီးရယ်။ သမီး...ပျော်သရွှေနေပါ"

"မေမေ"

"ပြောလေ သမီး"

"လွှတ်လပ်အကြောင်း မေမေ ဘယ်လိုသိသွားလဲ မသိဘူးနော်"

"ပြောသူရှိလို့ သိတာပေါ့ သမီးရယ်။ ဘယ်သူပြောလဲဆိုတာတော့ နောက်သိလာမှာပါ"

"ဟူး"

လူတွေကလည်း ခက်ပါ့။ ကိုယ့်ထမင်းကိုယ်စားပြီး သူများအကြောင်း လိုက်စပ်စုနေတာ။

အင်း...

မဟုတ်မှလွဲရော မင်းလိုလူပဲ ဖြစ်ဂုမယ်။ မေမေနဲ့ အနီးစပ်နိုင်ဆုံးလူက သူပဲလေ။ သူကလွဲပြီး အခြားဘယ်သူရှိဦးမှာတဲ့လဲ။





## အခန်း (၂၈)

ကူးကူးက ရွှေတိဂုံဘုရားသွားချင်တယ်ဆိုလို့ မင်းလွှတ်လပ်လိုက်ပို့သည်တွင် ကားပေါ်မှာ တစ်ယောက်နဲ့တစ်ယောက် စကားပြောဖြစ်ကြတာ အတန်ကြာ။ နောက်မှ ကူးကူးက စပြီး...

"လွှတ်လပ်"

"ဟင်"

"နင် ငါ့ကို ပြောစရာ ဘာစကားမှ မရှိဘူးလား"

"........."

"ငါ မကြာခင် ပြင်ဦးလွင်ကို ပြန်ရတော့မယ်"

လွတ်လပ် သက်ပြင်းခိုးချလိုက်မိသည်။ ပြောစရာစကား ရှိပေမယ့် ပြောခွင့်မရလို့ မပြောတာပဲဆိုပါတော့။ ချစ်နေပေမယ့် ချစ်တယ်လို့မပြောတော့ ချစ်သူအရာမမြောက်ဘူးပေါ့။

မင်းလိုလူအပေါ် စကားနဲ့ အနိုင်ယူခဲ့ပေမယ့် တကယ်တမ်း မှာ အနိုင်မယူရက်ပေ။ ကိုယ်က ညီအစ်ကို မောင်နှမတွေအပေါ် မှာ ချစ်တာကိုလေ။

"ငါမေးတာ ဖြေဦးလေ…လွတ်လပ်"

မင်းလွတ်လပ် ခေါင်းခါလိုက်ပြီး…

"မရှိပါဘူး…ငါက ဘာပြောရမှာလဲ"

"တကယ်…ဘာမှပြောစရာ မရှိဘူးလား"

"အင်း"

"ပြီးတာပါပဲ"

ကူးကူး ရွှဲပြီးပြောလိုက်ပေမယ့် ငိုချင်စိတ်ပေါက်သွားသည်။ တကယ်ပဲ သူ့ရင်ထဲမှာ ကူးကူး မရှိဘူးလား။ ဒါမှမဟုတ် မင်းလိုလူကို ငဲ့နေတာလား။ ငဲ့စရာအကြောင်းမှ မရှိပဲလေ။

မင်းလိုလူက…

သူ့အပေါ် ကောင်းခဲ့တာမှမဟုတ်တာ။

"တကယ်တော့ ငါ ပြောချင်ပါတယ်။ ပြောချင်လွန်း





စကားကို ထိန်းချုပ်ထားရတာ အရမ်းပင်ပန်းတယ်"

"ဟင်"

"ဒါပေမဲ့ ငါ ဘယ်တော့မှ မပြောတော့ဘူး"

"မင်းလွတ်လပ်"

"နင် ယောကျ်ားမဟုတ်ဘူးလား။ နင် ဘာလို့ သတ္တိမရှိရ ဘာလဲ။ နင် ဒီတစ်ခါ ထပ်ပြီးအရှုံးပေးရင် သူက နင့်ကို ဘစ်သက်လုံး နိုင်သွားလိမ့်မယ်နော်"

"သူနဲ့ယှဉ်လိုက်ရင် ငါက အမြဲတမ်း ရှုံးနေတဲ့ကောင်ပါ ဘာ"

"မနိုင်ဖူးဘူးဆိုပြီး အရှုံးနဲ့ပဲ နင့်ဘဝကို အဆုံးသတ်တော့ မှာလား မင်းလွတ်လပ်။ နိုင်ဖို့မကြိုးစားတော့ဘူးလား"

မင်းလွတ်လပ် မချိပြုံး ပြုံးလိုက်မိသည်။ နိုင်ချင်ပေမယ့် ပြိုင်ရမယ့်လူက ကိုယ့်အစ်ကိုအရင်းလေ။ အခြားသူစိမ်း တစ်ယောက်ဆိုရင်တော့ နိုင်အောင်ပြိုင်မှာပေါ့။ အခုက ကိုယ်ဟာ တကယ်ပဲ လေးတော်တင်နိုင်ပါလျက်နဲ့ တမင်အရှုံးပေးရမယ့် အဖြစ်မျိုးလေ။

မင်း ကျေနပ်ပါ မင်းလိုလူ။

ငါက ၁၅၀၀ ချစ်ခြင်းမေတ္တာထက် ၅၂၈ ချစ်ခြင်းမေတ္တာ

ကို ပိုပြီး ငတ်မွတ်တောင့်တနေတဲ့ကောင်။

"နင်က ကြောက်။ သတ္တိမရှိတဲ့လူ။ ကိုယ်နိုင်မယ့်ပွဲမှာ တောင် မပြိုင်ရဲမှတော့ သေချာပါတယ်။ တုံးအောက်က ဖားဘဝ နဲ့ပဲ နင့်ဘဝ အဆုံးသတ်မှာ"

ပြောတော့ ကူးကူး။ နင်ပြောချင်သလိုသာ ပြောပါတော့ ဟာ။ ငါက ငါနိုင်မယ်မှန်းသိသိနဲ့ မတိုက်ဝံ့တဲ့ကောင်ပါ။ သတ္တိ မရှိလို့တော့ မဟုတ်ပါဘူး။ ဓားကိုထုတ်ပြီးမှ ကိုယ်ခုတ်ရမယ့် ဟင်းလျာဟာ ကိုယ့်ကမ္ဘာထဲက ကိုယ့်သွေးသားအရင်းအချာဖြစ် နေလို့ပါလေ။

"ငါ မှားတာပါ။ ငါ သိပ်မှားတာပဲ။ နင့်ကို ယုံကြည် အားကိုးပြီး သံယောဇဉ်တွယ်မိတာ ငါ့အမှားပဲ"

"..........."

"စိတ်ချ…ငါ ရွဲ့တတ်တာမှန်ပေမယ့် ဒီလိုနေရာမှာ ငါ မရွဲ့ဘူး။ နင့်ကို ရွဲ့ပြီး မင်းလိုလူကို ငါ လက်ခံလိမ့်မယ်လို့ နင် မထင်နဲ့။ ငါ မင်းလိုလူကို ရန်သူတစ်ယောက်လို ထာဝရ သတ်မှတ်မယ်"

"ဟင်"

"ရွဲ့တော့ရွဲ့မယ်။ ငါ ဘယ်လိုရွဲ့မလဲ…နင် သိလား"





မင်းလွတ်လပ် ဘယ်လိုစကားလုံးတွေ ပြောသင့်လဲ။ ကူးကူးကို ဘယ်လိုနှစ်သိမ့်ပေးရမှန်း မသိတော့ပေ။ ကူးကူး ပြောနေပုံက ကိုယ့်ကိုချစ်တယ်လို့ ဖွင့်မပြောရုံပါပဲလား။ ကူးကူး အားနာလိုက်တာ။

ပြီးတော့…

ကိုယ့်ရင်ထဲမှာလည်း ကမ္ဘာပြိုနေတဲ့အတိုင်းပါပဲ။

"အဟွန်း…ငါ လက်ထပ်မယ့်လူဟာ နင်နဲ့ သွေးသား တော်စပ်သူ ဘယ်တော့မှ မဖြစ်စေရဘူး"

"ကူးကူး"

"ဟင်"

"ဘာလဲ"

"ရှေ့မှာ"

မင်းလွတ်လပ် ကူးကူးကို တစ်ခုခုပြောမလို့ ပြင်လိုက်စဉ် ကူးကူးက တစ်ခုခုကို အံ့ဩသွားဟန်ရှိ၍ ဘာလဲဟု မေး လိုက်ခြင်းပါ။ ကူးကူး လက်ညှိုးထိုးပြရာကို ကြည့်လိုက်တော့

"ကိုယ်ဝန်ဆောင်အမျိုးသမီးပါလား…တို့ကားကို တားနေ တယ်"

"ရပ်လိုက်"

မင်းလွတ်လပ် ကားကို ရပ်ပေးလိုက်သည်။

"အား…ကျွတ်…ကျွတ်"

"အစ်မ…ဘယ်ကိုသွားမလို့လဲခင်ဗျ"

"ဆေးရုံ…ဆေးရုံကို လိုက်ပို့ပေးပါလား မောင်လေးရယ်။ Taxi ငှားတာ ခရီးသည်ပါနေတဲ့ကားတွေပဲ လာနေလို့ပါ မောင်လေးရယ်…ကူညီပါနော်"

"အစ်မမှာ အဖော်မပါဘူးလားဗျ"

"ပါတယ်…မောင်လေး၊ အစ်မ အမေပါ။ ပါတယ်…အား"

"မွေးတော့မှာလား မသိဘူး။ လာ…လာ…ကားပေါ်တက်…အစ်မ"

ကူးကူး မနေနိုင်စွာဘဲ ကားပေါ်မှဆင်းပြီး ကိုယ်ဝန်ဆောင်သည်အစ်မကို တွဲခေါ်လိုက်သည်။

"အမေ…အမေရေ"

"လာပြီ…သမီး"

"ဒီကားနဲ့သွားမယ်…အား…အမယ်လေး"

"တက်…တက်"

ကားပေါ်ကိုရောက်လို့ ကားမောင်းထွက်ခဲ့တော့ အမျိုးသမီး





ာ ဗိုက်တော်တော်နာနေပုံရသည်။

"အမေရေ"

"သမီး…အားတင်းထားနော်"

"အန်တီ…ဒီအစ်မယောကျ်ားက လိုက်မလာဘူးလား ခင်"

ကူးကူးက မေးလေတော့…

"မပြောချင်တော့ပါဘူး…ကလေးရယ်။ သူ့ယောကျ်ားက သမီးကိုယ်ဝန်ခြောက်လရှိနေချိန်မှာ နောက်မိန်းမ ခိုးသွားလေရဲ့"

"ဟင်"

သူများသားသမီးကိုယူပြီး လူစိတ်မရှိလိုက်တာလို့ ကူးကူး တွေးမိသွားလေသည်။ အပြစ်မရှိတဲ့ကလေးက လူ့လောကထဲ ရောက်လာတာနဲ့ ဖခင်မဲ့ဘဝကို ခံယူရတော့မှာပါလား။

"အား…အမေ…ကယ်ပါဦး"

"သမီး အတော်နာနေလား။ အမေ့လက်ကို ကိုင်ထား။ အမေ့လက်ကို ကိုင်ထား…သမီး"

"အမေ…အား…ဟီး"

"မွေးတော့မလားမသိဘူး…ဒုက္ခပါပဲ"

"အား"

အစ်မကြီးက ကူးကူးလက်မောင်းကို ခပ်တင်းတင်း ဆုပ်ကိုင်လေတော့ ကူးကူး ဖယ်ချမလို့လုပ်ပြီးမှ မဖယ်ဖြစ်တော့ပေ။ မိခင်တဲ့…သားသမီးတွေကို ဒီလိုနာကျင်မှုဝေဒနာတွေ ခံစားပြီးမှ မွေးရတာပါလား။

လင်က ပစ်တာကို အမေဖြစ်သူက အားပေးနှစ်သိမ့်ပြီး စိုးရိမ်ပေးနေပုံက ကူးကူးရင်ကို ပစ်လိုက်တဲ့မြားလိုပါပဲ။ သေမင်းနဲ့ စစ်ခင်းပြီးမွေးခဲ့တဲ့ အမေ။ ဖြစ်လာသမျှကို သတ္တိရှိရှိနဲ့ ရင်ဆိုင်တဲ့ အမေ။ အဖေ မရှိဘဲ ကလေးတစ်ယောက်ကို လူ့လောကထဲ ခြေချခွင့်ပေးမယ့် အမျိုးသမီးကို ကူးကူး လေးစားမိပြီလေ။

သြော်…မေမေရယ်။ ကူးကူးရဲ့ ဖေဖေနဲ့မေမေက သူတို့ချင်း အဆင်မပြေကြပေမယ့် ကူးကူးအပေါ်မှာတော့ မိဘတာဝန်ကျေခဲ့ကြသူတွေပါ။

"အား…အမေ"

"သမီး"

"အင်း…အား"

"သမီးလေး"

"အင်း…အင်း"

"အူဝဲ…အူဝဲ…အူဝဲ"





"ဟယ်"

"ဟာ"

"မွေးပြီ…မွေးပြီ"

ကူးကူးရော လွတ်လပ်ပါ မျက်လုံးပြူးကုန်ကြတော့သည်။ ကားပေါ်တင်မွေးတော့ ဒုက္ခပေါ့။ ကူးကူးတို့က ဘာမှလုပ်တတ်ဘာမှ မဟုတ်တာ။ အခုမှ ဝမ်းသာရမလို၊ ဝမ်းနည်းရမလိုနှင့် ဘာလုပ်လို့ဘာကိုင်ရမှန်း မသိတော့ပေ။

"မင်းလွတ်လပ်…ကားရပ်…ကားရပ်"

"အေး…အေး"

"အူဝဲ…အူဝဲ…အူဝဲ"

မင်းလွတ်လပ်က ကားကို လမ်းဘေးချပြီး ရပ်လိုက်လေတော့သည်။

"အူဝဲ…အူဝဲ…အူဝဲ"

"လုပ်ပါဦး…တူမကြီးရယ်၊ ကူညီပါဦးကွယ်"

"ဟာ…ကူးကူး ဘာမှမလုပ်တတ်ဘူးလေ အန်တီရဲ့။ …မင်းလွတ်လပ်"

"ဟေ"

"ပတ်ဝန်းကျင်ကလူတွေကို အကူအညီတောင်းကြည့်

ပါဦး။ တို့က ဘာမှမလုပ်တတ်ဘူးလေ''

''အေး…အေးပါ''

မင်းလွတ်လပ်ခမျာ ကားပေါ်ကဆင်းပြီး ပတ်ဝန်းကျင်ကို အကူအညီတောင်းရလေတော့သည်။

''သမီး…သမီး''

''အမေ''

''အူဝဲ…အူဝဲ''

''ကလေးက ဘာလေးလဲ…အမေ''

''မိန်းကလေး…သမီး''

''ဩော်''

ကူးကူးက အမျိုးသမီးကို ပွေ့ထားကာ အမျိုးသမီးရဲ့အမေက ကလေးကို ပိုက်ရမလို၊ မပိုက်ရမလိုနှင့် ဘာလုပ်ရမှန်းမသိဖြစ်နေသည်လေ။

''ဒုက္ခပါပဲ…ဘာလုပ်ရမှန်းကို မသိတော့ဘူး''

''ဘယ်မှာလဲ…ကလေးမွေးတဲ့လူက''

''ကားထဲမှာပါခင်ဗျ''

''ဆေးရုံရောက်အောင် သွားမှထင်တယ်''

''ဖြစ်ပါ့မလားဟယ်''





အနားရောက်လာသူတွေ တစ်ယောက်တစ်ပေါက် ပြောဆိုနေကြချိန်မှာ အမျိုးသမီးက မျက်ရည်တွေကျနေသည်လေ။

ဩော်…

သူ့ကလေးအတွက် ဖခင်မဲ့တဲ့အဖြစ်ရယ်၊ ဆိုးလှတဲ့ သူ့ဘဝအကြောင်းရယ်ကို တွေးမိသွားတယ်ထင်ပါရဲ့။

# အခန်း (၂၉)

ဒေါ်နွယ်ဇင်ဝင်း ကားပေါ်မှဆင်းပြီး အိမ်ထဲသို့ဝင်ခဲ့တော့ ဆိုဖာပေါ်မှာထိုင်နေတဲ့ ကူးကူးပုံစံက ငေးငေးငိုင်ငိုင်ပါ။ သမီး ဘာများဖြစ်နေပါလိမ့်လို့ စိုးရိမ်စိတ်နှင့်...

"သမီး"

ခေါ်လိုက်တော့ ကူးကူးက မော့ကြည့်ပြီး...

"မေမေ"

ကူးကူးက ချက်ချင်းထလာကာ ဒေါ်နွယ်ဇင်ဝင်း ခါးကို ဖက်လိုက်ပြီး...





"မေမေ...အဟင့်"

"သမီး"

"မေမေ့ကို သမီး အရမ်းချစ်တယ်"

"ဟင်"

ပြောပြီး ကူးကူးက ငိုသံငိုပါလေတော့သည်။ ဒေါ်နွယ်ဇင်ဝင်း ထိတ်ထိတ်ပျာပျာဖြစ်သွားပြီး...

"သမီး...သမီး ဘာဖြစ်လာတာလဲ။ မေမေ့ကို ပြောစမ်း။ သမီး ဘာလို့ငိုရတာလဲ"

"မေမေ...ဟင့်"

"ပြော...သမီး၊ ဘာဖြစ်လို့လဲ...မေမေ့သမီးကို ဘယ်သူက ဘာပြောလို့လဲ"

ကူးကူး ခေါင်းခါလိုက်ပြီး...

"မိခင်တစ်ယောက်ရဲ့ စေတနာ မေတ္တာတွေကို သမီး နားလည်သွားလို့ပါ မေမေ။ မေမေ့အပေါ် အထင်မှား၊ အမြင်မှား ခဲ့တာတွေအတွက် သမီးကို ခွင့်လွှတ်ပါ"

"ဟယ်...ဒီကလေးနှယ် မေမေက ဘာများလဲလို့"

ဒေါ်နွယ်ဇင်ဝင်း သမီးကိုယ်လေးကိုဖက်ပြီး ခေါင်းလေးကို နမ်းပေးမိကာ...

"မိဘဆိုတာ သားသမီးအပေါ်မှာ မေတ္တာအထားနိုင်ဆုံး၊ သားသမီးအတွက် အဖြည့်ဆည်းနိုင်ဆုံးလူသားပါ သမီးရယ်။ ခွင့်လွှတ်ရအောင် မေမေ့သမီးက အမှားလုပ်ထားတာမှ မရှိတာ။ တောင်းပန်တယ်ဆိုတာ အမှားလုပ်သူတွေရဲ့ ဝန်ခံခြင်းအတွက် ထွက်လာတဲ့စကားပါ သမီးရယ်"

"မေမေ"

"ပြောလေ…သမီး၊ သမီး ဘာပြောချင်လို့လဲ"

ကူးကူးက မျက်ရည်တွေသုတ်ပြီး မိခင်၏မျက်နှာကို စေ့စေ့ကြည့်လေသည်။

"ဒီနေ့လေ"

"အင်း"

"ကိုယ်ဝန်ဆောင်သည်အမျိုးသမီးတစ်ယောက် သမီးတို့ကားကိုတားတယ်။ ဆေးရုံသွားချင်လို့တဲ့"

"ဟုတ်လား…သမီးတို့ ကူညီလိုက်လား…သမီး"

ကူးကူး ခေါင်းလေးညိတ်ပြီး…

"သူ ကူးကူးတို့ကားပေါ်မှာပဲ ကလေးကို ဖွားတယ်"

"ဟယ်"

"သူ ဖွားခါနီးမှာ ခံစားရတဲ့ ဒုက္ခဝေဒနာကိုမြင်ရတော့





ကူးကူး မိခင်တစ်ယောက်ရဲ့ ကြီးမားတဲ့မေတ္တာတရားကို ခံစားနားလည်သွားမိတယ် မေမေ။ မေမေလည်း သမီးကိုမွေးတုန်းက ဒီလို ဒုက္ခဝေဒနာကို ခံစားရမှာပဲလို့ သမီး တွေးမိသွားတယ်"

"သမီးရယ်"

သမီးလေးက မိဘရဲ့စေတနာမေတ္တာကို နားလည်သွားသည်ဆိုတော့ ဒေါ်နွယ်ဇင်ဝင်း ဝမ်းမသာဘဲ ရှိပါ့မလားလေ။

ဝမ်းသာလွန်းလို့ မျက်ရည်တွေလည်လာပြီး…

"မိခင်တိုင်း ဒီလိုဒုက္ခဝေဒနာကို ခံစားကြရတာပေါ့ သမီးရယ်။ အခုလို သမီးနားလည်လာတဲ့အတွက် မေမေ အရမ်းဝမ်းသာတယ်…သိလား…သမီး"

"သမီး နားလည်ပါပြီ မေမေ။ သမီး မေမေ့ကို ကန်တော့ပါရစေ"

ကူးကူး မိခင်ဖြစ်သူ၏ရှေ့မှာ ဒူးထောက်ချလိုက်လေသည်။ ပြီးတော့ လက်အုပ်လေးချီပြီး…

"သမီး…မေမေ့အပေါ် အထင်အမြင်လွဲပြီး စိတ်နဲ့ပစ်မှားမိခဲ့တာတွေအတွက် ရှိခိုးပြီး တောင်းပန်ပါတယ် မေမေ။ သမီးကို ခွင့်လွှတ်ပါ"

ကူးကူးက ဦးချလေတော့ ဒေါ်နွယ်ဇင်ဝင်းတစ်ယောက် ပီတိပြုံးနှင့် ဆုတွေတစ်သီကြီး ပေးတော့သည်ပေါ့လေ။

ဒီအချိန်ကို…

ရွှေချသိမ်းထားလို့ရရင် သိမ်းထားလိုက်ချင်ပါရဲ့လေ။





# အခန်း (၃၀)

"ကူးကူး"

ခေါ်သံကြောင့် ကူးကူး ကြက်သားပြုတ်ထားတာကို နေရာမှ ဒေါ်ဌေးကို လှည့်ကြည့်လိုက်သည်။

"ထားခဲ့တော့…ကူးကူး၊ ဒေါ်ဌေး ဆက်လုပ်လိုက်မယ်"

"ကူးကူးလုပ်တာ ဘာမှားနေလို့လဲ ဒေါ်ဌေး"

"မမှားပါဘူး ကလေးရဲ့။ ဧည့်ခန်းထဲမှာ ဧည့်သည်ရောက် လို့ ပြောတာပါ။ သူ ထိုင်စောင့်နေတယ်လေ"

"ဘယ်သူလဲ ဒေါ်ဌေး"

"ဘယ်သူရှိရဦးမှာလဲ…မင်းလွတ်လပ်ပေါ့ ကလေးရဲ့ ဘာစိတ်ကူးပေါက်တယ်မသိပါဘူး။ ဝတ်စားလာတာ မင်းသား ရှုံးလောက်တယ်"

"ဟင်"

"သွားလိုက်ဦး…ကလေး"

"ဟုတ်ကဲ့…ဒေါ်ဒွေး"

ကူးကူး ဘေစင်မှာ လက်ဆေးကာ လက်သုတ်ပြီးနောက် အပြင်သို့ ထွက်လာခဲ့တော့သည်။

ဧည့်ခန်းထဲရောက်တော့ ဆိုဖာပေါ်မှာ ဝင်ထိုင်လိုက်ပြီးတော့ သူ့ကို စေ့စေ့ကြည့်လိုက်မိသည်လေ။

"ကူးကူး"

ကူးကူး မေးဆတ်၍ ထူးလိုက်သည်။ ရုတ်တရက်အ မင်းလွတ်လပ်လို့ ထင်ရပေမယ့် သေသေချာချာကြည့်တော့ မင်းလွတ်လပ်မှ မဟုတ်ဘဲလေ။

မင်းလိုလူ… မင်းလိုလူပဲပေါ့။

"နင် ဘာကိစ္စရှိလို့လာတာလဲ မင်းလိုလူ"

"နင်ကလည်းဟာ…ငါ့ကိုမြင်တာနဲ့ မျက်နှာက ရှုံ့ တင်းမာနေတာပဲ။ ငါ့ကို ဆက်ဆံတာ တကယ့်သူစိမ်းအတိုင်း





ငါ တကယ် ခံစားရတယ်"

"နင်နဲ့ငါက သွေးသားအရင်းအချာ ဆွေမျိုးတွေမှ မဟုတ် ကြတာ။ သူစိမ်းကို သူစိမ်းလိုဆက်ဆံတာ ဆန်းလို့လား"

"ထားပါတော့…နင်က သူစိမ်းဆိုတော့ သူစိမ်းပဲပေါ့"

"သိပ်ပြီး ဝေ့ဝိုက်မနေနဲ့။ ငါ စိတ်မရှည်တတ်ဘူး။ ဒီကို လာတာ ဘာကိစ္စရှိလို့လဲ။ ဘာပြောမလို့လဲ"

မင်းလိုလူ ရယ်လိုက်ပြီး…

"နင်က ပွင့်ပွင့်လင်းလင်းမေးတော့ ငါက ဒဲ့ပဲဖြေရတော့ မှာပေါ့"

ကူးကူး မင်းလိုလူကို ခပ်စူးစူးပဲ ကြည့်နေမိသည်။ ဒီမျက်နှာကို သေသေချာချာကြည့်မိလေ မုန်းလေပါပဲ။

ကိုယ့်အတွက်ပဲ ကြည့်တတ်တဲ့ တစ်ဘို့တည်းထားတဲ့ နားလို ပါပဲ။

ငါဆိုတဲ့ အတ္တမာနတွေနဲ့ မင်းလွတ်လပ်အပေါ် အနိုင်ယူ ချင်တဲ့လူ။

"နင် သိနေမှာပါ"

"ဘာကိုလဲ"

"နင့်ကို ငါ ချစ်တယ်ဆိုတာ"

"ဟင်"

'ဟင်'ဆိုတာက ကူးကူးနှုတ်မှ ထွက်လာတဲ့အသံမဟုတ်ပေ။ မင်းလွတ်လပ် ပါးစပ်က ထွက်သွားတဲ့အသံလေ။

မင်းလွတ်လပ်…

အိမ်ထဲကိုဝင်ခါနီးမှာ မင်းလိုလူနဲ့ကူးကူး နှစ်ယောက်တည်း ထိုင်နေတာကို မြင်ရလေတော့ ရင်ထဲမှာ နင့်ကနဲ ဖြစ်သွားလေသည်။

အနှောင့်အယှက်မပေးတော့ဘူးရယ်လို့ ကိုယ့်ရင်ဘတ်ကိုယ်ဖိချုပ်ပြီး ပြန်ထွက်လာခဲ့တော့သည်လေ။

အဆင်ပြေပါစေလို့ ငါ ဆုတောင်းပေးပါတယ် မင်းလိုလူ။

"ကူးကူး"

"………"

"နင့်ကို ငါ ချစ်တယ်။ လက်ထပ်ချင်တယ်"

"ဒီမှာ မင်းလိုလူ"

"ပြောလေ…ကူးကူး"

ကူးကူး မဲ့ပြုံးပြုံးလိုက်မိပြီး…

"နင် မှတ်ထားလိုက်၊ ငါ လက်ထပ်ရမယ့်ယောက်ျား လောကမှာ နင်တစ်ယောက်တည်းရှိတယ်ဆိုရင်တောင် နင့်ကို





တော့ ငါ လက်မထပ်ဘူး။ ငါ့ကိုယ်ငါ သတ်သေရင်သေ၊ မသေရင် ခွေးကို အမြီးဖြတ်ပြီး ကျက်သရေခေါင်းပေါင်း ပေါင်းပေးလိုက်မယ်…နားလည်လား"

"ဘာ"

မင်းလိုလူ စိတ်ထဲမှာ တင်းကနဲ ဖြစ်သွားလေသည်။ ကူးကူး ပြောလိုက်ပုံက ကိုယ့်ကို ခွေးလောက်တောင် တန်ဖိုးမရှိဘူးလို့ ပြောလိုက်ခြင်းပါပဲ။

ရင်ထဲမှာ ဒေါသမီးတွေ တောက်လောင်သွားပေမယ့်…

ကိုယ်ရောက်နေတာသည် သူ့ပိုင်နက်ထဲမှာမို့ စိတ်ကို ထိန်းလိုက်ကာ…

"နင်က ငါ့ကို ခွေးတစ်ကောင်လောက်တောင် တန်ဖိုးမရှိဘူးလို့ ပြောလိုက်တာပေါ့လေ။ ဟုတ်လား…ကူးကူး"

"ကိုယ့်ဘာသာ ပြန်သုံးသပ်ကြည့်ပေါ့"

"တောက်"

"နင် ငါ့ကို တောက်မခေါက်နဲ့။ ငါက နင့်ရှေ့မှောက် ရောက်လာပြီး ခစားတဲ့လူ မဟုတ်ဘူး။ နင့်ကို လာပါလို့လည်း ငါ မဖိတ်ခေါ်ခဲ့ဘူး"

"ဟုတ်ပါပြီ…ငါက နင့်ရှေ့မှောက်ကို ရောက်လာသူဆို

တော့ နင့်အတွက် ပြောစရာဖြစ်သွားတာပေါ့။ ငါကလည်း ဘယ်မိန်းမရှေ့မှာမှ ဒူးထောက်ခဲ့တဲ့ကောင် မဟုတ်ဘူး"

"အဲဒီတော့ ဂုဏ်ပြုပေးရမှာလား။ စိတ်ကူးယဉ်မနေနဲ့"

"စိတ်ကူးမယဉ်ဘူး…ငါက လက်တွေ့သမား"

"အဲဒီတော့"

သူ့ရွဲ့လို့ ကိုယ်စောင်းရတာ ဘာဆန်းတာမှတ်လို့။ မင်းလိုလူဆိုတာ ကိုယ်လိုချင်တဲ့အရာကို မရရအောင် ယူတတ်တဲ့ကောင်ပဲလေ။

ရွှေပြည်အေးတရား ဟောတာတောင် ရာမ မဖြစ်ရင် ဒသဂီရိ လုပ်လိုက်ရုံပဲပေါ့။

"ငါဆိုတဲ့ကောင်က လိုချင်တာကို ရအောင်ယူတတ်တယ်"

"အဲဒီလောက် လွယ်မယ်ထင်လို့လား။ ကူးကူးကလည်း ကိုယ့်ထိပ်လာပုတ်ရင် ပြန်တုတ်တတ်တဲ့ မြွေပွေးလို မိန်းမ"

"နင့်အစွယ်ကို ငါ ရအောင်ချိုးပြမယ်"

"အဟွန်း"

ဘယ်လောက်များ တုံ့ပြန်တုံ့လှည့် မေတ္တာတွေထားရဲ့ ကောင်းလိုက်ပါသလဲလို့။ အချစ်ကို တောင်းခံတာ နူးညံ့မှုမရှိ





…လိုလူမျိုးကို လက်ခံမိရင် ကိုယ့်အနာဂတ်ကိုယ် အညွှန့်ချိုးပြီး …ယ့်ဘဝကိုယ် သတ်သလိုဖြစ်မှာပေါ့။

ကူးကူးက…

မြောက်တိုင်းမမြောက်တတ်သလို မြောက်တိုင်းလည်း …ကြောက်တတ်သူလေ။

"ခြောက်ရင်လည်း ကြောက်အောင်ခြောက်မှပေါ့။ ငါက …ကြောက်တတ်သူဆိုတော့ နင် ခြောက်နည်းကောင်းကောင်း …ပ်စဉ်းစားလိုက်ပါဦးလား…မင်းလိုလူ"

"ငါ ခြောက်နေတာမဟုတ်ဘူး ကူးကူး။ ငါဆိုတဲ့ကောင် … ငါမှ မင်းသားမလုပ်ရရင် ပတ်မကြီးထိုးဖောက်ရဖို့ ဝန်လေး …ကောင်မှ မဟုတ်တာ"

"ယုံပါတယ်…နင်က ကောက်ကျစ်စဉ်းလဲမယ့်ပုံပဲဟာ"

"ဘာ"

ကိုယ့်ဓားနဲ့ ကိုယ့်ကိုပြန်ထိုးခံရသလို ကိုယ့်စကားနဲ့ ကိုယ့် … ပြန်ပြီးချည်နှောင်ရိုက်နှက်ခံလိုက်ရတော့ မင်းလိုလူ စကား …က်ဖို့ အစပျောက်သွားလေတော့သည်။

အချစ်ဆိုတာ အနုကြမ်းစီး တောင်းလို့ရတာမှ မဟုတ်ဘဲ။ …သအလျောက် ကိုယ်ပြောမိတာတွေက မှားပြီလို့ ကိုယ့်ကိုယ်

ကိုယ် ပြန်သုံးသပ်ရင်း စိတ်ကို လျှော့ချလိုက်ကာ…

"ဆောရီးပါ ကူးကူး…နင်က ငါ့ကို ခွေးလောက် တန်ဖိုးမရှိအောင်ပြောလို့ ငါ ဒေါသထွက်ပြီး ပြောလိုက်မိတာအတွက် ငါ တောင်းပန်ပါတယ်"

"အပြောင်းအလဲမြန်လိုက်တာ"

"ကူးကူး"

"ပြော"

"နင့်ကို ငါ တကယ်ချစ်တာပါဟာ"

"ဒီစကားကို ပြောတာ ငါက ဘယ်နှယောက်မြောက် မိန်းကလေးလဲ မင်းလိုလူ"

"ဟင်"

"မအံ့သြနဲ့…နင့်အရှုပ်တွေကို မင်းလွှတ်လပ် ရှင်းနေတာ ငါ မသိတာမှမဟုတ်တာ"

"ဒါကတော့ဟာ…ငါက ယောကျ်ားလေးပဲ။ မိန်းကလေးက နေရာပေးလို့ နေရာယူတာ ငါ မှားလား"

"တော်တော့…မင်းလိုလူ၊ နင့်ပါးစပ်ကို ပိတ်"

ကူးကူးရဲ့နှုတ်ခမ်းသားလေးတွေ တင်းတင်းစေ့သွားသေးသည်။ သူပြောတာက မိန်းကလေးနေရာပေးလို့ ယောကျ်ားလေး





နေရာယူတယ်ဆိုတဲ့သဘောလေ။ ဒါ…မိန်းကလေးတွေကို သက်သက်အထင်သေးတာ။

အဲဒီလိုမိန်းကလေးမျိုး…

သူနဲ့ပတ်သက်ဖူးတဲ့ မိန်းကလေးထဲမှာ တစ်ယောက်တလေ ရှိကောင်းရှိနိုင်ပေမယ့် အကုန်လုံးမှ မဖြစ်နိုင်ဘဲလေ။ အကုန်လုံးကို ခြုံပြောတာတော့ ကူးကူး လက်မခံနိုင်ပါဘူး။

"ဒါ…သက်သက်မိန်းကလေးတွေရဲ့သိက္ခာကို စော်ကားတာ။ နင့်ကို ငါ မေးမယ်"

"မေးပါ"

"နင့်ကို မိန်းကလေးက စပြီးချစ်ပါတယ်လို့ပြောတာ ဘယ်နှယောက်ရှိလဲ"

"စမပြောပေမယ့် ရေလာမြောင်းပေးတော့ လုပ်ကြတာပဲလေ"

"ထားပါတော့"

"မထားလို့မရဘူးလေ…ဒါ အမှန်တရားပဲဟာ"

ကူးကူး ခေါင်းညိတ်လိုက်မိ၏။ သူ့စကားကို သဘောကျလို့လေ။ စကားကို လက်လွှတ်စပယ်ပြောတတ်လား ပြောတတ်ရဲ့။

နှမချင်း မစာမနာ ပြောထွက်တာလည်း ဒီပါးစပ်ပါပဲ။ ကူးကူးကလည်း လူတိုင်းအပေါ် စာနာတတ်သူတော့ မဟုတ်ပါဘူး။

ဒါပေမဲ့ . . .

ကိုယ့်အပြစ်ကိုဖုံးပြီး သူများကို အပြစ်ပုံချတာမျိုးတော့ ဘယ်တော့မှမလုပ်ပေ။

"ငါက မြောင်းပေးတိုင်းလာတတ်တဲ့ရေကို သောက်ဖို့ မပြောနဲ့၊ ခြေတောင်မဆေးဘူး . . . မှတ်ထား"

"ဘာ"

"ဒါ . . . အပွင့်လင်းဆုံးပြောတာ။ နင် ပြန်တော့"

"ကူးကူး"

"နင် အခုရောက်နေတာ ငါ့အိမ် . . . ငါ့ပိုင်နက်၊ အိမ်ရှင်က ခွင့်မပြုဘဲ ဧည့်သည်ဝင်လာခွင့်မရှိဘူး . . . ပြန်တော့"

"ကျွတ်"

"အခု . . . နင်ဝင်လာတာ ဘယ်သူ့ခွင့်ပြုချက်နဲ့လဲဆိုတာ ပြန်စဉ်းစား။ ငါ မအားဘူး။ အလုပ်ရှိသေးတယ်"

ပြောပြောဆိုဆိုနှင့် ကူးကူး ထရပ်လိုက်တော့သည်။ ဆက်ပြီး ဧည့်ခံနေဖို့မှ မလိုဘဲလေ။ ဒါကြောင့် . . .





"ငါ ထပ်ပြောလိုက်မယ်။ နင့်ကို ငါ အထင်ကြီးလို့မရသလို ချစ်လို့လည်း မရဘူး။ နောက်ထပ် ငါနဲ့ပတ်သက်ဖို့ ကြိုးစားပါနဲ့"

ကူးကူး ဧည့်ခန်းထဲမှ ထွက်လာခဲ့တော့သည်။ အားနာနေဖို့မလိုဘဲလေ။ ကိုယ်က အိမ်ရှင်၊ သူက ဧည့်သည်။ အိမ်ရှင်က နှင်မှတော့ ဧည့်သည်က ပြန်ပေါ့။ ဒါပဲရှိတာလေ။

## အခန်း (၃၁)

မင်းလွတ်လပ်…ကူးကူးဆီကို မသွားတာ တစ်ပတ်တိတိ ရှိခဲ့ပါပြီ။

သတိရမိတဲ့အခါတိုင်း ကူးကူးကို ဖုန်းဆက်ဖို့ ကူးကူး ဖုန်းနံပါတ်လေးကိုနှိပ်ပြီး ဖုန်းလုံးလေးကို နှိပ်တဲ့အဆင့်မရောက် ပေ။ နံပါတ်သာနှိပ်ပြီး မခေါ်ဖြစ်ခဲ့ပါဘူး။

ဒီလိုအချိန်မျိုးမှာ…

မာနကြီးတဲ့ ကူးကူးတစ်ယောက် ကိုယ့်ဆီကို ဖုန်းစမခေါ် ဘူးဆိုတာသိပေမယ့် မျှော်လင့်မိသည်လေ။





ကိုယ်တွေအဖြစ်က ချစ်သူမဟုတ်ဘဲ အသည်းကွဲနေရတာ လေ။ စိတ်နဲ့ ကိုယ်နဲ့ မကပ်။ ဖုန်းကိုင်ချင်စိတ်လည်း မရှိတာ ကြောင့်…

ကြုံ့ရာနေရာထားခဲ့တော့ ဖုန်းက ဘယ်ရောက်နေမှန်း မသိတော့ပေ။

"ကိုကြီး…ကိုကြီး"

"…………"

"ကိုကြီး"

"ဟင်…ဘာလဲ…ရူးရူး"

"ဖုန်းလာနေတယ်…ကိုကြီး"

"အေး…အေး…ပေး"

ရူးရူးလက်ထဲက ဖုန်းကိုယူပြီး နံပါတ်ကိုကြည့်လိုက်တော့ ကူးကူး ဆက်တာပါ။ ဒါကြောင့် မျက်နှာလေးက ဝင်းပသွားပြီး

"ကူးကူး"

"မင်းလွတ်လပ်"

"ပြောလေ ကူးကူး"

"ထွေထွေထူးထူး ပြောစရာမရှိပါဘူး။ ငါ နင့်ကို လွမ်းလို့ဆက်တာပါ"

"ဟင်"

နှုတ်ဆက်တာဆိုပါလား။ ဒါဆို ကူးကူးက…

"ငါ ပြင်ဦးလွင်ကို ပြန်တော့မယ်…မင်းလွတ်လပ်။ အဲဒါကြောင့် နှုတ်ဆက်တာပါ"

"ဘယ်တော့ပြန်မှာလဲ…ကူးကူး"

"မနက်ဖြန်"

မင်းလွတ်လပ် ဆွံ့အသွားသူတစ်ယောက်ပမာ ဘာစကားတစ်ခွန်းမျှ ထပ်မပြောနိုင်တာ ဘာပြောရမှန်းမသိလို့ပါလေ။

ဖုန်းကို နားမှာကပ်ပြီး ငိုင်နေလိုက်တာ။ ကူးကူးဘက်က ဖုန်းချသွားတာကိုပင် မသိလိုက်ပေ။

"ကိုကြီး"

"……….."

"ကိုကြီး"

"ဟင်"

"မမကူး ဖုန်းချသွားပြီလေ ကိုကြီးရဲ့"

"ဟင်…ဟုတ်လား"

"သား"

သားရဲ့အဖြစ်ကိုသိနေတဲ့ ဒေါ်ပန်းနုစံ သားဖြစ်သူအနား





ရောက်လာကာ…

"သား"

"ဗျာ…မေမေ"

"ကျေးဇူးတရားကို နှလုံးသားနဲ့လဲပြီး ဆပ်တယ်ဆိုရအောင် မေမေ့သားက ရာဇဝင်ထဲက ကျွန်စစ်သားမှမဟုတ်တာ။ ကျေးဇူးတရားလို့ဆိုရအောင်ကလည်း ဖအေရင်းက သားအရင်းကို သူ့သွေးမို့ သူ့အရိပ်ကို ခိုခွင့်ပြုထားတာပဲ။ သားဘက်က မတရားတာ ဘာမှမရှိဘူး"

"မေမေရယ်…ကျွန်တော်"

"အနစ်နာခံတာတွေ တော်လောက်ပြီ…သား။ မည်မည်ရရ ကင်ပွန်းတပ်မရတဲ့ ကျေးဇူးတရားတွေ ထားလိုက်တော့။ မင်း ယောကျ်ားမဟုတ်ဘူးလား။ အချစ်ချင်းတူရင် စစ်ခင်းပဲ သူရယူရဆိုတာမျိုး…ကိုယ့်ကိုယ်ကိုယ်ပဲ သနားလိုက်စမ်းပါ သားရယ်"

မှေးမှိန်နေတဲ့ မင်းလွတ်လပ်ရဲ့မျက်လုံးက မေမေ့ရဲ့အားပေးစကားကြောင့် အရောင်တောက်လာလေသည်။

ဟုတ်တယ်…

ဒီကိစ္စမှာ ကူးကူးရဲ့ဆန္ဒက အဓိကပဲလေ။ ကိုယ်က

အချစ်ကို လုယူတာမှ မဟုတ်တာ။ မျှမျှတတ တရားနည်းလမ်း ကျကျနဲ့ ပြောပိုင်ခွင့်၊ ချစ်ပိုင်ခွင့်ရှိနေတာပဲ။

"မေမေ"

ဒေါ်ပန်းနုစံက သားရဲ့မျက်ဝန်းထဲက ဘာသာစကားကို နားလည်လိုက်စွာ…

"အိုကေ…သား အချစ်နဲ့စစ်မှာ မတရားတာ မရှိဘူးကွ"





# အခန်း (၃၂)

ကူးကူး ပြန်တော့မယ်ဆိုတော့ ဒေါ်နွယ်ဇင်ဝင်း ငိုရပြီလေ။ သမီး ပျော်သလောက်နေဆိုပြီးထားပေမယ့် သမီးကိုယ်တိုင်က ပြန်မယ်ဆိုတော့ ဘာတတ်နိုင်မှာတဲ့လဲ။

သမီးက အဝတ်တွေကို သေတ္တာထဲထည့်နေပြီ။

ဒေါ်နွယ်ဇင်ဝင်း ဆက်ကြည့်နေနိုင်တဲ့ အင်အားမရှိတော့ပါဘူး။ ဒါကြောင့် လှည့်ထွက်လာခဲ့တော့သည်လေ။

အပေါ်ထပ်ကနေ လှေကားကိုအဆင်းမှာ လက်ထဲကိုင်ထားတဲ့ဖုန်းက အသံမြည်လာလေသဖြင့်…

"ဟယ်လို…အမိန့်ရှိပါရှင်"

"ဒီဖုန်းက ဒေါက်တာနွယ်ဇင်ဝင်းရဲ့ဖုန်း ဟုတ်ပါသလားရှင်"

"ဟုတ်ပါတယ်ရှင်…အခုပြောနေတာ ကျွန်မ ဒေါက်တာ နွယ်ဇင်ဝင်းပါရှင့်"

"ဪ…ဒေါက်တာ၊ ကျွန်မက မင်းလိုလူရဲ့အမေ ဝင့်နိုင်ဦးပါ။ ဒေါက်တာနဲ့ ဆွေးနွေးစရာလေးရှိလို့ပါ"

"ဟုတ်ကဲ့ ပြောပါ အစ်မ။ ကျွန်မ နားထောင်နေပါတယ်"

"ဒီလိုပါ ဒေါက်တာ၊ ကျွန်မသား မင်းလိုလူက ဒေါက်တာ ရဲ့သမီး စန္ဒာကူးကို မေတ္တာရှိနေလို့…အဲဒါ"

"ခဏ…အစ်မ"

ဒေါ်နွယ်ဇင်ဝင်းက ဒေါ်ဝင့်နိုင်ဦးစကားကို ဖြတ်ပစ်လိုက် သည်။ ပြီးမှ သူမပဲ စကားဆက်ပြီး…

"လူငယ်တွေရဲ့နှလုံးသားရေးကိစ္စမှာ ကျွန်မ ဘာမှဝင်မ ပါဘူး။ သမီး လက်ထပ်ချင်တဲ့သူ၊ သမီးချစ်တဲ့သူကို သမီး ဘာသာ ရွေးချယ်ပါလိမ့်မယ်"

ဒေါ်ဝင့်နိုင်ဦး မျက်ခုံးနှစ်ဖက် မြင့်တက်သွားလေ သည်။ သူတို့က ဒီလိုလား။ ဒီလိုဆိုတော့လည်း ရပါတယ်လေ

"ဒါဆိုရင်တော့ စိတ်မရှိပါနဲ့ ဒေါက်တာ။ ဒေါက်တာ





ကျွန်မ ဆက်ပြောစရာစကား မရှိတော့ဘူးပေါ့"

"သေချာတာပေါ့ အစ်မ၊ ကျွန်မသမီးရဲ့ဆန္ဒက အဓိကပါ"

"ကျေးဇူးပါ…ဒေါက်တာ"

ဒေါ်ဝင့်နိုင်ဦး ဖုန်းချပစ်လိုက်တော့သည်။ မောင်မောင် ခေးတာကို ဗျာမထူးတာနေပေါ့။ ကိုယ့်သားက အသည်းအသန် ဖြစ်နေတော့ နိုင်ရာကိုပဲ ကိုင်ရတော့မည်လေ။

မဆိုင်တဲ့ အပေါက်ကလိုင်နဲ့ ခေါက်တယ်ပဲပြောပြော မဆီ မဆိုင် လက်ပံပင်ဓားနဲ့ ချိုင်တယ်ပဲဆိုဆို…

မင်းလွှတ်လပ်နဲ့ စန္ဒာကူး ငြိနေကြတာဆိုတော့ မင်းလွှတ် လပ်ကိုပဲ ရှင်းထုတ်ရတော့မည်လေ။

ဒါကြောင့် မင်းလွှတ်လပ်ကိုပဲ ဖုန်းဆက်ခေါ်လိုက်တော့ သည်။

မင်းလွှတ်လပ် အိမ်ကိုရောက်လာတော့ မင်းလိုလူရော သူတို့အဖေရော လူစုံတက်စုံပါ။

"မေခိုင် ကျွန်တော့်ကို ဘာပြောစရာရှိလို့ခေါ်တာလဲ မေခိုင်"

"ပြောစရာက ရှင်းရှင်းလေးပါ။ မင်း စန္ဒာကူးနဲ့ မပတ် သက်ဖို့"

"ဗျာ"

"မင်း ဘာလို့ ငါ့သားနဲ့ ပြိုင်ချင်ရတာလဲ။ ဘယ်တော့မှ မနိုင်ဘူးဆိုတာကို မင်း မသိဘူးလား"

မင်းလွတ်လပ် စိတ်ထဲမှာ တင်းကနဲ ဖြစ်သွားလေသည်။ မနိုင်ဘူးတဲ့လား။

"အနိုင်အရှုံးနဲ့ သတ်မှတ်ရအောင် ဒါပြိုင်ပွဲမှမဟုတ်ဘဲ မေခိုင်။ ရင်ထဲက သူ့အလိုလိုဖြစ်ပေါ်လာတဲ့ ခံစားချက်ဆိုတာ တားဆီးပိတ်ပင်လို့မှ မရတာ။

"ဘာ"

"ဟော့ကောင်"

ထိုင်နေတဲ့ မင်းလွတ်လပ်ကို မင်းလိုလူက အင်္ကျီကုတ်ဆွဲပြီး ထရပ်ခိုင်းကာ…

"မင်းက ငါ့မမေကိုတောင် ပြန်ပြောရဲနေပြီပေါ့လေ ဟုတ်လား။ မင်း တော်တော်သတ္တိရှိနေလား…ဟော့ကောင် ပြောစမ်း"

"အဲဒါပဲ…သူတောင်းစား ထမင်းဝတော့ ဖရဲသီး ဘောလုံးလုပ်ကန်တယ်ဆိုတာလေ။ ငါမွေးတဲ့မျောက်က အခု တော့ ငါ့ကို ပြန်ခြောက်ပြီပေါ့"





ဒေါ်ဝင်းခိုင်ဦးရဲ့အသံက စာစာတက်လို့ပါ။ မင်းလိုလူက ည်း အံကြိတ်လျက်…

"မင်း ငါ့မျက်နှာကို သေသေချာချာ ကြည့်စမ်း… င်းလွတ်လပ်"

"သား"

ဦးကျော်ကျော်လွင် မင်းလိုလူ၏ပခုံးကို ဆုပ်ကိုင်ပြီး ာက်သို့ တွန်းပို့လိုက်ကာ…

"သား ဘာမှလုပ်စရာမလိုဘူး။ ဒီကိစ္စ ဖေဖေ ရှင်းမယ်"

မင်းလွတ်လပ် ဒီတစ်ခါ ရင်ဆိုင်ရသူက ဖေဖေပါ။ ဖေဖေ့ ကြည့်ရှုစူးစူးတွေကြောင့် ရင်ခုန်သံတွေ မြန်လာသည်လေ။ ဖေက ဘယ်လိုရှင်းမှာတဲ့လဲ။

"မင်းလွတ်လပ်"

"…………"

"မင်းက ကျွေးဖအေကို ပမာမခန့် ဆက်ဆံတယ်ပေါ့လေ။ တ်လား…ကျွေးတဲ့လက်ကို ပြန်ကိုက်တဲ့ ခွေးမသား"

"ခွပ်"

"အ"

"ခွပ်"

ပထမလက်သီးတစ်ချက်မှာ 'အ' ကနဲ အသံထွက်သွားပေမယ့် နောက်တစ်ချက် ထပ်ထိုးလေတော့ မင်းလွှတ်လပ် သတိထားပြီး မအော်မိအောင် အံကြိတ်ထားလိုက်သည်။

"ကျွေးကျွေးဇူးကိုမှမထောက်…မအေကလွဲရင် ဖအေလုပ်တဲ့လူကို စော်ကားတာ။ မင်းမျက်နှာကို ငါ မမြင်ချင်ဘူး။ ခုထွက်သွား"

မင်းလွှတ်လပ် မျက်ရည်မကျမိအောင် ထိန်းနေတဲ့ကြားက မျက်ရည်တွေက တားဆီးလို့မရပေ။

သြော်…သားချင်းအတူတူတောင် သာယာတဲ့နေရာလေးတစ်ကွက်တစ်ကွင်းကို အထင်ကရ ထင်ပြီး ကျေနပ်နေခဲ့ရတဲ့ကောင်က မင်းလွှတ်လပ်ပါလေ။

မင်းလွှတ်လပ်…

ခပ်တွေတွေ ရပ်နေဆဲမှာပဲ စောစောက လက်ထဲကနေလွင့်ကျသွားတဲ့ဖုန်းက အသံမြည်လာလေသည်။ မင်းလွှတ်လပ်ဖုန်းကို ကောက်မယ်လုပ်တော့ မင်းလိုလူက ဦးစွာ ကောက်ကိုင်လိုက်ပြီး…

"ဟယ်လို"

"မင်းလွှတ်လပ်"





တစ်ဖက်က ငိုသံပါနှင့်သာ…

"ငါ…ငါ…ပြင်ဦးလွင်ကို ပြန်တော့မယ်"

"အင်း"

"နင်…အခု ငါ့ဆီကို လာခဲ့ပေးပါ။ ခဏလေးဖြစ်ဖြစ် နင့်ကို ငါ တွေ့ပါရစေ"

စပီကာဖွင့်ထားသည်မို့ အားလုံးကြားနေရသည်လေ။ မင်းလိုလူက မင်းလွှတ်လပ်ကို ကြည့်လိုက်စဉ်မှာပဲ မင်းလွှတ်လပ်က မင်းလိုလူလက်ထဲကဖုန်းကို လုယူလိုက်ကာ…

"စိတ်ချ…အခု ငါ လာခဲ့မယ်…ကူးကူး"

"ဟုတ်ကောင်"

"အခု ငါ လာခဲ့မယ်"

"မင်း မသွားရဘူး"

"ဟယ်"

"မင်းလွှတ်လပ်"

အခြေအနေက ရှုပ်ထွေးသွားလေတော့သည်။ မင်းလွှတ်လပ်က ပြေးထွက်၊ မင်းလိုလူက တားဆီးလို့ပေါ့။ တားဆီးတဲ့မင်းလိုလူလက်ကို ဖယ်ချကာ မင်းလွှတ်လပ် ပြေးထွက်သွားလေတော့သည်။

မင်းလိုလူကလည်း သူငယ်ချင်းတစ်ယောက်ကို အလောတကြီးဖုန်းဆက်ကာ လာခဲ့ရဖို့လိပ်စာကိုပြောပြီး ကားနှင့်ထွက်သွားတော့သည်လေ။ တကယ့်ကို အနိုင်မခံ အရှုံးမပေးပါပဲ။





## အခန်း (၃၃)

ကူးကူးတို့ရှေ့ကိုရောက်လေတော့ မင်းလွတ်လပ် Taxi ပေါ်က ဆင်းလိုက်တာ ကသောကမျောနိုင်လွန်းလှသည်။

Taxi သမားကို ပိုက်ဆံမပေးဘဲ သွားမိလေတော့...

"ဟာ...ညီလေး...ဟေ့...ညီလေး"

"ဗျာ"

"အစ်ကို့ကို ကားခ မပေးရသေးဘူးကွ"

"အာ...ဟုတ်သားပဲ၊ ဆောရီး...အစ်ကိုရာ"

မင်းလွတ်လပ် ကိုယ့်ဇောနှင့်ကိုယ်မို့ ကူးကူးတို့ခြံရှေ့မှာ မင်းလိုလူရဲ့ကား ရပ်ထားတာကို သတိမထားမိပေ။ ကားခရှင်းပေးပြီး ခြံထဲဝင်ဖို့ လျှောက်လာခဲ့စဉ်...

"ဟော့ကောင်"

"ဟင်"

"မင်းက မိုးမမြင် လေမမြင် ဖြစ်နေပြီပေါ့လေ… ဟုတ်လား"

"မင်းလို"

"ခွပ်"

"အ"

"ငါ့ကို အနိုင်ယူချင်တဲ့ကောင်"

"ခွပ်"

"ဟင်"

မင်းလွတ်လပ်လာမယ့်အချိန်ကို မျှော်နေတဲ့ ကူးကူး တစ်ယောက် ဝရန်တာကနေ လမ်းကိုအကြည့် မြင်လိုက်ရတဲ့ မြင်ကွင်းကြောင့် မျက်လုံးပြာသွားသည်အထိ စိုးရိမ်ပူပန်မှုတို့ ဖြစ်သွားလေသည်။

ဒါကြောင့်…

ဝရန်တာကို ချက်ချင်း ကျောခိုင်းကာ အပေါ်ထပ်မှ ပြေးဆင်းလာခဲ့လေလျှင်…

"ဟဲ့…ဟဲ့…သမီး ဘယ်လိုဖြစ်လာတာလဲ"





မိခင်ဖြစ်သူမေးတာကို ကူးကူး ပြန်မဖြေနိုင်ပေ။ ခြံရှေ့သို့သာ အတင်းပြေးခဲ့ပြီး…

"လွတ်လပ်"

"………"

"မင်းလိုလူ…မလုပ်နဲ့နော်…မလုပ်နဲ့…အခုရပ်"

ကူးကူး အော်ပြောနေပေမယ့် အရာမထင်ပေ။

"ခွပ်"

"………"

"နိုင်ချင်သေးလား…ဟော့ကောင်၊ မင်း ငါ့ကို နိုင်ချင်သေးလား"

မင်းလွတ်လပ် သတိထားပြီး ခါးကို ပြန်မတ်လိုက်ကာ…

"ငါ သည်းခံနေတာကွ၊ မင်းမှာတင် လက်ပါတာမဟုတ်ဘူး…နားလည်လား"

"ဘာကွ…မင်းက"

"ခွပ်"

"အ"

မင်းလွတ်လပ် ဒီတစ်ခါတော့ မင်းလိုလူရဲ့လက်သီးကို ဖုတ်ထုတ်ပြီး ပြန်ထိုးလေတော့သည်။ မင်းလိုလူရဲ့သူငယ်ချင်းက

မင်းလွှတ်လပ်ဆီ ပြေးဝင်လေတော့ ကူးကူးလည်း ပြေးသွားကာ

"ဟီတ်"

"ခွပ်"

"အင့်"

"ဖုန်း"

"အ"

"ခွပ်"

"........"

"ခွပ်"

ကူးကူးက ဘယ်သူ့ကိုမှ ညှာတာထောက်ထားနေစရာ အကြောင်း မရှိဘူးလေ။ ဒါကြောင့် မင်းလိုလူရဲ့သူငယ်ချင်းကို လှဲသိပ်ပစ်လိုက်သည်။

"ကူးကူး"

ကူးကူး မင်းလွှတ်လပ်ရှေ့ကနေ ဝင်ရပ်လိုက်ကာ မင်းလိုလူကို ခပ်စူးစူး ကြည့်ပစ်လိုက်သည်။

"ကူးကူး...နင် ဖယ်နော်"

"မင်းလိုလူ...နင် ရှေ့တိုးရဲတိုးကြည့်"

"ကူးကူး...ဖယ်"





မင်းလွှတ်လပ်က ကူးကူးကို တွန်းဖယ်လိုက်ပေမယ့် ကူးကူးက ယိုင်သွားတဲ့ကိုယ်ကို ပြန်မတ်ပြီး မင်းလွှတ်လပ်ခါးကို ခပ်တင်းတင်း ဖက်လိုက်ကာ...

"လွှတ်လပ်"

"........."

"နင် ငါ့ကို ချစ်တယ်လို့ တစ်ခွန်းပဲပြော။ အရာရာကို ငါ ရင်ဆိုင်မယ်"

အခြေအနေက ပြောင်းပြန်ဖြစ်နေပါရောလား။ အဲဒီလိုမျိုး မင်းလွှတ်လပ် အဖြစ်မခံပါဘူး။ ဖြစ်သင့်ဖြစ်ထိုက်တဲ့အတိုင်းပဲ ဖြစ်ရမယ်လေ။ ကိုယ်က ကူးကူးကို မချစ်တာမှမဟုတ်တာ။

ဒါကြောင့်...

ကူးကူးလက်ကို ဖိဆုပ်လိုက်ပြီး...

"နင် ရင်ဆိုင်စရာ မလိုပါဘူး...ကူးကူးရယ်။ ငါ ယောကျ်ားပါ။ ဖြစ်လာသမျှကို ငါ ရင်ဆိုင်မယ်။ နင့်ကြောင့် ငါ သတ္တိရှိလာပြီ ကူးကူး"

"............"

"ချစ်တယ်...နင့်ကို ငါ အရမ်းချစ်တယ် ကူးကူး။ အားလုံးကို ငါ ရင်ဆိုင်တော့မယ်"

"ဩော်…မင်းက တော်တော်သတ္တိကောင်းနေတယ်ပေါ့ လေ…ဟုတ်လား မင်းလွှတ်လပ်"

"နင် ရှေ့မတိုးနဲ့နော်. မင်းလိုလူ၊ ဒီအချိန်မှာ ငါ အသက် ချင်းလဲရဖို့ ဝန်မလေးဘူး"

"ဟား"

"ကဲပါ မင်းလိုရာ…လာစမ်းပါ၊ မင်းအတွက် မိန်းမ မရှားဘူးကွ"

"တောက်"

သူငယ်ချင်းက အတင်းဆွဲခေါ်နေတော့ မင်းလိုလူ မခံချိ မခံသာနှင့် တောက်ခေါက်ကာ ထွက်သွားလေတော့သည်။

မင်းလွှတ်လပ်…

ကူးကူးဘက်သို့ လှည့်ရပ်လိုက်သည်။ ကိုယ့်ထက် သ ရှိတဲ့ ကူးကူးအချစ်ကို ဆက်ပြီး ဥပေက္ခာမပြုနိုင်တော့ပါဘူးလေ

"ကူးကူး"

"လွှတ်လပ်"

"နင်က ငါ့ကို သတ္တိရှိအောင် ခွန်အားတွေ ထည့်ပေးခဲ့ ပါဟာ။ နင့်ကို ငါ အရမ်းချစ်တယ်။ တို့နှစ်ယောက်ရဲ့အချစ်ခ လမ်းမှာ ဘယ်လိုအတားအဆီးတွေပဲရှိရှိ ငါ ရင်ဆိုင်မယ်။





ကျော်ဖြတ်မယ်ဟာ"

"တကယ်နော်"

"တကယ်ပေါ့"

ကူးကူးရဲ့နှုတ်ခမ်းသားလေးတွေ ပြုံးလာပြီး မင်းလွှတ်လပ် မျက်နှာကို မော့ကြည့်ကာ…

"တို့နှစ်ယောက် ချစ်သူအရာပြောက်ပြီပေါ့နော်"

"ဟင့်အင်း…ချစ်သူအရာ မပြောက်သေးဘူး"

"ဟင်…ဘာဖြစ်လို့လဲ"

"နင်က ငါ့ကို ချစ်တယ်လို့ မပြောရသေးဘူးလေ။ ငါကပဲ ပြောရသေးတာကို။ ကဲ…ပြော…ချစ်တယ်လို့"

"ခစ်…ခစ်"

ကူးကူး ရယ်လိုက်လေတော့…

"မရယ်နဲ့…ပြောဟာ…ချစ်တယ်လို့"

ကူးကူး မျက်လုံးလေးကိုမှိတ်၊ ခေါင်းလေးကို မော့ကာ…

"မင်းလွှတ်လပ်ကို အရမ်းချစ်တယ်။ ချစ်တယ်… ချစ်တယ်…ချစ်တယ်…ချစ်တယ်…အရမ်း…အရမ်းချစ်တယ်"

"ဟား…ကူးကူးရယ်"

မင်းလွှတ်လပ် ကူးကူးရဲ့ပါးပြင်လေးကို ငုံ့နမ်းလိုက်လေ

တော့သည်။

ပြီးတော့...

ကူးကူးကိုယ်လေးကို ဖက်ထားမိတာ လွတ်ထွက်သွားမှာ စိုးသည့်အလားနှယ်ပါ။

မင်းလွတ်လပ်အတွက်

အချစ်သည် ခွန်အား

အချစ်သည် သတ္တိ

အချစ်သည် ရဲရင့်ခြင်းကို ဖြစ်စေတော့၏။

*ပရိသတ်များကို ထာဝရချစ်ခင်လေးစားလျက်*

**မိုးစက်ပွင့်**

**၁၁-၁-၂၀၁[illegible]**

**Thu 8:59 AM**